# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(၈မှပဒ-၁၆)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့် တနလာနေ့။ Monday, 26 October 2026 ၁၂၄၄


ယနေ့ ဖတ်စရာ


**အွန်လိုင်းလိမ်လည်မှုကို နည်းပညာရှုထောင့်မှ သိရှိနားလည်ခြင်းနှင့် ကာကွယ်ခြင်း**
ဆောင်းပါး စာမျက်နှာ » ၆

**ရှေတိဂုံစေတီတော်မြတ်ကြီး၌ တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆီမီး ၁၁၁၁ စုပေါင်းထွန်းညှိ ပူဇော်ပွဲ ကျင်းပ**
စာမျက်နှာ » ၇

MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှု နည်းလမ်းများ အပိုင်း (၂)
ဆောင်းပါး စာမျက်နှာ » ၁၆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးက ချစ်သမျှကို(ပတ်ပျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ်တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိ တပ်နယ်အားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


## ပုသိမ်မြို့၌ သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ



ပုသိမ်မြို့၌ သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်တွင် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ပုသိမ် အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပုသိမ်မြို့၌ ၂၀၂၆ ခုနှစ်၊ သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမရှေ့ခင်းသာရင်ပြင်ရှေ့၌ ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဆုချီးမြှင့်ငွေများ ပေးအပ်ကာ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻





## အားကောင်းသောမုန်တိုင်းဝယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၅

အားကောင်းသောမုန်တိုင်းဝယ်အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းဝယ်သည် တောင်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းဝယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✷


## ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံ ဧက ၂၁၆၀၀ ကျော် လျာထားစိုက်ပျိုး

ကျွန်းလှ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၂၁၆၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


စာမျက်နှာ ၄ ကော်လံ ၄ သို့ ✻




# ထူးမြတ်သည့်သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကိုရည်စူး

သဗ္ဗညုတဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိသာနတ်ပြည်တွင် ခုနစ်ဝါမြောက်ဝါဆိုဝါကပ်တော်မူစဉ် မယ်တော်မိနတ်သားအမှူးထားသော နတ်ဗြဟ္မာများအား အဘိဓမ္မာတရားတော်ကို သုံးလတိတိ ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်ကို ပြီးပြည့်စုံစွာဟောကြားပြီးစီးခဲ့ပါသည်။ ထိုသို့ အဘိဓမ္မာတရားဟောကြားမှုပြီးပြည့်စုံသည့် သီတင်းကျွတ်လပြည့်နေ့ကို အမွမ်းတင်ပြီး ဗုဒ္ဓဘာသာဝင်အပေါင်းတို့က မြတ်ဗုဒ္ဓအား ပူဇော်နိုင်ရန်အတွက် သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့ နေ့ထူးနေ့မြတ်ကို ပညာရှိများကသတ်မှတ်ကာ ဘာသာရေးအခြေခံယဉ်ကျေးမှုအစဉ်အလာများ နှစ်စဉ်မပျက်ကျင်းပခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် တာဝတိသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွဆင်းလာသော အခါ မြတ်ဗုဒ္ဓက လောကဝိဝရဏတန်ခိုးတော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန် သတ္တဝါအချင်းချင်း အတားအဆီးမရှိမြင်တွေ့ရင်း မြတ်ဗုဒ္ဓကို ဖူးမြော်ခွင့်ရစေပါသည်။ မြန်မာ့ယဉ်ကျေးမှုပွဲတော် အစဉ်အလာအရ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်ဗုဒ္ဓ တာဝတိသာနတ်ပြည်မှ ကြွမြန်းလာသည်ကိုလည်းကောင်း၊ သိကြားမင်းစံရာ တာဝတိသာနတ်ပြည်ရှိ စူဋ္ဌာမဏိစေတီတော်ကို ရည်မှန်း၍လည်းကောင်း လူအများက ဆီမီးခွက်၊ ဖယောင်းတိုင်၊ ရောင်စုံမီးပုံးအလှများဖြင့် ထွန်းညှိပူဇော်ကြသည်၊ ယင်းကိုအကြောင်းပြု၍ သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)၊ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် နိုင်ငံတစ်ဝန်း၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ကျင်းပကြပါသည်။

ရှေးမြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များကိုကျင်းပရာ၌ မြတ်ဗုဒ္ဓ၏ တရားတော်များ၊ ဇာတ်တော်လာအဆုံးအမများ၊ အစဉ်အလာများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ အစဉ်အလာကောင်းသည့် ဘာသာရေးအခြေခံ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊ သီတင်းကျွတ်ဆီမီးထွန်းညှိပူဇော်ပွဲတော်၊ ပဝါရဏာနေ့နှင့် မြင်းမိုရ်မီးပူဇော်ပွဲတော်များကို စိတ်တူကိုယ်မျှ ပြုလုပ်ခဲ့ကြပါသည်။ မြင်းမိုရ်မီးပူဇော်ပွဲဆိုသည်မှာ မြင်းမိုရ်တောင်ပုံသဏ္ဌာန် ပြာသာဒ်၊ အာလိန်ငါးဆင့်နှင့် အောက်ခြေ၌ ဝက်ပါပတ်လမ်းများ တည်ဆောက်ပြီး မီးအလှထွန်း ပူဇော်ခြင်းဖြစ်ပါသည်။

အချို့ဒေသများတွင် သီတင်းကျွတ်လပြည့်နေ့ပင်ဖြစ်သော်လည်း သာမန်ဥပုသ်ရက်ကဲ့သို့ ဘုရားသွား၊ ကျောင်းတက်ပြုလုပ်ကြပါသည်။ မျက်မှောက်ကာလတွင် သူ့ထက်ငါ တစ်မူထူးကဲ၍ ရောင်စုံမီးထွန်းပူဇော်ကြပြီး အစဉ်အလာမပျက်ပြုလုပ်ကြသည့် သီတင်းကျွတ်ပွဲတော် ဆင်နွဲသည့်ဒေသများတွင် သီတင်းကျွတ်ဈေးရောင်းပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကြပါသည်။ အမှန်တကယ်တွင် သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် အဘိဓမ္မာတရားတော်ကို ရည်မှန်းပူဇော်၍လည်းကောင်း၊ မြတ်စွာဘုရားရှင်ကိုရည်မှန်း၍ ဆီမီးထွန်းပူဇော်၍လည်းကောင်း၊ မိဘ၊ ဆရာသမား၊ သက်ကြီးဝါကြီးများကို ပူဇော်ကန်တော့ခြင်းဖြင့်လည်းကောင်း၊ ဆွမ်းတော်ကြီးတင်ပူဇော်ခြင်းဖြင့်လည်းကောင်း၊ ပဝါရဏာပွဲ ပြုလုပ်၍လည်းကောင်း ကောင်းမှုအမျိုးမျိုးကို ပြုလုပ်သင့်ကြပါသည်။

ထေရဝါဒဗုဒ္ဓဘာသာအခြေခံ အခါတော်နေ့များတွင် အစဉ်အလာအရ ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲတော်များကျင်းပကြသည်မှာ အများပြည်သူအတွက် စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း အခါတော်နေ့၏အနှစ်သာရ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် ခွဲခြား၍မရဘဲ ပြည်ထောင်ဖက်ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသိဉာဏ်ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကိုအခြေခံပြီး ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို တည်ဆောက်ထားခြင်းဖြစ်၍ မူလအနှစ်သာရ မပျောက်ပျက်ဖို့လိုပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ၏ကျေးဇူးကြောင့် စာပေနှင့် ယဉ်ကျေးမှုတိုးတက်မြင့်မားလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော သီတင်းကျွတ်ပွဲတော်ဆင်နွဲသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအခါသမယတွင် ဘာသာရေးအရ အနှစ်သာရရှိသည့် အစဉ်အလာ ယဉ်ကျေးမှုများ မမေ့မပျောက်စေဘဲ အပျော်လည်းမပျက် ကောင်းမှုဖက်သည့် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးကြရမည်ဖြစ်ပါသည်။ အနာဂတ်သာသနပါလမျိုးဆက်များအား ဘာသာရေးအခြေခံယဉ်ကျေးမှုများ မပျောက်မပျက်စေဘဲ ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် အနှစ်သာရပြည့်ဝသည့် ဘာသာရေးယဉ်ကျေးမှုများ အားကောင်းလာစေရန် လမ်းမှန်ညွှန်ပြ၍ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ ၁၃၈၈-၁၃၈၉ (၂၀၂၆-၂၀၂၇) ပညာသင်နှစ် အတွက် သာသနတက္ကသီလ ဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏ စာသင်တန်း၊ သကျသီဟ စာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်)သို့ တက်ရောက်လိုပါက သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ သကျသီဟ ဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာ၊ အဘိဓမ္မာဆိုင်ရာ (၅) ပုစ္ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုစ္ဆာ၊ အထွေထွေဗဟုသုတ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု စုစုပေါင်း မေးခွန်းလွှာနှစ်ခုကို နှစ်ရက်ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ၊ (ခ) ဝါကျသဒ္ဒါ၊ (ဂ) အဓိပ္ပာယတ္ထ၊ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် (၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်) ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၈ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်) သောကြာနေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈) နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ သုတ၊ ရသစာပေ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**



ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် သုတ၊ ရသစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အသင်းတွဲဖက်အတွင်းရေးမှူး (ရွှေဘုတ်-အင်းစိန်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသက်တင်(မောင်သာတင့်-မြန်အောင်)နှင့် အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီး) တို့က အလိမ္မာစာမှာရှိ ဆိုသည့်စကားအတိုင်း ကျောင်းသားလူငယ်များ ယဉ်ကျေးလိမ္မာရှိစေရေး၊ သားကောင်း သမီးကောင်း ရတနာများပေါ်ထွန်းရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သုတ၊ ရသစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို လစဉ်ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)က မြန်မာစာပေ သမိုင်းကြောင်းနှင့် သုတ၊ ရသစာပေများ အကြောင်းကို ဆွေးနွေးတင်ပြပြီး သမိုင်းမြို့မ - ဘုန်းတေဇ၊ စိန်ညိုမင်း (ထန်းတပင်)၊ မောင်ပန်းဝေ (ညောင်တုန်း) တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ၂၅ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း** | - ခင်မို့မို့အောင်၊ |
| **စာတည်းမှူး** | - အေဝမ်းစိုး | **သတင်းထောက်များ** | ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **အငယ်တန်း** | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | | **သတင်းထောက်များ** | ခင်သက်မွန်၊ မြသီတာ |
| | | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**✪ ရှေ့ဖုံးမှ**

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက တီးလုံးတီးကွက်များနှင့် စည်းကိုက်ဝါးကိုက် ခေါင်းခါးခြေလက် ပိုင်နိုင်စွာဖြင့် လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၊ မျက်နှာသွင်ပြင်ဟန်ပန် သေသပ်မှုတို့ဖြင့် လည်းကောင်း တစ်ဦးချင်းစီအလိုက် ပါဝင်ယှဉ်ပြိုင်ကပြနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသိရိ တပ်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက ချစ်သမျှကို(ပတ်ပျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့်လာရောက် အားပေးကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အဖွဲ့ဝင်များ လိုက်ပါ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိလဟာပြင်ကဇာတ်ရုံ၌ ယှဉ်ပြိုင်လျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "ဝိဓူရ" ဇာတ်တော်ကြီး ကပြ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ် ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပရိသတ်များနှင့် အတူ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိဓူရ" ဇာတ်တော်ကြီး ကပြ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနှိမ့်အမြင့်အလိုက် ရှေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် "အဝိုပညာ"ရပ်နှင့် နားထောင်ရသူ စွဲမက်စေမည့် "အပြောပညာ" ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက် မှန်ကန်စွာ မြန်မာ့ရိုးရာ သဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဝိဓူရ ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင်အခြေခံသော ပညာ၏အကျိုးကျေးဇူးများကိုသိရှိသဘောပေါက်ကြစေရန်၊ သာဓုခေါ်ရတနာလေးပါး အကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့် မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကိုပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေ့ရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်းနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် ဇရောတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးကြစဉ်။

❒ ကျောဖုံးမှ

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ နှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီ အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကြီးကြပ်အုပ်ချုပ်သူ များ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အဖွဲ့များမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မဟေမာန်ကျော်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး က အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြသူများကို ဆုချီးမြှင့် ဂုဏ်ပြုသည့်အခမ်းအနားတစ်ခုသာမက မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထား မြတ်နိုးကြသူများ၏ ကြိုးစားအားထုတ် မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိ အမှတ်ပြုအားပေးသည့် အခမ်းအနား ဖြစ်ကြောင်း၊ ယခုရရှိသည့်ဆုများသည် မိမိတို့၏ပင်ကိုအရည်အချင်း၊ လေ့ကျင့် အားထုတ်မှုနှင့် ဇွဲလုံ့လများကို အသိအမှတ်ပြုမှုတစ်ရပ် ဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာ သင်ယူပြီး ပိုမိုတိုးတက်အောင် ကြိုးစား သွားကြရန်အတွက် တွန်းအားတစ်ရပ် ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အနုပညာလောကတွင် အောင်မြင်မှုသည် ဆုတံဆိပ်ရရှိခြင်း တစ်ခုတည်းဖြင့် တိုင်းတာ၍မရဘဲ ပညာရပ်ကို နက်နက် ရှိုင်းရှိုင်း နားလည်တတ်မြောက်မှုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြု နိုင်မှုတို့ဖြင့် တိုင်းတာကြရမည် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် အဆို မဟာဂီတပြိုင်ပွဲ အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မောင်ပြည့်စုံလင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်း သားလူမျိုးများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာ အနုပညာများကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်မျှဝေခြင်းနှင့် တန်ဖိုးထား လေးစားခြင်းတို့သည် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်မာစေရန် အထောက် အကူပြုကြောင်း၊ အနုပညာသည် ဘာသာ စကားနှင့် ဒေသကွာခြားမှုများကို ကျော်လွန်ပြီး လူတို့၏စိတ်နှလုံးကို ဆက်သွယ်ပေးနိုင်သည့် တံတားတစ်စင်း လည်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲက ရရှိ သည့် အတွေ့အကြုံကောင်းများကို အခြေခံပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးက ပိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့် မောင်မောင်၊ ဒုတိယဆုရရှိသည့် ကရင် ပြည်နယ်မှ မောင်ဝင်းညီညီ၊ ပူးတွဲတတိယ ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်သိန်းဦးနှင့် တနသံာရီ တိုင်းဒေသကြီးမှ မောင်ဖုန်းမြင့်မြတ်တို့ကို လည်းကောင်း၊ အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူး တိုင်းဒေသကြီးမှ မဟေမာန်ကျော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မှ မဖြိုးဇင်မီကျော်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်ဦး တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ် များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဆို မဟာ ဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက အဆို ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အဆို ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဆို ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများက အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊(အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် များတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူ များက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန အနုပညာဦးစီး ဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာ အဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိကြသည့် ပြိုင်ပွဲဝင်များအား ပထမဆု ၈၆ ဆု၊ ဒုတိယဆု ၈၃ ဆုနှင့် တတိယဆု ၈၁ ဆု စုစုပေါင်း ဆု ၂၅၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း အဆို ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မမေခဇင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

❋ ပုသိမ်မြို့မှ

ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး သည်။

သီတင်းကျွတ်ပွဲတော်အထိမ်းအမှတ် တေးဂီတဖျော်ဖြေ ပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံကျော်တေးသံရှင်များ ပါဝင်သော ဖျော်ဖြေရေးအဖွဲ့များက ညစဉ် ၇ နာရီမှ ၁၁ နာရီအထိ သီဆို ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် ဈေးရောင်းပွဲတော်တွင် ဈေးဆိုင်ခန်း ၆၀ ဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချပေးသွား မည်ဖြစ်သည့်အပြင် ရှုခင်းသာရင်ပြင်ရှေ့တွင် မီးပေါင်းခုံးများ၊ မီးအလှဆင်အရုပ်များနှင့် ကမ်းနားလမ်းတစ်လျှောက် ရေပေါ် ဈေးမှ ကျောက်ထီးအထိ ရောင်စုံအလှမီးများ ထွန်းညှိခြင်း၊ Jetty များတွင် အလှဆင်မီးများ ထွန်းညှိခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် သခင်ဖိုးလှကြီးလမ်း ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲ၊ ပုသိမ်မြို့ အမှတ်(၇)ရပ်ကွက် ရာမညလမ်းမကြီး (၃)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတို့ကို တက်ရောက်ဖွင့်လှစ်ပေး သည်။

ထို့အတူ တရုတ်ကုန်း အမှတ်(၁၃၇) အခြေခံပညာ မူလတန်းကျောင်းနှင့် တန်တစ်ရာဆန်စက်ဝင်းအတွင်း စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကော်ဖတ်ကြိတ်စက်ဖြင့် ကော်ဖတ်များ ထုတ်လုပ်ဆောင်ရွက် သွားမည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❋ ကျွန်းလှမြို့နယ်မှ

ပဲမျိုးစုံလျာထားစိုက်ပျိုးမှုအနေဖြင့် မတ်ပဲ ၁၁၄၀၆ ဧက၊ ထောပတ်ပဲ ၂၁ ဧက၊ ကုလားပဲ ၂၄၅ ဧက၊ စားတော်ပဲ ၇၃၄၂ ဧက၊ စွန်တာပြာ ၂၁၃၆ ဧက စုစုပေါင်း ၂၁၆၁၅ ဧကဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံစိုက်ပျိုးဖို့ ၂၁၆၁၅ ဧကလျာထားတဲ့အနက် ၂၈၀၄ ဧကစိုက်ပျိုးပြီးဖြစ်ပါတယ်။ အရင်နှစ်က ၂၁၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျအချိန်ကိုက်စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလျက် ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

**ရန်ကုန် အောက်တိုဘာ ၂၅**

ဘင်္ဂလားရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ဘင်္ဂလားရုစ်နိုင်ငံသို့ သွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ဘင်္ဂလားရုစ်နိုင်ငံ မင့်စ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့ကို ဘင်္ဂလားရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK၊ ဘင်္ဂလားရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ည၌ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဧမျူဇီရှိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသား လူငယ်များအား မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်း



ဆိုင်ရာ အချက်အလက်များကို လေ့လာ သိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဧမျူဇီရှိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များ နှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

**✷ အားကောင်းသောမှ**

အဆိုပါ အားကောင်းသောမုန်တိုင်းယင်းသည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၁၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၂၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းယင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသော မုန်တိုင်းယင်း၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသော မုန်တိုင်းယင်းသည် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၀ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်း ခန့်ဖြစ်သည်။

**နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသော မုန်တိုင်းယင်းသည် အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် သို့လည်းကောင်း ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရန်မကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသော မုန်တိုင်းယင်း၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းယင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု နိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ယုံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/၈လ**

**၂၅-၁၀- ၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းယင်းလမ်းကြောင်းပြမြေပုံ**

# အွန်လိုင်းလိမ်လည်မှုကို နည်းပညာရှုထောင့်မှ သိရှိနားလည်ခြင်းနှင့် ကာကွယ်ခြင်း

ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ နေ့စဉ်လူမှုဘဝများသည် စမတ်ဖုန်းနှင့် အင်တာနက်တို့အပေါ်တွင် ပိုမိုမှီခိုလာကြရပါသည်။ သို့သော် ထိုတိုးတက်မှုနှင့်အတူ **အွန်လိုင်းလိမ်လည်မှုများ (Online Scams)** သည်လည်း ပိုမိုဆန်းပြားပြီး အန္တရာယ်ကြီးမားလာပါသည်။ ယခင်ကကဲ့သို့ ရိုးရှင်းသောလိမ်လည်မှုမျိုးမဟုတ်တော့ဘဲ လူသားတို့၏စိတ္တဇဖေနှင့် အဆင့်မြင့် နည်းပညာများကိုပေါင်းစပ်ကာ အများပြည်သူ၏ ငွေကြေးနှင့် အချက်အလက်များကို လိမ်လည်ရယူနေကြပြီဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့၏ လုပ်ငန်းခွင်၊ မိသားစုနှင့် ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် အွန်လိုင်းလိမ်လည်သူများ အသုံးပြုလေ့ရှိသည့် နည်းပညာရပ်များနှင့် ၎င်းတို့ကို မည်သို့ကြုံတင်ကာကွယ်ရမည်ကို အများပြည်သူသိရှိစေရန် နည်းပညာရှုထောင့်မှ ရှင်းလင်းတင်ပြအပ်ပါသည်။

**အွန်လိုင်းလိမ်လည်သူများ အသုံးပြုသော အဓိကနည်းပညာနှင့် ဗျူဟာများ**

အွန်လိုင်းလိမ်လည်သူများသည် အသုံးပြုသူများ၏အကောင့်များကို ဖောက်ထွင်းရန် သို့မဟုတ် ငွေကြေးရယူရန်အတွက် အဓိကနည်းလမ်း လေးခုကို အသုံးပြုလေ့ရှိကြပါသည်။

**(က) ဝက်ဘ်ဆိုက်အတုဖြင့် မျှားခြင်း**

ဤနည်းလမ်းသည် အွန်လိုင်းပေါ်တွင် အသုံးအများဆုံး လိမ်လည်နည်းဖြစ်ပါသည်။ လိမ်လည်သူများက အများပြည်သူယုံကြည်ရသော ဘဏ်၊ အစိုးရဌာန သို့မဟုတ် လူမှုကွန်ရက်ကုမ္ပဏီကြီးများ (ဥပမာ- KBZPay၊ WaveMoney) အဖြစ် အယောင်ဆောင်၍ မက်ဆေ့ချ် သို့မဟုတ် အီးမေးလ်များ ပေးပို့ခြင်းဖြစ်ပါသည်။

"အကောင့်ပိတ်တော့မည်" သို့မဟုတ် "ကံစမ်းမဲဆုရွေးကောက်သည်"ဟု အကြောင်းပြကာ လင့်ခ် (Link) တစ်ခုကို နှိပ်ခိုင်းတတ်သည်။ ထိုလင့်ခ်သည် မူရင်းဝက်ဘ်ဆိုက်အစစ်နှင့် တစ်ထေရာတည်း တူအောင် ပြုလုပ်ထားသော ဝက်ဘ်ဆိုက်အတု (Fake Website) ဆီသို့ ရောက်ရှိသွားစေပြီး အသုံးပြုသူက ၎င်း၏ Password သို့မဟုတ် PIN နံပါတ်များကို ရိုက်ထည့်လိုက်သည်နှင့် ထိုအချက်အလက်များက လိမ်လည်သူများလက်ထဲသို့ အလိုအလျောက် ရောက်ရှိသွားစေသည့်နည်းလမ်းဖြစ်ပါသည်။

**(ခ) လူမှုအင်ဂျင်နီယာအတတ် (စိတ်ပညာ) ဖြင့် လှည့်စားခြင်း**

နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်ကို ရှာဖွေခြင်းမဟုတ်ဘဲ လူသားတို့၏ စိတ်ခံစားချက်များဖြစ်သည့် ကြောက်ရွံ့ခြင်း၊ လောဘကြီးခြင်း၊ ယုံလွယ်ခြင်းတို့ကို အသုံးချသည့်နည်းလမ်းဖြစ်ပါသည်။

တယ်လီဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်ကာ "ငွေခိုးမှုတွင် ပါဝင်ပတ်သက်နေသဖြင့် အကောင့်ကို စစ်ဆေးရမည်"ဟု ခြိမ်းခြောက်ခြင်း သို့မဟုတ် "ရင်းနှီးမြှုပ်နှံပါက အချိန်တိုအတွင်း အမြတ်အစွန်းများစွာရမည်"ဟု မက်လုံးပေးခြင်းမျိုးဖြစ်ပါသည်။ လူသားသဘာဝအရ ထိတ်လန့်ခြင်း သို့မဟုတ် လောဘတက်ခြင်း ဖြစ်ပေါ်လာချိန်တွင် ဆင်ခြင်တုံတရား နည်းပါးသွားတတ်သည်ကို အခွင့်ကောင်းယူ၍ လှည့်စားခြင်းဖြစ်သည်။

**(ဂ) မဲလ်ဝဲနှင့် ဗိုင်းရပ်စ်များ (Malware and Spyware)**

အသုံးပြုသူ၏ဖုန်း သို့မဟုတ် ကွန်ပျူတာအတွင်း သို့ ခိုးဝင်ကြည့်ရှုနိုင်သည့် ဆော့ဖ်ဝဲလ်အဆိပ်အတောက်များ ထည့်သွင်းသည့်နည်းလမ်းဖြစ်သည်။

"ရုပ်ရှင်နှင့် ကာတွန်းကားများကို အခမဲ့ကြည့်ရှုနိုင်ရန်" သို့မဟုတ် "ဂိမ်းများ ဆော့ကစားနိုင်ရန်"ဟုဆိုကာ တရားဝင်မဟုတ်သော ပြင်ပမှဟု ချက်ချင်းသံသယဝင်သင့်ပါသည် –

**(က) အရေးတကြီး လုပ်ဆောင်ခိုင်းခြင်း။** "ယခုချက်ချင်း မလုပ်ဆောင်ပါက အကောင့်ပိတ်မည်" သို့မဟုတ် "အချိန်တိုအတွင်း ငွေမလွဲပါက အရေးယူမည်" စသည်ဖြင့် အချိန်မီမပေးဘဲ လောဆော်ခြင်းမျိုး ဖြစ်ပါသည်။

**(ခ) ကိုယ်ရေးအချက်အလက် တောင်းခံခြင်း။** မည်သည့် ဘဏ်နှင့် အဖွဲ့အစည်းကမျှ အသုံးပြုသူ၏ Password၊ OTP (One-Time Password) သို့မဟုတ် PIN နံပါတ်များကို ဖုန်းဆက်၍ဖြစ်စေ၊ မက်ဆေ့ချ်ဖြင့်ဖြစ်စေ တောင်းခံလေ့မရှိပါ။ ထိုသို့တောင်းခံလာပါက သတိပြုရပါမည်။

> **"နည်းပညာသည် လူသားတို့၏ဘဝကို လွယ်ကူချောမွေ့စေရန် ဖန်တီးထားခြင်းဖြစ်သော်လည်း သတိလက်လွတ်ဖြစ်ပါက မသမာသူတို့၏ လက်နက်ဖြစ်သွားနိုင်ပါသည်။ အွန်လိုင်းလိမ်လည်မှုများ၏ရန်မှ ကာကွယ်ရာတွင် အသုံးပြုသူ မိမိကိုယ်တိုင်၏ နည်းပညာအသိနှင့် သတိ (Digital Literacy & Awareness) ကသာ အထိရောက်ဆုံးသော ဒိုင်းလွှားဖြစ်ပါသည်။ အလွယ်လမ်းဖြင့် ငွေမရှာခြင်း၊ အရေးကြီးအချက်အလက်များကို လျှို့ဝှက်ထားခြင်းနှင့် မသေချာသောလင့်ခ်များကိုမနှိပ်ခြင်း စသည့် အခြေခံအလေ့အကျင့်များကို စွဲမြဲစွာလိုက်နာခြင်းဖြင့် ဘေးကင်းလုံခြုံသော ဒီဂျစ်တယ်လူမှုဝန်းကျင်တစ်ခုကို အတူတကွတည်ဆောက်သွားကြရမည်"**

**အများပြည်သူအတွက် အခြေခံလိုက်နာရန်အဆင့် သုံးဆင့်**

အွန်လိုင်းပေါ်တွင် မသက်ဖွယ်ရာတစ်ခုခုနှင့် ကြုံတွေ့ရပါက အောက်ပါအဆင့်များအတိုင်း သတိပြုဆောင်ရွက်ရပါမည် –

**(၁) ရပ်တန့်ပါ (Stop)။** ၎င်းတို့ခိုင်းစေသည့်အတိုင်း ချက်ချင်းမလုပ်ဆောင်ဘဲ ခေတ္တရပ်ဆိုင်း၍ စဉ်းစားပါ။

**(၂) စစ်ဆေးပါ (Check)။** သက်ဆိုင်ရာကုမ္ပဏီ သို့မဟုတ် ဘဏ်၏ တရားဝင်ဖုန်းနံပါတ်၊ ရုံးခွဲများသို့ ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ်မေးမြန်းပါ။

**(၃) ကာကွယ်ပါ (Protect)။** မသက်ဖွယ်ရာ အကောင့်များကို ပိတ်ဆို့ Block ပြုလုပ်ပါ၊ Report တိုင်ကြားပါ။ မိမိ၏ လျှို့ဝှက်ချက်များကို လုံးဝမျှဝေခြင်းမပြုပါနှင့်။

နည်းပညာသည် လူသားတို့၏ဘဝကို လွယ်ကူချောမွေ့စေရန် ဖန်တီးထားခြင်းဖြစ်သော်လည်း သတိလက်လွတ်ဖြစ်ပါက မသမာသူတို့၏ လက်နက်ဖြစ်သွားနိုင်ပါသည်။ အွန်လိုင်းလိမ်လည်မှုများ၏ ရန်မှ ကာကွယ်ရာတွင် အသုံးပြုသူ **မိမိကိုယ်တိုင်၏ နည်းပညာအသိနှင့် သတိ** (Digital Literacy & Awareness) ကသာ အထိရောက်ဆုံးသော ဒိုင်းလွှား ဖြစ်ပါသည်။ အလွယ်လမ်းဖြင့် ငွေမရှာခြင်း၊ အရေးကြီးအချက်အလက်များကို လျှို့ဝှက်ထားခြင်းနှင့် မသေချာသောလင့်ခ်များကိုမနှိပ်ခြင်း စသည့် အခြေခံအလေ့အကျင့်များကို စွဲမြဲစွာလိုက်နာခြင်းဖြင့် ဘေးကင်းလုံခြုံသော ဒီဂျစ်တယ်လူမှုဝန်းကျင် တစ်ခုကို အတူတကွ တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

**ကိုးကား – ဤဆောင်းပါးပါ နည်းပညာဆိုင်ရာ လုံခြုံရေးလမ်းညွှန်ချက်များကို အမျိုးသားအဆင့် မြန်မာဆိုက်ဘာအရေးပေါ်တုံ့ပြန်ရေးဌာနခွဲ (mmCERT) ၏ ဆိုက်ဘာသတိပေးချက်များနှင့် နိုင်ငံတကာနည်းပညာကုမ္ပဏီကြီးများဖြစ်သည့် Google၊ Meta တို့၏ နည်းပညာစံနှုန်းများအပေါ် အခြေခံ၍ ပြုစုရေးသားထားခြင်းဖြစ်ပါသည်။**

# ဧမ္မူသိရိမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မူသိရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စူပါအယ်လ်ကီညီဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးသတ်မူရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွက် ဧမ္မူသိရိမြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ဧမ္မူသိရိမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးရာဇမင်းမြတ်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေး အခြေအနေများကို စစ်ဆေးခဲ့ပြီး မီးသတ်မူရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်း ထွန်းညှိပူဇော်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ရာဟုထောင့် ထီးတော်ရုံ တန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေတိဂုံစေတီတော် ရင်ပြင်၌ ကျင်းပသည့် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော် ဆက်ကပ်ပွဲနှင့် ဆီမီး ၁၁၁၁၁ စုပေါင်း ထွန်းညှိပူဇော်ဆက်ကပ်ပွဲသို့ တက်ရောက်ကြသည်။

ပူဇော် ဆက်ကပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း စုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့် အောင်မြေအနီးရှိ ချမ်းသာကြီး တန်ဆောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကြပြီး အခမ်းအနား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့အတူ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို စေတီတော်ကြီး ရာဟုထောင့် အောင်မြေအနီးရှိ ချမ်းသာကြီး တန်ဆောင်းတွင် ယနေ့မှ အောက်တိုဘာ ၂၇ ရက် အထိ သုံးရက်တိုင်တိုင် ထွန်းညှိပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(MNA)**

# သီတင်းကျွတ်အဖိတ်နေ့တွင် တာချီလိတ်ရွှေတိဂုံစေတီတော်၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**တာချီလိတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ဦးဆောင်ကျင်းပသော သီတင်းကျွတ်အဖိတ်နေ့ ကုသိုလ်ပြုလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီရင်ပြင်တော်၌ ကျင်းပသည်။

ကုသိုလ်ပြုလှူဒါန်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ တာချီလိတ်တပ်နယ်မှတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များက မဟာဂန္ဓာရုံ ရွှေစေတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်း၊ ခဲဖွယ် အစရှိသော ပစ္စည်းလေးပါးတို့ကို လောင်းလှူကြသည်။

ယခုကဲ့သို့ ကုသိုလ်ပြုလှူဒါန်းခြင်းများကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဝါတွင်းကာလတစ်လျှောက်လုံး ပြုလုပ်လှူဒါန်းခဲ့ပြီး အဖိတ်နေ့တွင် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်သူများက ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူခြင်း၊ ဇီဝိတဒါန ၄က်လွှတ်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**





# မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော် (၁၅၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**မုဒုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီး စေတီတော်မြတ်ကြီး (၁၅၂) ကြိမ်မြောက် သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကန်ကြီး မင်္ဂလာကန်တော်၌ ကျင်းပသည်။

ဦးစွာ ကန်ကြီးစေတီ ဩဝါဒါ စရိယဆရာတော် ဘဒ္ဒန္တကေတုဝါရနှင့် ဂေါပကအဖွဲ့ဝင်များသည် ကန်ကြီးစေတီတော်နှင့် မင်္ဂလာကန်တော်အား ရှိခိုးဦးတိုက် ကန်တော့၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်သည်။ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် မုဒုံမြို့ပေါ် ရပ်ကွက်များမှ လှေလှော်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် ကောင်းအိမ်သူ လှေလှော်အသင်းနှင့် မုဒုံမြေလှေလှော်အသင်းတို့က ယှဉ်ပြိုင်လှော်ခတ်ကြသည်။

**ပေးအပ်**

လှေလှော်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပပြီး ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ည ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် စည်ကား

**တွံတေး အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် ယနေ့ညပိုင်းက ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

တွံတေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး သီတင်းကျွတ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးလာပြည်သူအပေါင်းက မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်ကြပြီး ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်နှစ်တိုင်း အနယ်နယ်အရပ်ရပ်မှ ဘုရားလာကြသည့် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးကို အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရန် ရွှေဆံတော်စေတီတော်မြတ်ကြီး သီတင်းကျွတ်လပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများနှင့် ဇာတ်ပွဲများ ပါဝင်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



**☆ မြန်မာအမျိုးသမီးလိဂ်မှ**

ဇွဲကပင်ယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ပဒေသာကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ပဒုမ္မာကွင်း၌ Young Lionesses အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းကို ထပ်မံစမ်းသပ်မည့် ပွဲဖြစ်ပြီး အနိုင်ရပါက ချန်ပီယံဆုတစ်ကျော့ပြန်ရယူနိုင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ဒုတိယနေရာမှ ဧရာဝတီအသင်းမှာလည်း အား/ကာသိပ္ပံအသင်းနှင့် ငါးမှတ်ကွာဟနေပြီဖြစ်သော်လည်း ချန်ပီယံဆုကာကွယ်ရေး လက်ကျန်မျှော်လင့်ချက် အတွက် လက်ကျန်ပွဲများတွင် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသည်။

ပွဲစဉ် (၁၀) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၈ မှတ်၊ ဧရာဝတီအသင်းက ၂၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၂ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းက ခုနစ်မှတ်စီ ရရှိထားကာ ရန်ကုန်စီးတီးအသင်းသည် ၁၀ ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ



"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မခြူးကလျာသိုက်ထွန်း(ခ)ခင်ဦးမေစင် ယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးနိုင်လင်း ယှဉ်ပြိုင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခြည်ပန်းထောင်ကွန့်စက်နေရံ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ညီတော်မင်းနန်"(ဝင်းဦး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖန်တီးသူတို့အပြုံးများ" (ဂီတလှလင် မောင်ကိုကို) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်ခိုရေးစခန်း ဆင်ဖြူရှုခ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း စည်းချက်မှန်ကန်သည်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲဇော်ထွန်း(ခ)ဗိုလ်ကွန်းမူ၊ ကိုယ်ဟန်အမူအရာနှင့် အနုပညာ ခံစားချက်တို့ကို ပေါင်းစပ်တင်ဆက်ကာ မိမိတို့၏ အကပညာစွမ်းရည်ကို ပြသယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သုံးပါးမြတ်ရတနာ" ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်မင်း ရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆုံးဖြတ်ချက်" (ဗိုလ်ကြီးမောင်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟောမာန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၉ သို့ ☆**



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်( ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်မြမြငင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဒေါ်နှင်းနှင်းဝေ ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၈ မှ

ပလွေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဉ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။



နဲ့ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မဝေဝေဖြိုး ယှဉ်ပြိုင်စဉ်။

တယော အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဓာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါအေးမြ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရား အတီးပြိုင်ပွဲကို နေပြည်တော် တည်ဒိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သေနင်္ဂံအမည်" (မိုးဘွဲ့ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းမြိုင်လယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



စန္ဒရားအတီး အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ရုပ်ရှင်သင်္ဘ အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်ရှင်သင်္ဘအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု သိရိဥဿာရုပ်စုံ အဖြင့်သင်္ဘအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သင်္ဘမာန်ဟုန် ရွှေရန်ကုန် ဇာတ်သင်္ဘအဖွဲ့က မူရင်းဇာတ်တော်ကြီး၏အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ဝို၊ ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှု တို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ဇာတ်တော်ကြီးအဖွဲ့ လိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သင်္ဘမာန်ဟုန် ရွှေရန်ကုန် ဇာတ်သင်္ဘအဖွဲ့ ယှဉ်ပြိုင်စဉ်။

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မြန်မာ့ရိုးရာပွဲစေး စာနယ်ဇင်းရှင်းလင်း



**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲစေး ကျင်းပရေးခင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ LOTTE HOTEL ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲစေး ကျင်းပရေးခင်းနှင့်ဝပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပွဲတော်ကို နိဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ "မြန်မာ့ရိုးရာပွဲစေး" အမည်ဖြင့် ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Hotel ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC)၌ ကျင်းပမည်ဖြစ်သည်။

ပွဲတော်ကို နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ်ပြုလုပ်နည်း သရုပ်ပြပွဲများ၊ စကားပိုင်းများ၊ စမ်းရေမိုး ဇာတ်ပွဲနှင့် Project K အဖွဲ့ ဖျော်ဖြေပွဲများ၊ တိုင်းရင်းသားပဒေသာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပွဲစေးတွင် ဆိုင်ခန်းပေါင်း ၁၅၅ ခန်းကို ဇုန်သုံးခုခွဲ၍ ဇုန်(A) ပွဲစေးတန်းတွင် အစားအသောက်များ Fast Food၊ ဇုန်(B)စေးတန်းတွင် ဒေသအသီးသီး၏ စားသောက်ကုန်များ၊ ဇုန်(C)တွင် တိုင်းရင်းသားဒေသအသီးသီးမှ ထွက်ကုန်နှင့် လူသုံးကုန်အမျိုးမျိုး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲတွင် ပြည်သူများဖြင့် အထူးစည်ကား



**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ပန်းခြံ၌ ကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး သီတင်းကျွတ်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကြီးတွင် ပြည်သူများ တစ်ခဲနက် လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)၊ သမဝါယမလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများအပြင် စာအုပ် အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၆၂၈ ခန်း ကျော်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်စတုဒိသာ ကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ပြည်သူများအတွက် စျေးဝယ်ယူစားသုံးရေး အဆင်ပြေစေသည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများနှင့် ပြည်တွင်းထုတ်ကုန်များကို ပိုမိုမိတ်ဆက်မြှင့်တင်ပေးနိုင်သည့် ပွဲတော်တစ်ရပ်လည်းဖြစ်သည်။ ညအချိန်တွင်ရောင်စုံအလှမီးများ ထွန်းလင်းတောက်ပနေသည့် ရင်ပြင်ပန်းခြံအတွင်း ရုပ်ရှင်၊ သင်္ဘနှင့် ဂီတနယ်ပယ်မှ ထင်ရှားကျော်ကြားသော အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ အလှပန်းခင်းများ၊ အလှမီးများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆို ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အဆိုပါ သီတင်းကျွတ်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း အနုပညာဖျော်ဖြေ တင်ဆက်မှုများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် YBS ယာဉ်များဖြင့် အကြို/အပို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အခုခေတ်မှာ သီချင်းတွေကို အေအိုင်တွေနဲ့ဖန်တီးလာတာကိုတွေ့ရတယ်။ အသုံးပြုတာတော့ပြုပါ။ ဒါပေမဲ့ ကိုယ့်ရဲ့တကယ့်မြန်မာ့ရိုးရာအမွေအနှစ်ကိုလည်း ထိန်းသိမ်းစေလိုပါတယ်။ ဒါမှသာ ကိုယ့်ရဲ့ယဉ်ကျေးမှုဟာ နှစ်ပေါင်းရှည်ကြာ တည်တံ့နေမှာ ဖြစ်ပါတယ်။

**မောင်ဧယျာဖြိုးကျော်**

နေပြည်တော် အောက်တိုဘာ ၂၅

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -



ဒေါ်တင်တင်မျိုးရည်



မောင်အောင်ကြည်မြင့်



မောင်ကောင်းမြတ်ကျော်



ကိုနိုင်မျိုးအောင်



မောင်ဧယျာဖြိုးကျော်



ဒေါ်မြမြင်း



ကိုဝင်းထွဋ်

**ဒေါ်တင်တင်မျိုးရည်**
**(အကအကဲဖြတ်ဒိုင်)**

ဆရာမက ယဉ်ကျေးမှုဌာနက ဦးစီးအရာရှိ ဖြစ်ပါတယ်။ ကဗျာလွတ်၊ ကျေးလက်နဲ့ တိုင်းရင်းသားအကတွေမှာ အကဲဖြတ်ဒိုင်အဖွဲ့ဝင် တစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကနေပြီးတော့ ဒီနှစ်အထိ ဒိုင်အဖွဲ့မှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ မျိုးဆက်သစ်တွေ အနေနဲ့က တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ အယူအဆတွေလည်း ပြောင်းလဲတိုးတက်ခဲ့ပါတယ်။ အကဘာသာရပ်ကို အကဲဖြတ်အမှတ် ပေးတာကတော့ ကဗျာလွတ်အကမှာဆိုရင် စည်းနဲ့ဝါး ကျနရဲ့လား၊ အကကိုရောလက်ချိုးပီသရဲ့လား အဲဒါတွေကို အသေအချာဆန်းစစ်ပြီး အမှတ်ပေးတာပါ။ တိုင်းရင်းသားအကဆိုရင်လည်း ရိုးရာအကကို ပီပြင်အောင် ကနဲငလား၊ ရိုးရာအကကို ထိန်းသိမ်းနိုင်လား ဒါတွေကို ကြည့်ပါတယ်။ ကျေးလက်အကမှာဆိုရင်လည်း ဒေသတွေရဲ့ ကျေးလက်အလှအပကို ဖော်ညွှန်းနိုင်ရဲ့လား၊ ထိန်းသိမ်းနိုင်ရဲ့လား ဒါတွေကိုသေသေချာချာကြည့်ပြီး တော့မှ အဲဒါဖြတ်အမှတ်ပေးတာ ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်က ဦးဆောင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဖြင့်တင်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ပါဝင် ယှဉ်ပြိုင်ကြတဲ့ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးက မျိုးဆက်သစ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်အောင်ကြည်မြင့်**
**အကပြိုင်ပွဲဝင်**
**ဝါသနာရှင် (ဒုတိယတန်း)**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**

မကွေး တိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုက နှစ်ကြိမ်မြောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အရင်အကြိမ်က ဆုမရခဲ့ပါဘူး။ ဒီနှစ် အတွက်လည်း အများကြီး အားထည့်ပြီး ကြိုးစားလေ့ကျင့် ယှဉ်ပြိုင်ခဲ့ပါတယ်။ ယှဉ်ပြိုင်ခဲ့ရာမှာလည်း အားရကျေနပ်မှုရှိပါတယ်။ အနုပညာအနေနဲ့ ကိုယ့်တိုင်းဒေသကြီးမှာပဲ ပွဲတွေကပါတယ်။ မျိုးဆက်သစ်တွေကို မြေတောင် မြှောက်ပေးလို့ ကျေးဇူးတင်သလို အပေါင်းအသင်းတွေနဲ့ ပြန်လည်ဆုံတွေ့ရလို့ ကျေးဇူးတင်ရပါတယ်။

**မောင်ကောင်းမြတ်ကျော်**
**အတီး (စန္ဒရား)ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ဒုတိယတန်း)**
**ရန်ကုန်တိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်တော် အခုယှဉ်ပြိုင်ခဲ့တဲ့ သီချင်းကတော့ ချစ်သမျှကို (ပတ်ပျိုး) နဲ့ ဖြစ်ပါတယ်။ (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀) အတိ စန္ဒရားပြိုင်ပွဲမှာ ရွေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ စန္ဒရားပညာကို ကျွန်တော် ဆင္ဆမတန်းကျောင်းသားဘဝ ကတည်းက စတင်လေ့လာခဲ့တာပါ။ ဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်နိုင်ဖို့ လေ့ကျင့်ခဲ့ရတာ တော့ရှိပါတယ်။ ဒါပေမဲ့ ငယ်ငယ် ကတည်းက လေ့ကျင့်ခဲ့တာဆို တော့ အခက်အခဲတော့ သိပ်မရှိပါဘူး။ အနာဂတ်မျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့အတွက် အခုလို ပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။ ပြိုင်ပွဲတွေကျင်းပပေးတဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**ကိုနိုင်မျိုးအောင်**
**အရေးပြိုင်ပွဲဝင်**
**ဝါသနာရှင် (ပထမတန်း)**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**

ဝါသနာရှင် (ပထမတန်း) အမျိုးသား အရေးပြိုင်ပွဲမှာ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုနဲ့ ပြိုင်တာပါ။

သီချင်းက ဘာသာရေးနဲ့ ပတ်သက်တဲ့ သီချင်းလေးနဲ့ ရေးဖွဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ တခြား တူရိယာနဲ့ပတ်သက်လို့ ဂီတာ၊ စန္ဒရား၊ ပလွေ၊ တယောတို့ တီးတတ်ပါတယ်။ အနုပညာ လုပ်ငန်းအနေနဲ့ သီချင်းတွေလည်း ရေးပါတယ်။ တေးသံသာကနေပြီး တော့ ဖိုးကောကောလိပ်ဆိုတဲ့ နာမည်နဲ့ ဘဝထဲက သူညသီချင်း တစ်ပုဒ်ထွက်ထားတာ ရှိပါတယ်။ ကျွန်တော်ပြိုင်ပွဲဝင်တာ ဒီတစ်ကြိမ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။ ဆုကတော့ ကြေးတံဆိပ်ပဲ ရပါသေးတယ်။

**မောင်ဧယျာဖြိုးကျော်**
**တယောအတီးပြိုင်ပွဲဝင်**
**ဝါသနာရှင်(ပထမတန်း)**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော် ဒီပါအေးမြ သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြဋ္ဌာန်းသီချင်း ရွှစ်ပုဒ်ခဲ့ ထပ်ကာထပ်ကာလေ့ကျင့်ခဲ့ပါတယ်။ ကိုယ်အနှစ်သက်ဆုံး သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် အားရကျေနပ်ပါတယ်။ (၂၃) ကြိမ်မြောက် အဆင့်မြင့်နဲ့ ဝါသနာရှင် ဒုတိယတန်းမှာ ရွေတံဆိပ်ဆုနှစ်ခုရခဲ့ပါတယ်။ အခုခေတ်မှာ သီချင်းတွေကို အေအိုင်တွေနဲ့ ဖန်တီးလာတာကို တွေ့ရတယ်။ အသုံးပြုတာတော့ပြုပါ။ ဒါပေမဲ့ ကိုယ့်ရဲ့တကယ့် မြန်မာ့ရိုးရာ အမွေအနှစ်ကိုလည်း ထိန်းသိမ်းစေလိုပါတယ်။ ဒါမှသာ ကိုယ့်ရဲ့ယဉ်ကျေးမှုဟာ နှစ်ပေါင်းရှည်ကြာတည်တံ့နေမှာ ဖြစ်ပါတယ်။

**ဒေါ်မြမြင်း**
**ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲဝင်**
**ဝါသနာရှင် (ဒုတိယတန်း)**
**ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု**

(၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ နဲနဲ့ ဝင်ရောက် ယှဉ်ပြိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ရိုးရာတူရိယာတွေ တော်တော်များများကို တီးခတ် တတ်ပါတယ်။ လေ့လာပါတယ်။ လက်ရှိမှာလည်း ဒါတွေနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုနေပါတယ်။ ပြိုင်ပွဲကြီးကို ပထမဆုံး ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပထမဆုံးအကြိမ်ဝင်ပြိုင်ပြီး ရွေတံဆိပ်ဆု ဆွတ်ခူးနိုင်ရင် အလွန်ပျော်ရွှင်မိမှာပါ။ နဲ့ပညာဆိုတာ အနုပညာလောကမှာ အခက်အခဲ အနက်အနဲဆုံးပါ။ ပတ်တီးပြီးရင် နဲ့၊ နဲ့ပြီးရင် ပတ်တီးဆိုပြီးတောင်မှ အခေါ်အဝေါ်ရှိပါတယ်။ ပတ်တီး ၁၀ ယောက်ဖြစ်လို့ နဲတစ်ယောက် မဖြစ်ဘူးဆိုပြီး အရပ်စကားမှာ ပြောကြတာရှိပါတယ်။ လေရယ်၊ လက်ရယ်၊ စိတ်ရယ်၊ စိတ်ထဲမှာရှိတဲ့အသံကို လေနဲ့မှုတ်ပြီး လက်နဲ့လုပ်ယူရတာဖြစ်တဲ့အတွက် ခက်ခဲပါတယ်။ နဲ့ပညာရပ်ကို သင်ချင်တဲ့ ဝါသနာရှင်တွေ ရှိရင်လည်း လက်တွဲခေါ်ပါတယ်။ ပညာတွေ မျှဝေပေးသွားပါမယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက အနုပညာရှင်သမားတွေရဲ့ အသက်ပါပဲ။ ဘာလို့လဲဆိုတော့ ပျောက်ကွယ်နေတဲ့ သီချင်းတွေကို ကျွန်တော်တို့က ပြန်ဖော်ထုတ်ခွင့် ရတယ်၊ တီးခွင့်ရတယ်၊ ဆိုခွင့်ရတယ်။ အဲဒီအတွက် နိုင်ငံတော် အကြီးအကဲနဲ့တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ် ခင်ဗျာ။

**တွေ့ဆုံမေးမြန်းနှင့်**
**ဓာတ်ပုံ-လင်းသူရ**

---



# ပဲခူးမြို့နယ် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကျောက်တန်းအသင်း အနိုင်ရဖိုလ်စွဲ

**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံအသက်(၂၀)အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးမြို့ ဥသာမြို့သစ်ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဖိုလ်လုပွဲစဉ်တွင် ကျောက်တန်းအသင်းနှင့် ဝမ်းဘဲအင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ကျောက်တန်းအသင်းက ဝမ်းဘဲအင်းအသင်းအား တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပထမတံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဘောလုံးသမားဆု ရရှိသူတို့အား တာဝန်ရှိသူများက တစ်ဦးချင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသော ဥသာမြို့သစ် အမှတ် (၈) ရပ်ကွက်အသင်းနှင့် ဒုတိယဆုရရှိသော ဝမ်းဘဲအင်းအသင်းတို့အား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်ခန့်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသော ကျောက်တန်းအသင်းအား ပဲခူးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့်အတူ ပထမတံခွန်စိုက် ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။

































ကြေးမုံ



# ရေလှောင်တမံ ရေပိုလွှဲမျာနှင့် ရေအားအဆောက်အအုံများအား စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မှာကြား

နေပြည်တော် အောက်တိုဘာ ၂၅

ရေလှောင်တမံ ရေပိုလွှဲများနှင့် ရေအားအဆောက်အအုံများအား စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဇလက်ထော်ရေလှောင်တမံ ကြီးခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် တမံကြီခိုင်မှုအခြေအနေကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် တမံတည်ဆောက်စဉ်က ထည့်သွင်းထားရှိသည့် ရေစစ်သဲလွှာနှင့် ရေစစ်ကျောက်ရိုးအထွက် တပ်ဆင်ထားသည့် V-notch အား အမြဲမပြတ် စစ်ဆေးတိုင်းတာ၍ ရရှိလာသည့် အချက်အလက်များကို စိစစ်ဆောင်ရွက်ကြရန်၊ ထူးခြားချက် တစ်စုံတစ်ရာတွေ့ရှိပါက ချက်ချင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပဲခူးမြို့ရှိ အလိုင်နီ ရေလှောင်တမံကြီခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အသေးစိတ် ဆွေးနွေးမှာကြားသည်။



အလိုင်နီ ရေလှောင်တမံကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လွဝမ်းပြင် ရေလှောင်တမံသို့ ဆက်သွယ်ရေးမြောင်းဖြင့် ရေကူဖြည့်ပေးခြင်း၊ လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်စပ်ရှိ လွဝမ်းပြင် ချောင်းဘေး၀ဲ/ယာရှိ ရေကြီးရေနက်ကွင်း ဧရိယာ ၉၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးခြင်း၊ မိုးစပါးစိုက် ၈က ၂၂၀၀ ခန့်ကို ရေတော်မိုးတော်စပါးအဖြစ် တိုးတက်စိုက်ပျိုးနိုင်ခြင်းနှင့် နွေစပါးနှင့် အခြားသီးနှံ၈က ၁၀၀၀၀ ခန့်အား လုံလောက်စွာ ရေပေးဝေနိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လွဝမ်းပြင် ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ကြီခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခုနှစ် အယ်လ်နီညိုဖြစ်စဉ်ကြောင့် နွေစပါးစိုက်ပျိုးရာသီကာလ စိုက်ပျိုးရေးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လွဝမ်းပြင်ရေသန့်စက်ရုံသို့ သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်စေရန် အတွက် လွဝမ်းပြင်ရေလှောင်တမံ အတွင်း သိုလှောင်ရေအား နှစ်စဉ် စုဆောင်းသည့် ကန်ရေပြည့် ပမာဏ ၁၄,၈၀၀ ဧကပေထက် ၇၆၅၀ ဧကပေ ပိုမိုသိုလှောင် ထားရှိရန် ရေပိုလွှဲတွင် သဲအိတ်များ နှစ်ပေခန့် ဆင့်ပိတ်ခြင်း စီမံဆောင်ရွက် ထားသောကြောင့် အောက်တိုဘာ ၂၃ ရက်တွင် တမံအတွင်း ၁၅၂,၈၅၀ ဧကပေ သိုလှောင်ပြီးဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် လွဝမ်းပြင် ဆည်ရေသောက် ဧရိယာအတွင်းရှိ နွေစပါးလျာထား၈က ၄,၈၅၂ ဧကနှင့် အခြားသီးနှံ ၅၂၆ ဧက စုစုပေါင်း ၅၃,၇၈ ဧကတို့ကို စိုက်ပျိုးရေ ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ သတင်းစဉ်

# အောင်လံမြို့နယ်၌ မြို့မဈေးမီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

အောင်လံ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် စူပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေး မြို့မစည်ပင်သာယာဈေးတွင် မီးဘေးလုံခြုံရေး အရေးပေါ်မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ သရုပ်ပြသခြင်းတို့ကို အောက်တိုဘာ ၂၂ ရက်က မြို့မဈေး (မြနန္ဒာဈေး)၌ ဆောင်ရွက်သည်။

အဆိုပါ သရုပ်ပြသမှုအစီအစဉ်တွင် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဈေးအတွင်းတပ်ဆင်ထားသည့် မီးသတ်စက်များ၊ ရေရရှိရေးအခြေအနေများ၊ မီးသတ်ယာဉ်အလွယ်တကူဝင်/ထွက်နိုင်ရန် လမ်းများကျယ်ဝန်းစေရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးက ဈေးအတွင်း ရုတ်တရက်မီးလောင်မှု/ မီးလန့်မှုများဖြစ်ပွားလာပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေး မြို့နယ်မီးသတ်စခန်း/ အရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်များဖြင့် စနစ်တကျ ထွက်ခွာခြင်း၊ နေရာယူခြင်းနှင့် လက်တွေ့ငြိမ်းသတ်ခြင်းကို မီးသတ်ယာဉ် ၁၀ စီးဖြင့် လေ့ကျင့်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# သာယာဝတီမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ/မရှိ စစ်ဆေး

သာယာဝတီ အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြို့နယ်စားအုန်းဆီ ရောင်းချမှုစောင့်ကြည့်စစ်ဆေးကြပ်မတ်ရေးအဖွဲ့က သုံးဆယ်မြို့မဈေးနှင့် ရပ်ကွက်များအတွင်း စားအုန်းဆီလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသောအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်စားအုန်းဆီရောင်းချမှု စောင့်ကြည့် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ဝင်များဖြစ်သော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ပူးပေါင်းကာ စားအုန်းဆီဖြန့် ဖြူးရောင်းချသည့် ဆိုင်များတွင် ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများ ချိတ်ဆွဲဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိသာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိ ပြင်ပဆီများရောင်းချနေမှုရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။



တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန် အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်း တို့ကို စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၈ ဒသမ ၅၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၆ ဒသမ ၅၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်သည်။

ထို့အပြင် တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ ၁၀၀

✧ M-League II မှ

တက္ကသိုလ်အသင်းသည် နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ တက္ကသိုလ်အသင်းသည် နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်ပြီး မိနစ် ၂၀ တွင် ရှိုင်းထက်အောင် –၂၊ ၂၈၊ ၅၇၊ ၇၁ မိနစ်တွင် အောင်မြင့်မြတ်၊ ၃၇ မိနစ်တွင် အာကာမိုး၊ ၄၅+၃၊ ၇၀ မိနစ်တွင် ဆန်းပြည့်စုံစိုး၊ ၈၅ မိနစ်တွင် မိုင်ဒူခေါင်တို့က သွင်းယူသည်။ Enjoy Brother အသင်းအတွက် ချေပဂိုးကို ၂၄၊၆၅ မိနစ်တွင် ရီဝေယံက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို တက္ကသိုလ်အသင်းမှ ဆန်းပြည့်စုံစိုး ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် ၂ နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၆ ရက်တွင် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှိုင်းရယ်ဒဂုံအသင်းနှင့် မနော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – M-League

# တရုတ်-ဘယ်လာရုစ် ခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပ

မင့်စ် အောက်တိုဘာ ၂၅

တရုတ်-ဘယ်လာရုစ် ခရီးသွားလုပ်ငန်းဖိုရမ်အား ဘယ်လာရုစ်နိုင်ငံ ဘရတ်စ်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်နှင့်ဘယ်လာရုစ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းကိုယ်စားလှယ် ၁၅၀ ကျော်တက်ရောက်သည့် အဆိုပါအခမ်းအနားသည် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများကို ယူဆောင်လာခဲ့ကြောင်းနှင့် အခမ်းအနားတွင် ဆွေးနွေးပွဲများ၊ စီးပွားရေးလုပ်ငန်းများ အချင်းချင်း ညှိနှိုင်းမှုများနှင့် ခရီးသွားနှင့် ယဉ်ကျေးမှုဆိုင်ရာ အလည်အပတ်ခရီးများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် နှစ်နိုင်ငံလုံးမှ နိုင်ငံသားများအား အချင်းချင်းနားလည်မှုကို မြှင့်တင်နိုင်ကာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ပြီး မိတ်ဆွေဖြစ်မှုကို ခိုင်မာစေခဲ့ကြောင်း တရုတ်-ဘယ်လာရုစ်ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးမှုကို ရည်ညွှန်းလျက် တရုတ်နိုင်ငံဆိုင်ရာ ဘယ်လာရုစ် သံအမတ်ကြီး အလက်ဇန္ဒား ချက်ယာကော့ဂ ပြောကြားသည်။ ယခုကျင်းပသည့် ဖိုရမ်သည် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အရေးပါသည့် အခွင့်အလမ်း တစ်ရပ်ဖြစ်ကာ ပါဝင်တက်ရောက်လာသူများ ဝေမျှလာသည့် တန်ဖိုးရှိသည့် အတွေ့အကြုံများနှင့်အပြုသဘောဆောင်သည့် အကြံပြုချက်များကိုရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာမြောက် လမ်းညွှန်မှုအောက်တွင် ဝိုင်မာသည့် အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံသားများအချင်းချင်း ဆက်ဆံရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစေခဲ့ကြောင်း ဘယ်လာရုစ်နိုင်ငံရှိ တရုတ်သံရုံးမှ သိပ္ပံနှင့်နည်းပညာ




ဆိုင်ရာ ကောင်စစ်ဝန် ယန်ဂျန်ကီက ပြောကြားသည်။ မိမိတို့နှစ်နိုင်ငံအကြား ပြည်ဝင်ခွင့်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပေးသည့်မူဝါဒနှင့် တိုက်ရိုက်လေကြောင်း လိုင်းများကို ချဲ့ထွင်ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ခရီးသွားလာရာတွင် လွယ်ကူစေခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**



## ပင်လယ်ရေအောက်တွင် လျှင်မြန်စွာ ဆွေးမြည့်ပျက်စီးနိုင်သည့် ပလတ်စတစ်အမျိုးအစားသစ် ဂျပန်သုတေသီများ တီထွင်

တိုကျို အောက်တိုဘာ ၂၅

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်နှင့် အခြားသုတေသနအဖွဲ့အစည်းများမှ သုတေသီများသည် ပင်လယ်ရေအောက်တွင် လျင်မြန်စွာ ဆွေးမြည့်ပျက်စီးနိုင်သည့် အင်ဇိုင်းဓာတ်များ ပါဝင်သော ပလတ်စတစ်အမျိုးအစားသစ်တစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပလတ်စတစ်အမျိုးအစားသစ်သည် ပင်လယ်ကြမ်းပြင်တွင် ပလတ်စတစ်အမှိုက်များ စုပုံလာမှုကို လျော့ချနိုင်ရန် အထောက်အကူပြုမည်ဟု မျှော်လင့်ထားကြောင်း သုတေသီများက ပြောကြားသည်။

ပင်လယ်အတွင်းသို့ ရောက်ရှိသွားပြီး ဆွေးမြည့်ပျက်စီးရန် အချိန်ကြာမြင့်သည့် ပလတ်စတစ်အမှိုက်များ ပင်လယ်ကြမ်းပြင်တွင် တစ်စတစ်စ စုပုံများပြားလာနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ယင်းပလတ်စတစ်အမျိုးအစားသစ်ကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သုတေသနအဖွဲ့က ရှင်းလင်းပြောကြားသည်။

အဆိုပါ ပလတ်စတစ်သည် ဇီဝနည်းဖြင့် ဆွေးမြည့်ပျက်စီးနိုင်သော ပလတ်စတစ်အမျိုးအစားတစ်မျိုးဖြစ်ပြီး ၎င်းအတွင်း၌ ပလတ်စတစ်ကို ပြိုကွဲပျက်စီးစေသည့် အင်ဇိုင်းဓာတ်များကို ရောစပ်ထည့်သွင်းထားကြောင်း သိရသည်။

ယင်းပလတ်စတစ်၏ မျက်နှာပြင်သည် ရေနှင့် ထိတွေ့သည်နှင့် ဆွေးမြည့်ပျက်စီးမှု စတင်ဖြစ်ပေါ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

သုတေသနအဖွဲ့သည် တိုကျိုမြို့အနီး ကာနာဂါဝါစီရင်စု ကမ်းလွန်ရှိ ရေအနက် မီတာ ၇၅၀ ကျော်သော ပင်လယ်ကြမ်းပြင်တွင် အဆိုပါ ပလတ်စတစ်ကို စမ်းသပ်ထားရှိခဲ့ရာ ငါးလအကြာ၌ လုံးဝပြိုကွဲပျက်စီးသွားကြောင်း အတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် အင်ဇိုင်းဓာတ်မပါဝင်သော ဇီဝနည်းဖြင့် ဆွေးမြည့်ပျက်စီးနိုင်သည့် ပလတ်စတစ်ကို အလားတူ စမ်းသပ်ခဲ့မှုနှင့် နှိုင်းယှဉ်ပါက ယခုတီထွင်ထားသည့် ပလတ်စတစ်အမျိုးအစားသစ်သည် အဆ ၃၀ ကျော် ပိုမိုလျင်မြန်စွာ ဆွေးမြည့်ပျက်စီးနိုင်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

ပလတ်စတစ်အတွင်း၌ အင်ဇိုင်းဓာတ်များကို ရောစပ်ထည့်သွင်းထားသဖြင့် ပင်လယ်ကြမ်းပြင်ရှိ အချို့သော အဏုဇီဝသက်ရှိများအပေါ် မှိခိုရန်မလိုဘဲ လျင်မြန်စွာ ပြိုကွဲပျက်စီးနိုင်ကြောင်း သုတေသနအဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

**အင်နှအိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ဒီဂျစ်တယ်ဖတ်စာအုပ် ထုတ်ဝေမည်

တိုကျို အောက်တိုဘာ ၂၅

ဂျပန်နိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ပညာသင်ကြားရာတွင် ဒီဂျစ်တယ်ဖတ်စာအုပ်များ အသုံးပြုရန် စည်းမျဉ်းမူကြမ်းများ ရေးဆွဲနေကြောင်း သိရသည်။

ကျောင်းများတွင် ၂၀၃၀ ပြည့်နှစ်မှ စတင်၍ အဆိုပါဒီဂျစ်တယ်ဖတ်စာအုပ်များကို တရားဝင် အသုံးပြုမည်ဖြစ်သည်။ စာအုပ်အမျိုးအစားတွင် စာရွက်သာ အသုံးပြုသည့်စာအုပ်၊ ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်ဝေသည့် စာအုပ်နှင့် နှစ်မျိုးပေါင်းစပ်စာအုပ်များရှိသည့် အနက် မည်သည့်ပုံစံဖြင့် ထုတ်လုပ်မည်ကို ပညာရေးဘုတ်အဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရွေးချယ်နေကြောင်း သိရသည်။ မူလတန်းကြိုအဆင့်မှ အထက်တန်း ကျောင်းသားများအထိ အဆင့်အတွက် စာရွက်နှင့်



ဒီဂျစ်တယ်နှစ်မျိုးပေါင်းစပ်စနစ်ဖြင့် ဒီဂျစ်တယ်ဖတ်စာအုပ်ကို ထုတ်လုပ်သင့်ကြောင်း ပညာရေးဝန်ကြီးဌာနက စည်းမျဉ်းမူကြမ်းတွင် အကြံပြုထားသည်။

လေးတန်းနှင့် အောက်အဆင့်ရှိ ကျောင်းသားများအတွက် ဒီဂျစ်တယ်သီးသန့်ဖတ်စာအုပ် သုံးစွဲရန် မသင့်တော်ကြောင်းနှင့် ၎င်းတို့၏ သင်ယူနိုင်မှုစွမ်းအားမှာ အကန့်အသတ်ဖြင့်သာ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရုပ်သံဖိုင်များရှိ ရုပ်ပုံများနှင့် အသံဖိုင်များအသုံးပြု၍ သင်ကြားခြင်းဖြင့် ပညာသင်ကြားရေးနည်းလမ်းများကို မြှင့်တင်နိုင်သော်လည်း ကလေးများ၏ သင်ယူနိုင်မှုအဆင့်အတန်းနှင့် အခြေခံစာဖတ်စွမ်းရည်ကို မြှင့်တင်ရန်အတွက် စာရွက်ပုံစံနှင့် ဒီဂျစ်တယ်ပုံစံ ဖတ်စာအုပ်များကို ခွဲခြားသုံးစွဲသင့်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ဖင်လန်နိုင်ငံရှိ ဒီဂျစ်တယ်ပညာရေးစနစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသအချို့သည် ပုံနှိပ်စာအုပ်စနစ်ကိုသာ ပြန်လည်ဆောင်ရွက်နေပြီး စင်ကာပူနိုင်ငံတွင်လည်း အလယ်တန်းကျောင်းသားအဆင့်ကိုသာ ဒီဂျစ်တယ်ဖတ်စာအုပ်ကို သုံးစွဲစေကြောင်းနှင့် မူလတန်းကျောင်းများတွင် ကလေးများ၏ ဖွံ့ဖြိုးမှုအပေါ်တွင် ထိခိုက်လာမည်ကို စိုးရိမ်ဝမ်းနည်းစွဲခြင်းကို တားဖြစ်ထားကာ တောင်ကိုရီးယားနိုင်ငံတွင်လည်း နည်းပညာဆိုင်ရာ ချို့ယွင်းချက်များရှိခြင်းကြောင့် သင်ယူမှုအထောက်အကူပေးသည့် ကိရိယာအဖြစ်သာ သတ်မှတ်ထားကြောင်း သိရသည်။

**အင်နှအိတ်ချ်ကေ**

# ဂျပန် မီးရထားလုပ်ငန်းများ၌ လုပ်သားရှားပါးမှုကို ဖြေရှင်းရန် စစ်ဆေးရေးစက်ရုပ်များ အသုံးပြုလာ

တိုကျို အောက်တိုဘာ ၂၅

ဂျပန်နိုင်ငံရှိမီးရထားလုပ်ငန်းများက လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် စက်ပစ္စည်းစစ်ဆေးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် ဝေးလံခေါင်သီသော နေရာများ၌ စစ်ဆေးမှုများပြုလုပ်ရန် စက်ရုပ်နည်းပညာများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

Seibu Railway ကုမ္ပဏီသည် ဥဏ္ဍရည်တုနည်းပညာတပ်ဆင်ထားသည့် အလိုအလျောက် စစ်ဆေးရေးစက်ရုပ်တစ်ရုပ်ကို အောက်တိုဘာလတွင် စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါစက်ရုပ်တွင် အမြင့် ၁ ဒသမ ၈ မီတာအထိ ဆန့်ထွက်နိုင်သော တိုင်တစ်ခုတပ်ဆင်ထားပြီး ယင်းတိုင်ပေါ်ရှိ ကင်မရာနှင့် အပူချိန်တိုင်းကိရိယာတို့ကို အသုံးပြုကာ စက်ပစ္စည်းများကို စစ်ဆေးနိုင်သည်။ ထို့ပြင် မို့အား၊ လျှပ်စီးကြောင်းနှင့် အပူချိန်တို့ကို တိုင်းတာစောင့်ကြည့်နေသည့် ကိရိယာများတွင် ချို့ယွင်းချက် တစ်စုံတစ်ရာတွေ့ရှိပါက သက်ဆိုင်ရာဝန်ထမ်းများထံ သတိပေးချက် ပေးပို့နိုင်သည်။

အလားတူ Tokyu Railways ကုမ္ပဏီက ယမန်နှစ် ဧပြီလတွင် လျှပ်စစ်ဓာတ်အားခွဲရုံများ၌ အသုံးပြုရန် ခြေလေးချောင်းပါ စစ်ဆေးရေးစက်ရုပ်တစ်မျိုးကို မိတ်ဆက်ခဲ့သည်။

ယင်းစက်ရုပ်သည် လှေကားများအပေါ်သို့ တက်နိုင်သကဲ့သို့ အောက်သို့လည်း ဆင်းနိုင်ပြီး တိုင်းတာရေးကိရိယာများနှင့် လျှပ်စစ်ပိုင်ယာကြိုးများကို ဓာတ်ပုံရိုက်ယူကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးပို့နိုင်သည်။

Tokyu Railways မှ တာဝန်ရှိသူ အဒါချီ ရယိုဂျိက စက်ရုပ်များကို



အခြားနည်းပညာများနှင့် ပေါင်းစပ်အသုံးပြုခြင်းဖြင့် စစ်ဆေးရေးနှင့် အတည်ပြုစစ်ဆေးရေးလုပ်ငန်းများ၏ ထိရောက်မှုနှင့် တိကျမှုကို မြှင့်တင်လိုကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါစနစ်ကို ရထားတွဲများ စစ်ဆေးရေးလုပ်ငန်းများ အပါအဝင် အခြားလုပ်ငန်းနယ်ပယ်များတွင်ပါ တိုးချဲ့အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် လုပ်သားအင်အား ရှားပါးလာမှုနှင့်အတူ စက်ရုပ်နှင့် ဉာဏ်ရည်တုနည်းပညာများကို အသုံးပြုခြင်းသည် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု မြှင့်တင်ရေး၊ လူအင်အားလိုအပ်ချက် လျော့ချရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိကျမြန်ဆန်စေရေးတို့အတွက် အရေးပါလာလျက်ရှိသည်။

**အင်နှအိတ်ချ်ကေ**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံး အနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက်အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု
မဖြိုဖျက်မီ


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု
ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိး | တောင်ကြီး | လျှိုင်တော် | ဟားမိုး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၁၅ | ၄၈၇၀ | ၄၈၂၀ | ၄၇၃၀ | ၄၈၇၅ | ၄၈၉၀ | ၄၉၂၅ | ၄၈၀၀ | ၅၁၇၀ | ၅၂၀၀ | ၄၈၂၀ | ၄၉၈၀ | ၄၉၁၅ | ၄၈၇၀ | ၄၈၈၀ | ၅၁၁၀ |
| 95 Ron | ၄၈၃၅ | ၄၉၉၀ | ၄၉၄၀ | ၄၈၅၀ | ၄၉၉၅ | ၅၀၁၀ | ၅၀၄၀ | ၄၉၂၀ | ၅၂၉၀ | ၅၃၂၀ | ၄၉၄၀ | ၅၀၉၅ | ၅၀၃၀ | ၄၉၉၀ | ၅၀၀၀ | ၅၂၃၀ |
| HSD (500 ppm) | ၄၄၄၅ | ၄၅၉၀ | ၄၅၄၅ | ၄၄၆၀ | ၄၅၉၅ | ၄၆၁၀ | ၄၆၄၀ | ၄၅၂၅ | - | ၄၉၀၅ | ၄၅၄၅ | ၅၁၃၀ | ၄၆၃၀ | ၄၅၉၀ | ၄၆၀၀ | ၄၈၂၀ |
| HSD (50 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | ၅၈၃၀ | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |
| HSD (10 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၈၆ | ၄၆၁၀ |
| 95 Ron | ၄၆၀၂ | ၄၇၂၇ |
| HSD (500 ppm) | ၄၂၃၆ | ၄၃၅၀ |
| HSD (50 ppm) | ၅၁၂၃ | ၅၂၅၆ |
| HSD (10 ppm) | ၅၁၂၃ | ၅၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဟင်္သာတမြို့ ဆိပ်ကမ်းသာ ပွဲရုံတန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

ဟင်္သာတ အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များမှ ကြိုတင်ကာကွယ်သောအားဖြင့် ယနေ့နံနက်ပိုင်းက ပခန်းရပ်ကွက်ရှိ ဆိပ်ကမ်းသာ ပွဲရုံတန်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေး ဟောပြောပွဲကို ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူးက မီးလောင်မှုဖြစ်ပွားရသော အကြောင်းရင်းများနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များမှ ကြိုတင်ကာကွယ်ရေး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်မှုများ၊ ဆီမီးလောင်မှု ငြိမ်းသတ်နည်းများကို တက်ရောက်လာသူများနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

**အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့်သတင်းများအနက် ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်ထုတ်ဝေရန်အစီအစဉ်မရှိ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှု၊ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ၊ အခြေခံရည်ညွှန်းစပါးစျေးနှုန်း ထုတ်ပြန်ကြေညာ၊ ပေါ်ဆန်းမွေးဆန် ကမ္ဘာ့အကောင်းဆုံးဆုရ၊ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူး အွန်လိုင်းလိမ်လည်မှုနှင့် အားကစား စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။**

## ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်ထုတ်ဝေရန် အစီအစဉ်မရှိ

လူမှုကွန်ရက်နှင့် အင်တာနက်စာမျက်နှာများတွင် ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်ထုတ်ဝေမည်ဟု ပျံနှံနေသည့်သတင်းများမှာ မဟုတ်မှန်ကြောင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ထိုသို့ထုတ်ဝေရန်အစီအစဉ်မရှိကြောင်း အောက်တိုဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။ ထိုသို့ ဈေးနှုန်းမတည်ငြိမ်အောင် ကောလာဟလ သတင်းမှားဖြန့်ဝေသူများကို တရားဥပဒေအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟုလည်း ထုတ်ပြန်ထားသည်။

## ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှု

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်းနစ်နိုင်ငံအကြား စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အိမ်နီးချင်းချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

## ပို့ဆောင်ရေး

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) သည် မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန် ရန်ကုန် - ချန်ဇူး ခရီးစဉ်သစ်ကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ပြေးဆွဲခဲ့ပြီး ကနဦးတွင် လစဉ်ပြေးဆွဲပေးသွားရန် စီစဉ်ထားသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်က တောင်ကျရေစီးကြောင်းကြောင့် ရန်ပယ်ချောင်းတံတား ရေလယ်တိုင်နှိမ့်ကျသွားခဲ့ရာမှ ပြန်လည်ပြုပြင်ခြင်းနှင့် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းများ ပြီးစီးသွားသဖြင့် အမှတ် (၆၁) အဆန့်နှင့် (၆၂) အစုခွဲ ရန်ကုန်-ပြည်-ပုဂံ လူစီးအမြန်ရထားခရီးစဉ်များကို အောက်တိုဘာ ၂၃ ရက်မှစတင်၍ မူလအတိုင်း ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

## ကျန်းမာရေး

ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ ကာလအတန်ကြာ ရပ်နားထားသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက်တွင် ပြန်လည်စတင်ခဲ့ပြီး ကလေးငယ်များအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းအပြင် အသက် (၉) နှစ်မှ (၁၁) နှစ်အရွယ် ကျောင်းသူ ဂုဒ ဦးအား သားအိမ်ခေါင်းကင်ဆာ (HPV) ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

## ကာကွယ်ရေး

အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်တွင် အခြေပြု၍ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံနေသည့် စခန်းများကို တပ်မတော်စစ်ကြောင်းများက ရှင်းလင်းခဲ့ရာ အောက်တိုဘာ ၅ ရက်မှ ၁၈ ရက်အထိ လယ်နောင်၊ ကမ်းနီ၊ ပင့်သေချ၊ မဲဇာ၊ လယ်ဇင်၊ နန်းသဲ၊ ကြိမ်ချောင်း၊ ပိန်းအင်း၊ ဆင်ကုန်း၊ ညောင်ကိုင်း၊ ထန်းတပင်၊ နမ်းခမ်း၊ လယ်ပြင်နှင့် မအူကုန်း စသည့်ကျေးရွာများနှင့် စခန်းများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၂၁ ရက်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် အောက်တိုဘာ ၂၀ ရက်က ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် ကျင်ဒွေးမြို့အနီးရှိ စခန်းနေရာအားလည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် လှိုင်ဒုတ်ကျေးရွာအားလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

## အခြေခံရည်ညွှန်းစပါးစျေးနှုန်း ထုတ်ပြန်ကြေညာ

တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောစျေးကွက်နှင့် စျေးနှုန်းဖြစ်ပေါ်စေရန် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အမှိုက်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်သည့် အရည်အသွေးမီ စပါးတင်း ၁၀၀ (ပေါင် ၄၆၀၀) ၏ အခြေခံရည်ညွှန်းစပါးစျေးနှုန်းကို ကျပ် ၁၃၅၀၀၀၀ (၁၃ သိန်း ငါးသောင်း) ဟု စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားဖြင့်တင်ရေးဦးဆောင်အဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

## ပေါ်ဆန်းမွေးဆန် ကမ္ဘာ့အကောင်းဆုံးဆုရ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် "မြန်မာ့ပေါ်ဆန်းမွေးဆန်"သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice–2026)ကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုပွဲနှင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည်။

## လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူး

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး အောက်တိုဘာ ၂၂ ရက်တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးခဲ့သည်။

## အွန်လိုင်းလိမ်လည်မှု

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့၏ အရှေ့မြောက်ဘက် မိတာ ၃၆၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၉၅ ဦးနှင့် အမျိုးသမီး လေးဦး (စုစုပေါင်း ၉၉ ဦး)ကို အဆောက်အအုံတစ်လုံးအတွင်းမှ All in One ကွန်ပျူတာ ၁၃ လုံး၊ ဖုန်း ၁၉၃ လုံး၊ StarLink နှစ်လုံး စသည့်လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောက်တိုဘာ ၂၁ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

## အားကစား

အဇာတိုင်ဂျန်နိုင်ငံ၌ အောက်တိုဘာ ၂၄ ရက်တွင် စတင်ကျင်းပသည့် ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်အုပ်စု (W) အဖွင့်ပွဲစဉ်တွင် မြန်မာ ယူ-၁၅ အမျိုးသားဘောလုံးအသင်းသည် ဂူအမ် အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ပြင် AFC Challenge League ပြိုင်ပွဲ အုပ်စု (E) နောက်ဆုံးပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းသည် မနီလာဒီဂါအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း တရုတ်(တိုင်ပေ) ကလပ်၏ ရှုံးပွဲကြောင့် အုပ်စုဒုတိယ (လေးမှတ်)ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိခဲ့သည်။

## တိုက်ကြီးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး

တိုက်ကြီး အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်း သားဖွားခန်း၌ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် အာဟာရနှင့် အလျှော့ငွေများပေးအပ်ခြင်းကို အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျဉ်းမကုန်းကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်များအား



ကျန်းမာရေးအသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရနှင့် အလျှော့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေး

ပြည် အောက်တိုဘာ ၂၅

ပြည်မြို့နယ် မှော်ဇောအုပ်စုနှင့် မုဇ္ဇောအုပ်စုများရှိကြက်သွန်နီစိုက်ပျိုးသော တောင်သူများနှင့်တွေ့ဆုံ၍ ကြက်သွန်နီတိုးချဲ့



စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မှော်ဇောကျေးရွာအုပ်စု မိုးကောင်းမမွာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကိုက်အချိုးကျထည့်သွင်းစေရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကာတွန်း



# MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှုနည်းလမ်းများ အပိုင်း (၂)

ဒေါက်တာမောင်အောင်

**မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) စဉ်ဆက်မပြတ် တိုးတက်လာစေရေး အတွက် ပို့ကုန်ကိုဦးတည်သည့် MSMEs များဖြစ်လာစေရန် အဓိကရည်မှန်းပြီး ကျင့်ဝတ်ပိုင်း၊ အရည်အသွေးပိုင်း၊ ဘေးကင်းလုံခြုံမှုအပိုင်း စသည့်အပိုင်းများတွင် ပြင်ဆင်နိုင်ရေးနှင့် နိုင်ငံတကာရောင်းချနိုင်သည့် MSMEs များ ပိုမိုထွန်းကားလာစေရန် အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအပိုင်း (၂) တွင် MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် တိုးတက်မှုနည်းလမ်းများစွာရှိသည့်အနက် အခြေခံအကျဆုံးနည်းလမ်းများကို ဖော်ပြမည်ဖြစ်ပြီး ယေဘုယျအားဖြင့် သမားရိုးကျတိုးတက်မှုနည်းလမ်းများနှင့် ခေတ်သစ်တိုးတက်မှုနည်းလမ်းများဟူ၍ ခွဲခြားဖော်ပြပါသည်။**

### MSMEs အခြေခံတိုးတက်မှုနည်းလမ်းများ

### သမားရိုးကျနည်းလမ်းများ

MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် ကျွမ်းရိုးဘောဂဗေဒပညာရှင်များ ဖော်ထုတ်ခဲ့သည့် နှိုင်းယှဉ်အကျိုးကျေးဇူးသဘောတရားအရထုတ်လုပ်မှုကို စရိတ်အသက်သာဆုံးနှင့် ထုတ်လုပ်နိုင်လျှင် ထုတ်ကုန်တန်ဖိုးတိုးဖြင့်နိုင်မည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ထုတ်လုပ်မှုစရိတ်သက်သာရေးအတွက် မိမိတွင် ပေါပေါများများရှိသည့် ထုတ်လုပ်မှုအင်အားစုများဖြစ်ကြသော မြေယာ၊ လုပ်သား၊ အရင်းအနှီး အနည်း/အများအပေါ် မူတည်ပြီး ပေါများစွာရှိသည့် ထုတ်လုပ်မှုအင်အားစုကို ဧကော်ချအသုံးပြုထုတ်လုပ်မည်ဆိုလျှင် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံများအနေဖြင့် စရိတ်သက်သာမှုကြောင့် ထုတ်ကုန်တန်ဖိုးတိုးတက်စေပြီး ယှဉ်ပြိုင်နိုင်သည့် စွမ်းအားကို မြင့်တက်စေမည်။ စရိတ်သက်သာမှုကို အခြေပြုသည့် နှိုင်းယှဉ်အကျိုးကျေးဇူးသဘောတရားသည် ကျွမ်းရိုးခေတ်မှစ၍ ယနေ့ခေတ်သစ်ကာလများအထိ စီးပွားရေးလုပ်ငန်းတိုင်း၊ နိုင်ငံတိုင်း အတွက် အခြေခံအကျဆုံးတိုးတက်မှုနည်းလမ်းဖြစ်နေပြီး နည်းပညာများ တိုးတက်လာမှုကြောင့်လည်း ပို၍ကျယ်ပြန့်လာနေပြီဖြစ်သည်။

ဆိုလိုသည်မှာ ယခင်ကထုတ်လုပ်မှုအင်အားစုဟုဆိုလျှင် မြေယာ၊ လုပ်သား၊ အရင်းအနှီးက အကျုံးဝင်ခဲ့သော်လည်း ယခုအခါတွင်မူ နိုင်ငံကပိုင်ဆိုင်သည့် မြေယာဆိုလျှင် မြေပေါ်မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားဆိုလျှင် အရေအတွက်ထက် စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်၊ အရင်းအနှီးဟုဆိုလျှင်လည်း ထုတ်လုပ်မှုအခြေပြုရင်းနှီးမြှုပ်နှံမှုများ စသည်တို့က တိုးတက်မှုကို ပို၍ထင်ဟပ်စေပါသည်။ ထို့အပြင် နိုင်ငံက ပိုင်ဆိုင်သည့် ရေထု၊ လေထု၊ နေထုတို့မှာလည်း ယခင်ကထုတ်လုပ်မှုအင်အားစုဟု မသတ်မှတ်သော်လည်း နည်းပညာတိုးတက်လာမှုကြောင့် အဆိုပါအရင်းအမြစ်များက ခေတ်သစ်တွင် ထုတ်လုပ်မှုအင်အားစုများဖြစ်လာ၍ နိုင်ငံအရွယ်အစားကြီးလေ နှိုင်းယှဉ်အကျိုးကျေးဇူးများလေဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှတွင် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးနိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများထက် သဘာဝအရင်းအမြစ်များကပေးသည့် နှိုင်းယှဉ်အကျိုးကျေးဇူးများသည့်အတွက် နိုင်ငံအတွက်လည်းကောင်း၊ MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက်လည်းကောင်း၊ တိုးတက်မှုအခွင့်အလမ်းပို၍များပေသည်။

မြေအရင်းအမြစ်ပေါများသဖြင့် စိုက်ပျိုးရေးအတွက်လည်းကောင်း၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရေးအတွက်လည်းကောင်း၊ မြေရှားအပါအဝင် မြေအခြေပြုထုတ်လုပ်မှုလုပ်ငန်းများအတွက်လည်းကောင်း စသည်ဖြင့် အမျိုးမျိုးအသုံးပြုနိုင်ပေသည်။ ထို့အတူ ပေါများစွာရှိသည့် ရေအရင်းအမြစ်များကို စီးပွားရေး အကျိုးရှိစေရန် "စိုက်ပျိုးရေ" အဖြစ်အသုံးပြုခြင်း၊ သောက်သုံးရေအပါအဝင် ရေအသုံးပြုခြင်း စသည်ဖြင့်လည်းကောင်း၊ လေထုကို အသုံးပြု၍ ရောဝင်ခြင်းလုပ်ငန်း၊ လျှပ်စစ်ရအောင်စီမံခြင်းဖြင့်လည်းကောင်း၊ နေရောင်ခြည်အသုံးပြု၍ ဆိုလာစွမ်းအင်နှင့် အခြားထုတ်လုပ်မှုများလုပ်ဆောင်နိုင်ခြင်းသည်လည်းကောင်း စသည်တို့မှာ ပေါများစွာရှိသည့် သဘာဝအရင်းအမြစ်များကို ထုတ်လုပ်မှုစွမ်းအားရှိသည့် အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲအသုံးချခြင်းဖြစ်သည်။

ဤသို့ ပြုလုပ်နိုင်ခြင်းမှာလည်း နှိုင်းယှဉ်ထုတ်လုပ်မှုစရိတ်သက်သာမှုကိုအခြေပြုသည့်အတွက် နှိုင်းယှဉ်အကျိုးကျေးဇူးပင်ဖြစ်သည်။ သတိပြုရမည်မှာ နှိုင်းယှဉ်အကျိုးကျေးဇူးသဘောတရားက နိုင်ငံ့အရွယ်အစားကြီးမားမှုကြောင့် နိုင်ငံအတွက်လည်းကောင်း၊ MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက်လည်းကောင်း ကြီးမားသည့်အခွင့်အလမ်းများဖြစ်သော်လည်း ယင်းတို့ကို ထုတ်ယူသုံးစွဲမှုမပြုလုပ်နိုင်လျှင် စီးပွားရေးအရ အကျိုးကျေးဇူးမရှိသည့် ကုန်စည်များအဖြစ်ရှိနေမည်ဖြစ်ပြီး ထုတ်ယူအသုံးပြုနိုင်မှသာ စီးပွားရေး အကျိုးကျေးဇူးရှိသည့်ကုန်စည်များ ဖြစ်လာပေမည်။ ဆိုလိုသည်မှာ နှိုင်းယှဉ်အကျိုးကျေးဇူးအရ အခွင့်အလမ်းကောင်းများကို လက်တွေ့ ထုတ်ယူအသုံးပြုနိုင်သော စွမ်းဆောင်ရည်ရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာစေရန် ကြိုးစားရမည့်အချိန်ဖြစ်သည်။

ဒုတိယနည်းလမ်းမှာ ထုတ်လုပ်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားကိုမြှင့်တင်ခြင်းဖြင့်လည်း လုပ်ငန်းများ၏ တိုးတက်မှုကို ဖော်ဆောင်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအား တိုးတက်မှုကို ပြဋ္ဌာန်းသည့်အချက်များတွင် အဓိကထုတ်လုပ်မှုအင်အားစုများမှာ လုပ်သားအပါအဝင် စက်ကိရိယာများ၊ နည်းပညာများစသည်တို့ဖြစ်ပြီး လုပ်သားများ၏ ကြိုးစားအားထုတ်မှုနှင့် ကျွမ်းကျင်မှုတိုးတက်လေ လုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်လေဖြစ်သည်။

ထို့အတူ အသုံးပြုသည့် စက်ကိရိယာများ၏ ခေတ်မီတိုးတက်ခြင်း၊ နည်းပညာသစ်များအသုံးပြုနိုင်၊ ပိုမိုအသုံးပြုနိုင်ခြင်း စသည့်အချက်များသည်လည်း လုပ်ငန်း၏တိုးတက်မှုစွမ်းအားကို မြှင့်တင်ပေးလေရှိသည်။ ထို့အတွက် လုပ်ငန်းတွင်အသုံးပြုသည့် စုစုပေါင်း သွင်းအားစုများ၏ ထုတ်လုပ်မှုစွမ်းအား မြင့်တက်လေ၊ ထုတ်လုပ်မှုစွမ်းအား မြင့်တက်လေဖြစ်သည်။ အမြင့်သာဆုံးအချက်မှာ လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား မြှင့်တင်နိုင်ခြင်းသည် ပေါလွင်ထင်ရှားသည့် အတွက် လုပ်သားများ၏ စွမ်းဆောင်ရည်မြင့်တက်နိုင်ရန်လုပ်ငန်းများက အထူးပြုလုပ်ဆောင်လေ့ရှိသည်။

တတိယနည်းလမ်းမှာ ထုတ်လုပ်မှုလုပ်ငန်းများ၏ တိုးတက်မှုကို လုပ်ငန်းအရွယ်အစား တိုးချဲ့ခြင်းအားဖြင့် တိုးတက်မှုဖော်ဆောင်လေရှိသည်။ မြင်သာသည့်အချက်မှာ မိမိတွင်ရှိသည့် အရင်းအနှီးအနည်းငယ်ဖြင့် မိသားစုလုပ်အားကိုအခြေပြုပြီး လုပ်ငန်းစတင်လုပ်ဆောင်သည့် အသေးစားလုပ်ငန်းသည် အရွယ်အစားအားဖြင့် အသေးငယ်ဆုံးဖြစ်ပြီး လုပ်ငန်းအရှိန်ရလာ၍ ထုတ်လုပ်မှုတိုးချဲ့နိုင်မှုမှတစ်ဆင့် မိသားစုလုပ်အားသာမက လုပ်သားများ ငှားရမ်းအသုံးပြုမှုနှင့် လုပ်ငန်းလည်ပတ်ငွေများ အသင့်အတင့်ရှိလာပြီဆိုလျှင် အဆိုပါလုပ်ငန်းအရွယ်အစားမှာလည်း ယခင်ကထက်ကြီးလာသည့် အငယ်စားလုပ်ငန်းဖြစ်လာမှု၊ ထိုမှတစ်ဆင့် အလတ်စားလုပ်ငန်းများ၊ အကြီးစားလုပ်ငန်းများ၊ နောက်တစ်ဆင့်အနေဖြင့် ပြည်တွင်း၌သာမက နိုင်ငံတကာဖြန့်ကြက် လုပ်ဆောင်မှုစသည်ဖြင့် လုပ်ငန်းအရွယ်အစားကြီးမားလာလျှင် လုပ်ငန်း တိုးတက်လာမည်ဖြစ်သည်။

လုပ်ငန်းအရွယ်အစားနှင့်ဆက်စပ်နေသည့်အချက်မှာ ဈေးကွက်ရရှိနိုင်မှုဖြစ်သည်။ အသေးစားလုပ်ငန်းဖြစ်လျှင် မိမိပတ်ဝန်းကျင် အနီးအနားဈေးကွက်တွင်သာ ရောင်းချလေ့ရှိပြီး အငယ်စားဖြစ်လာခဲ့လျှင် အနီးအနားဈေးများသာမက ဒေသတွင်းဈေးကွက်များကို ရောင်းချမှု၊ ထိုမှတစ်ဆင့် အလတ်စားလုပ်ငန်းဖြစ်လျှင် ပြည်တွင်းဈေးကွက်၊ အကြီးစားလုပ်ငန်းဆိုလျှင် ပြည်တွင်းဈေးကွက်တွင်သာမက နိုင်ငံတကာဈေးကွက်များအထိ ရောင်းချနိုင်သည့်အတွက် MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ဦးတည်ချက်နှင့် ဈေးကွက်ရရှိမှုတို့ကလည်း လုပ်ငန်း၏တိုးတက်မှုကို ထင်ဟပ်ပါသည်။

သမားရိုးကျ စတုတ္ထနည်းလမ်းမှာ ထုတ်ကုန်၏ အရည်အသွေးကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့်လည်း ထုတ်ကုန်တန်ဖိုးကို မြင့်တက်စေသည့်နည်းလမ်းဖြစ်သည်။ အရည်အသွေးမှန်ကန်မှုက အခြေခံဖြစ်ပြီး လယ်ယာစားသောက်ကုန်များဖြစ်လျှင် လတ်ဆတ်မှု၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဓာတုဆေးဝါးကင်းစင်မှု၊ သေသပ်သည့် ထုပ်ပိုးမှု၊ ဆိုင်များတွင်ရောင်းချသည့် ကုန်ပစ္စည်းများဖြစ်လျှင် ပြည့်စုံမှုကန်သည့် ကုန်ပစ္စည်းအညွှန်းဖော်ပြမှု စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်သည်။

အကယ်၍ မိမိထုတ်ကုန်များ၏ အရည်အသွေးပိုင်းကောင်းမွန်မှုကို စားသုံးသူများက အသိအမှတ်ပြုလက်ခံလာပြီဆိုလျှင် ထုတ်ကုန်၏နာမည်ကောင်းရှိလာပြီဖြစ်၍ အဆိုပါကုန်စည်များအတွက် ပျဉ်းကွေးကို ဖော်ဆောင်ခြင်းဖြစ်သည်။ ဤနည်းလမ်းကို စီးပွားရေးလုပ်ငန်းတိုင်း ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးမှုရှိသည်။ မိမိထုတ်ကုန်နှင့်ပတ်သက်၍ ထုတ်လုပ်မှုမပြုမီအပိုင်းတွင် ပြုလုပ်သည့် သုတေသန၊ ဒီဇိုင်းနှင့် အနည်းဆုံးသယ်ယူထောက်ပံ့စရိတ်များ လုပ်ဆောင်ခြင်းဖြင့် ထုတ်ကုန်တန်ဖိုးသိသိသာသာ တိုးတက်လာစေသည်။ အရေးအပါဆုံးမှာ သုတေသနနှင့် ဖွံ့ဖြိုးမှု များများလုပ်ဆောင်နိုင်လေလေ ထုတ်ကုန်တန်ဖိုးမြင့်တက်မှုများလေဖြစ်သည်။

ထို့အပြင် ထုတ်ကုန်နှင့်ပတ်သက်၍ ဆွဲဆောင်မှုရှိသည့် ဒီဇိုင်းပုံစံ အမျိုးမျိုး ဆန်းသစ်တီထွင်နိုင်ခြင်းသည် ဒုတိယထုတ်ကုန်တန်ဖိုး အများဆုံးဖြစ်စေပြီး ကုန်ကြမ်းများနှင့် သွင်းအားစုများရယူရာတွင်လည်း သယ်ယူထောက်ပံ့စရိတ်အနည်းဆုံးဖြစ်အောင် စီမံခြင်းဖြင့် ထုတ်ကုန်တန်ဖိုးကို မြင့်တက်စေသည်။ ကုန်ထုတ်လုပ်မှုပြုလုပ်တော့မည်ဆိုလျှင် ပျမ်းမျှစရိတ် အနည်းဆုံးအဆင့် ရောက်သည်အထိ တိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်တန်ဖိုးမြင့်တက်စေသည်။ တစ်ဆက်တည်းမှာပင် ထုတ်လုပ်ပြီးကုန်စည်များ ဈေးကွက်သို့ဖြန့်ဖြူးရောင်းချမှုအပိုင်းတွင်လည်း ထုတ်ကုန်တန်ဖိုးအများဆုံးမြင့်တက်စေသည့်နည်းလမ်းမှာ ရောင်းချပြီးကုန်စည်များနှင့်ပတ်သက်၍ ပေးသည့်ဝန်ဆောင်မှု လုပ်ဆောင်နိုင်လေ ထုတ်ကုန်တန်ဖိုးမြင့်တက်လေဖြစ်သည်။

ဆိုလိုသည်မှာ မိမိထုတ်ကုန်နှင့်ပတ်သက်၍ ချို့ယွင်းချက်၊ အားနည်းချက်များရှိလျှင် အခမဲ့ပြုပြင်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်း စသည့်ဝန်ဆောင်မှုများပေးခြင်းဖြစ်သည်။ ဒုတိယတန်ဖိုးမြင့်တက်မှုအများဆုံးမှာ မိမိထုတ်ကုန်ကို အများသိရှိစေရန် လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ဒီဂျစ်တယ်နည်းပညာအသုံးပြုနည်းလမ်းများ လုပ်ဆောင်နိုင်လေ တန်ဖိုးတက်လေဖြစ်သည်။ ထို့အတူ ထုတ်ကုန်များဈေးကွက်ဖြန့်ဖြူးရောင်းချရာတွင်လည်း သယ်ပို့ထောက်ပံ့စရိတ်အနည်းဆုံးဖြစ်စေရန် စီမံခြင်းဖြင့် ထုတ်ကုန်တန်ဖိုးတိုးတက်စေပါသည်။

**"ထုတ်ကုန်၏ အရည်အသွေးကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့်လည်း ထုတ်ကုန်တန်ဖိုးကို မြင့်တက်စေသည့်နည်းလမ်းဖြစ်သည်။ အရည်အသွေးမှန်ကန်မှုက အခြေခံဖြစ်ပြီး လယ်ယာစားသောက်ကုန်များဖြစ်လျှင် လတ်ဆတ်မှု၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဓာတုဆေးဝါးကင်းစင်မှု၊ သေသပ်သည့် ထုပ်ပိုးမှု၊ ဆိုင်များတွင်ရောင်းချသည့် ကုန်ပစ္စည်းများဖြစ်လျှင် ပြည့်စုံမှုကန်သည့် ကုန်ပစ္စည်းအညွှန်းဖော်ပြမှု စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်သည်"**

စာမျက်နှာ ၁၇ သို့ ⊙

# ကုန်စည်များကို စစ်ဆေးဆောင်ရွက်ရာတွင် မလိုလားအပ်သော ငွေကြေးတောင်းခံမှုများ မရှိစေရန်နှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မှာကြား



မြစ်ကြီးနား အောက်တိုဘာ ၂၅

ကုန်စည်များကို စစ်ဆေးဆောင်ရွက်ရာတွင် တရားဝင်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို မြန်ဆန်စွာ ခွင့်ပြုဖြတ်သန်းနိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ မလိုလားအပ်သော ငွေကြေးတောင်းခံမှုများ မရှိစေရန်နှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးနှင့် အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားမြို့အဝင် ဗလမင်းထင်တံတားရှိ ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်အား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သွားရောက်ကြည့်ရှု စစ်ဆေးစဉ် ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ တာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အရာထမ်း/ အမှုထမ်းများအား မှာကြားသည်။

ထို့အတူ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးက ပြည်သူများ လုံခြုံရေးအတွက် အမြဲမပြတ် စောင့်ကြည့်စစ်ဆေးဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများသည် ပိုင်းခြမ်းမြို့နယ်မိုင်းနား ကျေးရွာအတွင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် ဖွင့်လှစ်ထားသည့် မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများအား ၂၀၂၄ ခုနှစ်အတွင်း နယ်ခြေလုံခြုံရေးအခြေအနေအရ ယာယီပိတ်ထားခဲ့ရသော်လည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုနှင့်အညီ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး အတွက် မတ်လတွင် ရွှေမိုးတောင်ဘုရား မုခ်ဦးမြေခေရာတွင် ယာယီ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် ယခုဖွင့်လှစ်ထားသည့် မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစခန်းသည် ကုန်သွယ်မှု အနေဖြင့် ဧပြီလမှ အောက်တိုဘာလအထိ သွင်းကုန်/ ပို့ကုန်ယာဉ်အစီးရေ ၃၇၀၇ စီး၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၀၁၅ သန်း တန်ဖိုးအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရေကြည် အောက်တိုဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ရေကြည်မြို့နယ် အနောက်ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပုံပိုးရန်ပုံငွေနှင့် ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် အနောက်ရွာသစ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေ ပြည်သူလူထုကိုယ်တိုင် သြဂုတ်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇင်မာ





# ပြည်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ပြည် အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ပြည်မြို့နယ် နဝင်းရပ်ကွက်အိပ်ရွှေ့လွှင်မှော်ဘုရား မွေ့ရှုံ့၌ ပြည်သူများအား အယ်လ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များ အကြောင်းနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် တာဝန်ရှိသူများက အပူဒဏ်ကြောင့် သတိလစ်ခြင်းနှင့် ရောဂါကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

✪ စာမျက်နှာ ၁၆ မှ

အကျဉ်းချုံး၍ဆိုရသော် ဤနည်းလမ်းသည် MSMEs များအပါအဝင်လုပ်ငန်းတိုင်းအတွက် အထူးအရေးပါသည့် တိုးတက်မှုနည်းလမ်းအဖြစ် သတ်မှတ်ထားသော်လည်း မြန်မာ့ MSMEs များအနေဖြင့်မူ ထုတ်ကုန်နှင့်ပတ်သက်၍ ပြုလုပ်ရမည့် သုတေသနပြုလုပ်မှုနှင့် ထုတ်လုပ်ရောင်းချပြီးပေးသည့် ဝန်ဆောင်မှုအပိုင်းတို့တွင် အားနည်းနေသေးကြောင်း တွေ့ရသည်။ သို့ဖြစ်၍ MSMEs များအနေဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုဖော်ဆောင်နိုင်ရေးအတွက် အဆိုပါနှစ်ချက်ကို ပို၍အလေးထားလုပ်ဆောင်ရတော့မည့် အချိန်ဖြစ်ပါသည်။

ဆဋ္ဌမနည်းလမ်းမှာ ယှဉ်ပြိုင်နိုင်မှုအကျိုးကျေးဇူးပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း နိုင်ငံတကာလုပ်ငန်းကြီးများ၏ ထုတ်ကုန်များသည် နည်းပညာအသစ်များ၊ ဒီဇိုင်းအသစ်များ၊ စွမ်းဆောင်ရည်ပိုမိုကောင်းလာမှုများ စသည်တို့ကိုအခြေပြုပြီး အစဉ်အလာအရ စရိုက်သက်သာမှုကို ဦးစားပေးဟဲ့ စွမ်းဆောင်ရည်အမြင့်ဆုံးနဲ့ ဆွဲဆောင်မှုအပြည့်အဝရှိသည့် ကုန်စည်အသစ်များဖြင့် ဈေးကွက်များတွင် ထိုးဖောက်အောင်မြင်လာမှုကို ယှဉ်ပြိုင်နိုင်မှု အကျိုးကျေးဇူးသဘောတရားအရ ထုတ်ကုန်တန်ဖိုး သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်။

သတိပြုရမည့်အချက်မှာ မြန်မာ့ MSMEs များအနေဖြင့် ယှဉ်ပြိုင်နိုင်မှု အကျိုးကျေးဇူးသဘောတရားကို လိုက်နာကျင့်သုံးရန် မလွယ်ကူသေးသည့်အခြေအနေဖြစ်ပြီး နိုင်ငံတကာကုန်စည်အများစုကသာ ဤနည်းလမ်းကို လက်တွေ့ကျင့်သုံးကြသည်။

သတ္တမနည်းလမ်းမှာ (business 4.0) ပုံစံသစ်ကြောင့် ထုတ်ကုန်တန်ဖိုး သိသိသာသာ တိုးတက်လာသည့်နည်းလမ်းဖြစ်သည်။ ယခုမျက်မှောက်ကာလများတွင် စက်မှုတော်လှန်ရေး IR 4.0 နှင့် (business 4.0– digitalization) ခေတ်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒီဂျစ်တယ်နည်းပညာများဖြစ်သည့် IoT –internet of things၊ အလိုအလျောက်စက်များဖြင့် machine learning၊ မြန်နှုန်း မြင့် 5G၊ ဉာဏ်ရည်တုနည်းပညာ၊ အနုစိတ်နာနိုနည်းပညာများ အသုံးပြုလာမှုကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်တက်လာသည့်အတွက် ထုတ်လုပ်မှုစွမ်းအားတက်လာသလို စရိတ်လျော့နည်းလာခြင်းနှင့် စွန့်စားမှုနည်းလာခြင်း စသည့်ကောင်းကျိုးများ ရှိလာပြီဖြစ်သည်။

တစ်ဖက်တွင်လည်း ဆိုရှယ်မီဒီယာများ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာသည့်အတွက် ထုတ်ကုန်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုများ ယခင်ကထက်ပိုရှိလာပြီဖြစ်သည်။ business 4.0 ခေတ်တွင် ယခင်အသုံးပြုခဲ့သည့် ထုတ်လုပ်မှုတွင် စရိတ်အနည်းဆုံး ထုတ်လုပ်မှုအဆင့်နှင့် အုံနှင့်ကျင်းနှင့် အများအပြားထုတ်လုပ်မှု၊ စားသုံးသူဝန်ဆောင်မှုပေးခြင်း ဆိုသည့်အချက်များတွင်လည်း အပြောင်းအလဲများစွာရှိလာနေပြီဖြစ်သည်။

ထုတ်လုပ်မှုပုံစံအသစ်တွင် အုံနှင့်ကျင်းနှင့် ထုတ်လုပ်မှုထက် ဝယ်သူအများဆုံးတောင်းဆိုနေသည့် ကုန်စည်များကို ရွေးချယ် ထုတ်လုပ် ရောင်းချသည့်ပုံစံ ထွန်းကားလာပြီဖြစ်သည်။ ကုန်စည် ရောင်းချမှုပုံစံထက် စားသုံးသူများ၏ ကြိုက်နှစ်သက်မှုကို အများဆုံး ဖြည့်စွမ်းပေးသည့် ဝန်ဆောင်မှုဖြင့် ရောင်းချခြင်းဖြစ်ပြီး ယခင်ကထက် စားသုံးသူတစ်ဦးချင်းစီ၏ ကြိုက်နှစ်သက်မှုကို ဖြည့်စွမ်းနိုင်ရေး အတွက် Mass Personalization ထုတ်လုပ်မှုကို ဆောင်ရွက်လာမှုကြောင့် လုပ်ငန်းများ ပိုမိုတိုးတက်လာသလို စားသုံးသူများ၏ လိုအင်ဆန္ဒကိုလည်း ပိုမိုဖြည့်စွမ်းလာနိုင်ပြီဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံ၏ လုပ်ငန်းများတွင် အလိုအလျောက်စက်များ၊ AI ဉာဏ်ရည်တုနည်းပညာများအသုံးပြုပြီး သတင်းအချက်အလက်များ ရယူမှု၊ ကြိုတင်ခန့်မှန်းမှုများ၊ မြန်ဆန်သည့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် စားသုံးသူဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပြုလုပ်လာနိုင်ပြီဖြစ်သည်။ မြန်မာ့ MSMEs များအပါအဝင် မြန်မာ့စီးပွားရေးလုပ်ငန်းများအနေဖြင့် AI နှင့် ဒီဂျစ်တယ်နည်းပညာများ အသုံးချမှုအပိုင်းတွင် အကန့်အသတ်များရှိနေသေးသော်လည်း AI နည်းပညာအသုံးပြုပြီး သတင်းအချက်အလက်များရယူခြင်း၊ မိမိထုတ်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ခန့်မှန်းတွက်ချက်ခြင်းများဖြင့် တိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ခြုံ၍ပြောမည်ဆိုလျှင် ယနေ့ခေတ်ထုတ်လုပ်မှုလုပ်ငန်းများ အနေဖြင့် စားသုံးသူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုများ ပိုမိုပြုလုပ်နိုင်မှသာ မိမိလုပ်ငန်းပိုမိုအောင်မြင်တိုးတက်နိုင်မည်ဖြစ်သည်။ ထို့အတွက် MSMEs များအပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် တိုးတက်နိုင်မှုနည်းလမ်းများအနက် နောက်ဆုံးနည်းလမ်းနှစ်ခုကို လိုက်နာကျင့်သုံးရန် အကန့်အသတ်များရှိနေသော်လည်း ကျန်သည့် နည်းလမ်းများကို လက်တွေ့ဖော်ဆောင် ကျင့်သုံးခြင်းအားဖြင့် MSMEs များ၏ ထုတ်ကုန်တန်ဖိုး သိသာစွာတိုးတက်လာမည်ဖြစ်ပါသည်။ ။

**ရည်ညွှန်းကိုးကား**


- Deloitte; “Industry 4.0 business models” https://www.deloitte.com
- ESCAP; “Policy Guidebook for SMEs Development and Asia and Pacific, UN, 2012
- Jame Love & Roper White; “SME innovation exporting and growth,” ERC Stephen paper No.5, 2013
- ဒေါက်တာမောင်အောင် “စီးပွားရေးစိန်ခေါ်မှုများနဲ့ ဖြေရှင်းနိုင်တဲ့ နည်းလမ်းများ” ဇွန်လ ၂၀၂၆

ကြေးမုံ





## သီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ခရီးသွားလာမှုများပြား ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၅

မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သည့် အောက်တိုဘာ ၂၄ ရက်နှင့်၎င်းမှစ၍ ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုသောခရီးသွားယာဉ်များ အထူးများပြားသဖြင့် မန္တလေးစကားအင်းတိုးဂိတ်၊ နေပြည်တော်မိုင် (၂၀၀) တိုးဂိတ်တို့တွင် ယာဉ်ကြောပိတ်ဆို့မှု၊ အချိန်ကြာမြင့်စွာစောင့်ဆိုင်းရမှု မဖြစ်ပေါ်စေရေး၊ တိုးဂိတ်များအဝင်အထွက်တွင် Tollpass RFID လမ်းကြောင်း၊ အရန်လမ်းကြောင်း၊ ပုံမှန်ငွေသားကောက်ခံလမ်းကြောင်း၊ ကတ္တာလမ်းကြောင်း စုစုပေါင်း ငါးနေရာဖွင့်၍ ယာဉ်များသွားလာမှုအဆင်ပြေချောမွေ့စေရေး၊ ကြန့်ကြာမှုမရှိစေရေးတို့အတွက် တာဝန်ရှိဝန်ထမ်းများမှ ၂၄ နာရီ အချိန်ပြည့် ကြီးကြပ်ဝန်ဆောင်မှုပေးလျက်ရှိသည်။

အလားတူ နေပြည်တော်ရှိဝန်ထမ်းများ သီတင်းကျွတ်ပိတ်ရက် နေရပ်များသို့ ပြန်နိုင်စေရေးအတွက် အဝေးပြေးခရီးသည်တင်ယာဉ် လိုင်းများက ယာဉ်စီးရေတိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)



## ကန်ကြီးထောင့်မြို့နယ် ပေပင်လေးကျေးရွာ၌ ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းများ ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကန်ကြီးထောင့် အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပေပင်လေးကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ခင်းကျင်းဆောက်လုပ်ခဲ့သော ကွန်ကရစ်လမ်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမြင့်အောင်နှင့် ပေပင်ဒယ်ကန်ဆရာတော် ဥဠုးသုဘောဂတို့က ပေပင်ဒယ်ကန် ကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းအား လိုက်လံကြည့်ရှုခဲ့ကြသည်။ အလားတူ ပေပင်ရွာတွင်း အရှေ့ပိုင်းကွန်ကရစ်လမ်းမကြီး၊ ပေပင်ရွာတွင်း အနောက်ပိုင်း ကွန်ကရစ်လမ်းမကြီး၊ ပေပင်ရွာတွင်း တိုက်ကျောင်းကွန်ကရစ်လမ်းမကြီးတို့အား ပေပင်ခွာကွင်းတိုက်ကျောင်း ဆရာတော်နှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ပေပင်လေးကျေးရွာရှိ ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းများအား ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ပြေပြစ်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ စနစ်တကျခင်းကျင်းဆောက်လုပ်ခဲ့ကြခြင်းဖြစ်ပြီး ယခုအခါ အဆိုပါကွန်ကရစ်လမ်းများ ဖွင့်လှစ်နိုင်ခဲ့သည့် အတွက် ကျေးရွာနေပြည်သူများ အချိန်မရွေး၊ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

## မိုးပျံဘောလုံးစီးနင်း၍ ရွေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် ပုဂံမြို့၏ရှုခင်းအလှကို ကြည့်ရှုခံစားမှုများလာ

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ၏ ရွေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံဒေသတွင် သီတင်းကျွတ်ပွဲတော်ကာလ၌ ပုဂံရွေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဘုရားစေတီပုထိုးများနှင့် ပုဂံမြို့ပြ၏ သဘာဝရှုခင်းအလှကို ပေဝင်မှ မိုးပျံဘောလုံးစီးနင်း၍ ကြည့်ရှုခံစားမှု များလာကြောင်း အဆိုပါ မိုးပျံဘောလုံးဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။



မိုးပျံဘောလုံး ဝန်ဆောင်မှုကို အောက်တိုဘာ ၁၅ ရက်တွင် BOB ကုမ္ပဏီမှ စတင်ပျံသန်းခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် Oriental Ballooning နှင့် အောက်တိုဘာ ၂၄ ရက်တွင် STT (ရှင်သန်သူ)တို့မှ ပျံသန်းခဲ့ကာ နိုဝင်ဘာ ၁၈ ရက်တွင် Golden Eagleကုမ္ပဏီမှ စတင်ပျံသန်းသွားမည်ဖြစ်သည်။ မိုးပျံဘောလုံးစီးနင်းရာတွင် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၃၀၊ ၁၇၀၊ ၁၆၅ နှင့် ၁၅၀ တို့ဖြင့် ဝန်ဆောင်မှုပေးထားပြီး နိုင်ငံသားများအနေဖြင့် အဆိုပါသတ်မှတ်နှုန်းထား အတိုင်း မြန်မာကျပ်ငွေဖြင့် စီးနင်းနိုင်ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ် နယ်မြေသည် ၄၅ စတုရန်းကီလို မီတာကျယ်ဝန်းပြီး ဘုရားစေတီပုထိုးဝန်းကျင်ရှိ ဂန္ဓာရပင်များနှင့် ချုံနွယ်များကို ရှင်းလင်းထားမှုဖြင့် ရွေးဟောင်း ဘုရားစေတီများအား ထင်ရှားစွာ ဖူးမြော်နိုင်သည့်အပြင် ပုဂံဒေသ၏ သဘာဝအလှ၊ ရေကန်၊ ထန်းတော၊ ယာတော၊ တောတန်း၊ ကျေးရွာ၊ မြို့ပြ၊ တုရင်တောင်၊ နတ်သမီးကမ်းပါး၊ ဧရာဝတီမြစ်ပြင်နှင့် သောင်ပြင် စိုက်ခင်းရှုခင်းအလှတို့ကို တွေ့မြင်ခံစားရကြောင်း သိရသည်။

မိုးပျံဘောလုံး ပျံသန်းမှုကို အတွေ့အကြုံရင့် နိုင်ငံခြားသားများက ဦးဆောင်ပျံသန်းပြီး ကွင်းအမှတ် (၂၈/၃) အမှတ်(၇) ဓာတ်အားပေးစက်ရုံ တောင်ဘက် နှင့် ဝက်ကြီးအင်းဂူပြောက်ငယ် မျက်နှာချင်းဆိုင် တောင်ဘက် လမ်းကြားတို့မှ အများဆုံးလွှတ်တင်လေ့ရှိကာ Bagan Lodge Hotel အနောက်ဘက်နှင့် နကြိုးအင်ကွင်းတို့တွင် ပြန်လည်ဆင်းသက်လေ့ရှိသည်။ ယခု သီတင်းကျွတ် ပွဲတော်ကာလ၌ ခရီးသွားများ ဝင်ရောက်လာမှုကြောင့် ပုဂံဒေသသည် စည်ကားလျက်ရှိပြီး မိုးပျံဘောလုံးစီးနင်းကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားများကို နံနက်စောစော ပိုင်းတွင် ဝန်ဆောင်မှုများပေးလျက်ရှိသည်။ ပြီးခဲ့သည့်သီတင်းကျွတ်ပွဲတော်ကာလ ခရီးသွားရာသီ၌ မိုးပျံဘောလုံးကုမ္ပဏီ သုံးခုမှ ဝန်ဆောင်မှုပေးခဲ့ပြီး ယခုနှစ်တွင် ကုမ္ပဏီလေးခုမှ ဝန်ဆောင်မှု ပေးလျက်ရှိကာ အဆိုပါမိုးပျံဘောလုံးပျံသန်းမှုကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ လကုန်ပိုင်းအထိ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်၍ ရာသီဥတုကောင်းမွန်ပါက မတ်လ အထိ ဆက်လက်ပျံသန်းပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ဥသာ၊ ဓာတ်ပုံ – ကိုလွင်

## တနိုင်းမြို့၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

တနိုင်း အောက်တိုဘာ ၂၅

ကချင်ပြည်နယ် တနိုင်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ကိုင်ကြသော ငါးမွေးတောင်သူများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးမွေးမြူထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က တနိုင်းမြို့ ပုန်ခုန်းရပ်ကွက်၌ ကျင်းပသည်။

ဦးစွာ တနိုင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်ဆန်းဝင်းက အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ၊ ကြိုတင်ကာကွယ်ရေးရှိုးဆော်ချက်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရေဦးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



ရေဦး အောက်တိုဘာ ၂၅

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက ရေဦးမြို့ ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ဆေးရုံဝင်း အတွင်း/အပြင်ရှိ ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ရွက်ခြောက်အမှိုက်များ ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် မလွတ်ကင်းသည့်သစ်ကိုင်းများ ရှင်းလင်းနေမှုတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ✪ M-League မှ

ယခုနိုင်ပွဲကြောင့် ဇယားထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၆ မိနစ်တွင် အသင်းခေါင်းဆောင် သီဟဇော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဒဂုံစတားယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် သီဟဇော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

သန်လျင်စတားဧရိယာကွင်း၌ကျင်းပသည့် ပွဲတွင် Chinland အသင်းက မြဝတီအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ Chinland အသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၅၇ မိနစ်တွင် ဖိလစ်၊ ဖိ၁၊ ၈၈ မိနစ်တွင် လှဘုန်းဦး၊ ဖိ၉ မိနစ်တွင် Van Bawi Thawng တို့က သွင်းယူပြီး မြဝတီအသင်းအတွက် ချေပဂိုးကို ၉၀+၄ မိနစ်တွင် ခင်ကျော်ဝင်းက သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Chinland အသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် ဖိလစ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ် (၅) တွင် အား/ကာသိပ္ပံ-ရှမ်းယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်-ရန်ကုန်ယူနိုက်တက်ပွဲစဉ်များကို ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၏ AFC Challenge League ဖြိုင်ပွဲ အုပ်စုပွဲများကြောင့် ရွှေဆိုင်းထားရာ လေးပွဲသာကျင်းပခဲ့သည်။ ပွဲစဉ် (၅) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၁ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ Chinlandအသင်း၊ စစ်ကိုင်းယူနိုက်တက်၊ အား/ကာသိပ္ပံနှင့်ဟံသာဝတီယူနိုက်တက်အသင်းက လေးမှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ မြဝတီအသင်းက တစ်မှတ်ရရှိထားသည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် သုံးပွဲစီ၊ မြဝတီ၊ ဧရာဝတီယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့မှာ လေးပွဲစီသာ ကစားရသေးသည်။

ကိုညီလေး၊ ဓာတ်ပုံ – M-League

# ဒီဂျစ်တယ်နည်းပညာအသုံးပြု နိုင်ငံတကာအစားအစာ ကုန်သွယ်မှုဆီသို့ ...

• • • • • • ဒေါက်တာဝေရီလင်း (စားသုံးသူရေးရာဦးစီးဌာန) • • • • • •

**"စိုက်ပျိုးထုတ်လုပ်မှုအဆင့်နှင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဆန်းသစ်မှုများအနေဖြင့် SPS ဘေးအန္တရာယ်အများစုသည် လယ်ယာ၊ စိုက်ပျိုးရေးခြံများနှင့် ကုန်စည်ပြုပြင်ထုတ်လုပ်သည့်အဆင့်များတွင် စတင်လေ့ရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနှင့် နည်းပညာများကို ဆန်းသစ်တီထွင်ရန် လိုအပ်သည်။ ဓာတုပိုးသတ်ဆေးအကြွင်းအကျန်များလျော့ချရန် ဇီဝထိန်းချုပ်မှုများအသုံးပြုရာတွင် စိုက်ပျိုးထုတ်လုပ်မှု၏ အစောပိုင်းကာလတွင်သာ သမားရိုးကျ ပိုးသတ်ဆေးများကို အသုံးပြုပြီး ရိတ်သိမ်းခါနီးအချိန်များတွင် ဇီဝပိုးသတ်ဆေး သို့မဟုတ် ဇီဝထိန်းချုပ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ကုန်စည်ငြင်းပယ်ခံရမည့်အန္တရာယ်ကို လျော့ချပေးနိုင်"**

ယနေ့ခေတ်ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း ပို၍ ထင်ရှားလာသည်။

ကုန်သွယ်မှုကဏ္ဍ တိုးချဲ့လာသည်နှင့်အမျှ စားသုံးသူများ၏ ကျန်းမာရေးဘေးကင်းလုံခြုံမှု၊ တိရစ္ဆာန်နှင့် အပင်များတွင် ကျရောက်တတ်သော ရောဂါဘေးအန္တရာယ်များ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အပါအဝင် လိုအပ်ချက်များသည် အထူးပင် မြင့်မားလာရာ မဖြစ်မနေလိုက်နာရသည့် လူ၊ အပင်၊ သတ္တဝါသန့်ရှင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ အစီအမံများ (Sanitary and Phytosanitary Measures – SPS) က နိုင်ငံတကာအစားအစာ ကုန်သွယ်မှုတွင် ပိုမိုအလေးထားရသော စံနှုန်းများ ဖြစ်လာသည်။

**နည်းပညာနှင့် အရင်းအမြစ်လိုအပ်ချက်များ**

ရာသီဥတုပြောင်းလဲမှုကြောင့် ခေတ်သစ်ကမ္ဘာ့အစားအစာ ကုန်သွယ်ရေးဝန်းကျင်သည် ပိုးမွှားနှင့် ရောဂါပုံစံများ ပြောင်းလဲလာခြင်း၊ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ်များ ပိုမို ဆန်းပြားလာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းလာခြင်းတို့ကြောင့် ပိုမိုရှုပ်ထွေးလာသည်။ အထူးသဖြင့် ကမ္ဘာ့ဈေးကွက်ကြီးများ၏ နည်းပညာဆိုင်ရာ ဖြည့်ဆည်းရမည့် စံချိန်စံညွှန်းများကို အဓိလိုက်ရန် ခက်ခဲသော နည်းပညာနှင့် အရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တောင်သူလယ်များအတွက် ဈေးကွက်ပိတ်ဆို့မှုများ ကြုံတွေ့ရလေ့ရှိသည်။

တီထွင်ဆန်းသစ်မှုသည် နည်းပညာဆိုင်ရာ ဆန်းသစ်မှုများသာမက လူမှုရေးဆိုင်ရာ ချဉ်းကပ်မှုများ၊ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများ၊ စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများနှင့် လူသားတို့၏အပြုအမူဆိုင်ရာ ပြောင်းလဲမှုများအားလုံးပါဝင်သည်။ ကမ္ဘာပေါ်တွင် ရှိနှင့်ပြီးသား ဖြေရှင်းချက်များကို ဒေသန္တရအခြေအနေများ၊ အသုံးပြုသူများ၏စွမ်းဆောင်ရည်များနှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံပြီး လက်တွေ့ကျကျ အသုံးချခြင်းလည်းဖြစ်သည်။

ထိရောက်သော ဆန်းသစ်မှုများသည် စိတ္တဇ သဘောတရားများမျှသာမဟုတ်ဘဲ ခိုင်မာသော အထောက်အထားများအပေါ်အခြေခံကာ ဒေသတွင်း ပကတိအခြေအနေများကို တုံ့ပြန်နိုင်စွမ်းရှိရန် လိုအပ်ပြီး အထူးသဖြင့် **"အားလုံးပါဝင်နိုင်သော တီထွင်ဆန်းသစ်မှု"** သည် အလွန်အရေးကြီးပါသည်။ ထိုဆန်းသစ်မှုများ၏ အကျိုးကျေးဇူးများသည် လုပ်ငန်းကြီးများဆီသို့သာမက ကွင်းဆက်တစ်ခုလုံး၏အခြေခံလူတန်းစားများဖြစ်သော လယ်သမား ငယ်များ၊ အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများထံသို့ပါ သက်ရောက်နိုင်ရမည်ဖြစ်ပါသည်။

နည်းပညာတိုးတက်လာမှုကြောင့် ဒီဂျစ်တယ်နှင့် ဒေတာအခြေပြု SPS အထောက်အထားများ၏ SPS ဆိုင်ရာ ဘေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း၊ စံချိန်စံညွှန်းကိုက်ညီမှုကို စီမံခန့်ခွဲခြင်းနှင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုံးဝပြောင်းလဲစေခဲ့သည်။ ဒီဂျစ်တယ်စနစ်ဖြင့် ပိုးမွှားစောင့်ကြည့်လေ့လာရာတွင် စမတ်ဖုန်းများနှင့် တက်ဘလက်များကိုအသုံးပြုကာ လယ်ကွင်းအတွင်းမှ ဒေတာများကို ဗဟိုဒိုင်ခွက်ဆီသို့ တိုက်ရိုက်ပေးပို့ခြင်းဖြင့် ပိုးမွှားအန္တရာယ်များကို ပိုမိုမြန်ဆန်စွာ တုံ့ပြန်နိုင်စေသည်။ ဥပမာအားဖြင့် အာရှ–ပစိဖိတ်ဒေသတွင် ဤစနစ်ဖြင့် ဒေသတွင်း စောစီးစွာသတိပေးစနစ်ကို အားကောင်းစေခဲ့သည်။

**နိုင်ငံတကာစံနှုန်းများ**

ထိုအတူ အီလက်ထရောနစ် လက်မှတ်ထုတ်ပေးခြင်းစနစ် (ePhyto/eVet) သည် နိုင်ငံအဆင့် အမျိုးသားစနစ်များအကြား လုံခြုံစိတ်ချရပြီး စက္ကူမဲ့ဖြစ်ကာ နိုင်ငံတကာစံနှုန်းများနှင့်ညီညွတ်သော လက်မှတ်များကို တိုက်ရိုက်ဖလှယ်ခွင့်ပြုသဖြင့် ကုန်သွယ်မှု ကြာမြင့်ချိန်နှင့် ကုန်ကျစရိတ်ကို သိသိသာသာ လျော့ချပေးနေပြီဖြစ်ပါသည်။ ထို့ပြင် ဇီဒီယိုရုပ်သံများနှင့် ဒီဂျစ်တယ်မှတ်တမ်းများကို ပေါင်းစပ်ထားသည့်အဝေးမှနေ၍ စစ်ဆေးခြင်း စနစ်သည် လူကိုယ်တိုင် သွားရောက်ရမည့် ခရီးနှင့် ကြန့်ကြာမှုများကို လျော့ချပေးနိုင်သဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံး၏ အရင်းအမြစ်များ ထိရောက်စွာ အသုံးချနိုင်မှုနှင့် ထိရောက်မှုရှိစေပါသည်။

**စိုက်ပျိုးထုတ်လုပ်မှုအဆင့်နှင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဆန်းသစ်မှုများအနေဖြင့် SPS ဘေးအန္တရာယ်အများစုသည် လယ်ယာ၊ စိုက်ပျိုးရေးခြံများနှင့် ကုန်စည်ပြုပြင် ထုတ်လုပ်သည့်အဆင့်များတွင် စတင်လေ့ရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများနှင့် နည်းပညာများကို ဆန်းသစ်တီထွင်ရန်လိုအပ်သည်။ ဓာတုပိုးသတ်ဆေး အကြွင်းအကျန်များ လျော့ချရန်ဇီဝထိန်းချုပ်မှုများအသုံးပြုရာတွင် စိုက်ပျိုးထုတ်လုပ်မှု၏ အစောပိုင်းကာလတွင်သာ သမားရိုးကျပိုးသတ်ဆေးများကိုအသုံးပြုပြီး ရိတ်သိမ်းခါနီးအချိန်များတွင် ဇီဝပိုးသတ်ဆေး သို့မဟုတ် ဇီဝထိန်းချုပ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ကုန်စည်ငြင်းပယ်ခံရမည့် အန္တရာယ်ကို လျော့ချပေးနိုင်သည်။**

အလားတူပင် ကိုကိုးသီးနှံတွင် ကက်ဒမီယမ်ဓာတ်ညစ်ညမ်းမှုကို လျော့ချရန်အတွက် သယ်ဆောင်ရလွယ်ကူသော X-ray Fluorescence Spectrometer– XRF ကိရိယာများဖြင့် မြေဆီလွှာနှင့် သီးနှံတို့ရှိ သတ္တုဓာတ်ပါဝင်မှုကို ကွင်းဆင်း စစ်ဆေးပြီး အန္တရာယ်ရှိသောနေရာများကို မြေပုံညွှန်းရေးဆွဲခြင်းဖြင့် ကြိုတင်ကာကွယ်မှုများကို လက်တွေ့ဖော်ဆောင်နိုင်ပါသည်။

**SPS စနစ်များ၏ အကျိုးကျေးဇူးများကို လယ်သမားငယ်များ၊ MSMEs များ၊ အမျိုးသမီးများနှင့် လူငယ်များအထိ ခံစားရရှိစေရေးဖော်ဆောင်ပေးနိုင်ရန် အားလုံးပါဝင်နိုင်သော လူမှုရေးဆိုင်ရာ ဆန်းသစ်မှုများက အရေးပါလျက်ရှိပါသည်။ အင်တာနက်လိုင်းအခြစ်နှုန်း အနည်းငယ်သာ လိုအပ်သော ဒီဂျစ်တယ်မိုဘိုင်းအကြံပေးဝန်ဆောင်မှုသည် တောင်သူများလိုအပ်သည့်အချိန်တွင် SPS ဆိုင်ရာ သတ်မှတ်ချက်များကို အလွယ်တကူရရှိစေသည်။**

ဆီနီဂေါနိုင်ငံ၏ ဟင်းသီးဟင်းရွက်ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း အမျိုးသမီးစိုက်ပျိုးထုတ်လုပ်သူ အစုအဖွဲ့ပုံစံများကို အသုံးပြုကာ စွမ်းဆောင်ရည် မြှင့်တင်ပေးခဲ့သည်။ ဤစနစ်ကြောင့် အမျိုးသမီးများသည် သီးနှံအရည်အသွေး စစ်ဆေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် အရည်အသွေး အာမခံချက်ပေးခြင်းလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်လာနိုင်ခဲ့ကြပြီး ထုတ်ကုန်အရည်အသွေးကို မြင့်မားစေနိုင်ကြောင်း လက်တွေ့ သက်သေပြခဲ့သည်။

ထိရောက်သော SPS စနစ်များသည် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများအပေါ်သာမက ပွင့်လင်းမြင်သာမှုရှိပြီး အထောက်အထားအခြေပြုသော ခိုင်မာသည့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအပေါ်တွင်လည်း တည်မှီနေရာ စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာတွင် ဆန်းသစ်မှုများလိုအပ်ပါသည်။

စည်းမျဉ်းဆိုင်ရာအကျင့်ကောင်းများ (Good Regulatory Practices – GRPs) နှင့် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ မျှဝေပေးသည့်အွန်လိုင်းစနစ် (ePing) ပလက်ဖောင်းတို့သည် ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးနိုင်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍအတွက် မလိုအပ်သော ကုန်ကျစရိတ်နှင့် လုပ်ထုံးလုပ်နည်း ဝန်ထုပ်ဝန်ပိုးများကို လျော့ချပေးပြီး နိုင်ငံတကာ စည်းမျဉ်းအပြောင်းအလဲများကို ပွင့်လင်းမြင်သာစွာ သိရှိစေပါသည်။

**SPS ရင်းနှီးမြှုပ်နှံမှုများ**

ထို့ပြင် အစိုးရ၏ကြီးကြပ်မှုအောက်တွင် တရားဝင်အသိအမှတ်ပြုထားသော ပုဂ္ဂလိက တတိယအဖွဲ့အစည်းများက စံချိန်စံညွှန်းကိုက်ညီမှု စစ်ဆေးပေးသည့် ပုဂ္ဂလိကအာမခံချက်ပေးခြင်း (voluntary Third–Party Assurance vTPA) စနစ်သည် ပြည်သူ့အရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံးချနိုင်ပါသည်။ ဂမ်ဘီယာနိုင်ငံတွင် ဈေးကွက်ရရှိရေးအတွက် SPS ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးသတ်မှတ်ခြင်း ( Prioritizing SPS Investments for Market Access P–IMA) မူဘောင်ကိုသုံး၍ သီဟိုဠ်ဧစ္ဆေ ပို့ကုန်ကဏ္ဍကို ဦးစားပေးရင်းနှီးမြှုပ်နှံခဲ့ရာ အမေရိကန်ဒေါ်လာ ၃ သန်း ရင်းနှီးမြှုပ်နှံမှုမှ ဒေါ်လာ ၅၂ သန်းအထိ ပြန်လည်ရရှိနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီး စမတ်ကျသော ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များကို လမ်းညွှန်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုသည် ပိုးမွှားများနှင့် ရောဂါအန္တရာယ်များကို ခန့်မှန်းရခက်ခဲစေသဖြင့် ရာသီဥတုဆိုင်ရာဆန်းသစ်သော ချဉ်းကပ်မှုများသည် မဖြစ်မနေလိုအပ်လာသည်။ သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုရှိသော ပိုးမွှားစီမံခန့်ခွဲမှုတွင် အိုဇုန်းလွှာကို ပျက်စီးစေသော မီသိုင်းဘရိုမိုက်အစား အပူပေးစနစ်ဖြင့် ပိုးသတ်ခြင်း စံလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ချပေးသည်။ ထိုအတူ ရာသီဥတုပြောင်းလဲမှုနှင့်အညီ စောင့်ကြည့်စစ်ဆေးမှု ပရိုတိုကောများကိုမွမ်းမံ၍ ကုန်သွယ်မှုနှင့် လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမပြတ်တောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

SPS စနစ်များ တိုးတက်ပြောင်းလဲရန်အတွက် နည်းပညာနှင့် အရင်းအမြစ်များ ရရှိရုံမျှဖြင့် မလုံလောက်ဘဲ တွေးခေါ်မြော်ဖြင်မှုပုံစံ၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် မူဝါဒချမှတ်သူများနှင့် စည်းကမ်းထိန်းသိမ်းရေးသမားများသည် ဆန်းသစ်သော တွေးခေါ်မှုများကို အမျိုးသားမဟာဗျူဟာများနှင့် စည်းမျဉ်းများတွင် ထည့်သွင်းရန်၊ SPS ဆိုင်ရာ အာဏာပိုင်များက ဒေသတွင်းနှင့်ကိုက်ညီပြီး စမ်းသပ်အောင်မြင်သည့် ဖြေရှင်းချက်များကို ဦးစားပေးတိုးချဲ့ရန် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အစိုးရနှင့်အတူ အချက်အလက်များမျှဝေပြီး ကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းကိုက်ညီအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကာ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် အလှူရှင်များသည် ရာသီဥတုနှင့် အားလုံးပါဝင်နိုင်မှုကို အလေးထား၍ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများကို ဆက်လက်လုပ်ဆောင်သွားရန် လေ့လာသုံးသပ်များက ထောက်ခံအကြံပြုထားပါသည်။

ပြောင်းလဲလာသော ကမ္ဘာ့ကုန်သွယ်ရေးဝန်းကျင်တွင် တီထွင်ဆန်းသစ်မှုသည် မဖြစ်မနေ လျော့ကျလုပ်ရမည့် လမ်းစဉ်ဖြစ်၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများနှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ကုန်သွယ်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

**အဓိကချက်ကိုး–** STDF,2026 Innovations for Safe Trade: Driving SPS Capacity, Inclusion and Market Access **ကို အဓိက ဖိုငြမ်းပါသည်။**

# မင်းဘူးမြို့၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မင်းဘူး အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို မကွေး တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကြည်ထွန်းနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းဘူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထွေထွေပိုလျှံရန်ပုံငွေ (GRF)မှ ခွင့်ပြုရန်ပုံငွေဖြင့် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် အမှတ်(၂) ရပ်ကွက်အထိ လမ်းအရှည် ပေ ၁၇၂၀၊ အကျယ် ပေ ၃၀ ရှိ ကမ်းနားလမ်းကို ခွင့်ပြုငွေကျပ် ၅၈ သန်းဖြင့် မြေသားတာပေါင်းဖြင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အမှတ်(၁)ရပ်ကွက် ကုန်းမြင့်သာလမ်းနှင့် သနပ်ခါးတောလမ်းရှိ မြို့ရေပေးဝေရေးလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၉ ဒသမ ၁၀ သန်းဖြင့် အရှည် ပေ ၈၀၀ ရှိ လေးလက်မ ရေဖြန့်ပိုက်လိုင်းသွယ်တန်း တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် မြို့မစွေးအတွင်း အဆင့်မြင့် စွေးဆိုင်ခန်း ၁၁ ခန်း တည်ဆောက် ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မင်းဘူးမြို့ ကားကြိုးဝင်းအတွင်း ကားဂိတ် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# တွံတေးမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး

တွံတေး အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး၊ သတိပေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ကျေးရွာများအတွင်း လျှပ်စစ်မီးအသုံးပြုမှုနှင့် မီးဘေးလုံခြုံရေး ဆိုင်ရာ လိုအပ်ချက်များကို စစ်ဆေးကာ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး စစ်ဆေး၊ အကြံပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# စစ်ကိုင်းတိုင်းဒေသကြီးအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆွေးနွေး

မုံရွာ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးနှင့် အယ်လ်နီညို ကာလအတွင်း တိရစ္ဆာန်မွေးမြူသူများအား အသိပေးနှိုးဆော်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဒေါက်တာဆန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးနှင့် အဖွဲ့ဝင်များက တိုင်းဒေသကြီးအဆင့် တိရစ္ဆာန် ကောင်ရေ စာရင်းကောက်ယူရေး အပြင် အယ်လ်နီညိုကာလအတွင်း တိရစ္ဆာန် မွေးမြူသူများအား အသိပေးနှိုးဆော်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသော ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆွေးနွေးတင်ပြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

အုတ်တွင်း အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာ စိုက်ကေငါးကေရှိ တောင်သူ ဦးဖြင့်သိန်း၏ နှံကောက်အမျိုးအစား မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကွင်း၌ ပြုလုပ်သည်။

အခမ်းအနားသို့ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများတက်ရောက်ပြီး မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၃၅ တင်း (အခြောက် တင်း ၁၃၀) ထွက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# ကသာမြို့၌ အယ်လ်နီညိုဒဏ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကသာ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အယ်လ်နီညိုဒဏ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များကို ဒေသခံပြည်သူများသိရှိနိုင်စေရန်အတွက် ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့၊ သိရိခေမာစွေးရှေ့နှင့် ကမ်းနားလမ်းတစ်လျှောက်ဖြန့်ဝေခဲ့သည်။

အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းနှင့် လှည့်လည်နှိုးဆော် အသိပညာပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် အယ်လ်နီညို အတွက် ရေအသုံးချသူများ ကြိုတင်ပြင်ဆင်ကြပါစို့၊ အယ်လ်နီညို ရာသီဥတုကာလဝယ် ကျန်းမာအောင်နေကြမယ်၊ အယ်လ်နီညိုဒဏ် ကာကွယ်ဖို့ကြိုတင်စီမံဆောင်ရွက်စို့၊ တောင်သူများလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကျန်းမာရေး၊ လူမှုရေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များပါရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ပြင်ဦးလွင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပြင်ဦးလွင် အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူး၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် မဟာရွှေဖြင်တင်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အမှုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ် တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ခဲတံတစ်ချောင်းက စတင်သင်ပေးသော လူငယ်တို့၏ ကျင့်ဝတ်

ဉာဏ်သစ်(မန်းတက္ကသိုလ်)

“ကြီးကြီးရေ... သူတို့က သမီးကိုမပြောဘဲ သမီးခဲတံကိုယူရေးတယ်။ ပြီးတော့ ခဲတံကျိုးသွားတာတောင် ဘာမှမပြောဘဲ ပြန်ထည့်ထားတယ်။ ခဲဖျက်ကိုလည်း ယူဖျက်တယ်။ သမီးမကြိုက်ဘူး...”

တူမလေး၏ မကျေမနပ်အသံလေးက အခန်းထဲတွင် ပဲ့တင်ထပ်လာသည်။ အသက်ငယ်ငယ်လေးနှင့် ပြောလိုက်သည့်စကားများက ရိုးရှင်းလွန်းလှသည်။ သို့သော် ထိုစကားလေးများအတွင်းမှာ လူကြီးများအနေဖြင့် တစ်ချိန်က မိမိတို့ကလေးဘဝတွင် သင်ယူခဲ့ရသည့် ကျင့်ဝတ်သင်ခန်းစာတစ်ခု ပါဝင်နေသည်။

“သမီးကိုပြောရင် ပေးမှာပေါ့။ သမီးဆီကမေးပြီး ယူသုံးရင် သမီးလည်း ဘာမှ မပြောဘူး။”

သူပြောတာ မှန်သည်။

ခဲတံတစ်ချောင်းက တန်ဖိုးကြီးလှသည့် ပစ္စည်းမဟုတ်ပါ။ ခဲဖျက်တစ်ခုလည်း ထိုနည်းတူပင်။ သို့သော်တစ်စုံတစ်ဦး၏ပစ္စည်းကို ခွင့်မတောင်းဘဲ ယူသုံးခြင်း၊ ပျက်စီးသွားသော်လည်း တာဝန်မယူခြင်းသည် ခဲတံတစ်ချောင်း၏ တန်ဖိုးထက်ပိုမိုကြီးမားသည့် အကြောင်းအရာတစ်ခုကို ပြောပြနေသည်။ ထိုအရာမှာ **သူတစ်ပါး၏ အခွင့်အရေးနှင့် ပိုင်ဆိုင်မှုကို လေးစားတတ်ခြင်း**ဖြစ်သည်။

ထိုနေ့တွင် ကြီးကြီးက ခဲတံနှစ်ချောင်း ထပ်ထည့်ပေးလိုက်သည်။ ထမင်းဘူးထဲတွင်လည်း ဟင်းအနည်းငယ် ပိုထည့်ပေးလိုက်သည်။ “သူငယ်ချင်းကိုလည်း မျှဝေစားနော်။ သူတို့ပိုချင်ရင်ခွင့်တောင်းပြီး ယူသုံးခိုင်း။ သုံးပြီးရင် ပြန်ပေးတတ်တဲ့အကျင့်လုပ်ကြ” ဟု မှာလိုက်သည်။

ခဲတံတစ်ချောင်းကို ငှားပေးခြင်း၊ ထမင်းတစ်လုတ်ကို မျှဝေပေးခြင်း—ကြည့်လျှင် အလွန်သေးငယ်သည့် လုပ်ရပ်များသာဖြစ်သည်။ သို့သော် ထိုအသေးအဖွဲများထဲတွင် **လေးစားမှု၊ ရက်ရောမှု၊ ကိုယ်ချင်းစာတရားနှင့် တာဝန်ယူမှုတို့**၏ အခြေခံစံတန်ဖိုးများ ပါဝင်နေသည်။

ယနေ့ ကျွန်ုပ်တို့ လူငယ်များကို ကြည့်မည်ဆိုလျှင် မေးစရာတစ်ခု ရှိလာသည်။ နည်းပညာကို ကျွမ်းကျင်လာကြသလို **လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် လိုအပ်သည့်ကျင့်ဝတ်များကိုလည်း ကျွမ်းကျင်လာကြပြီလား။** အင်တာနက်ပေါ်တွင် ကမ္ဘာတစ်ဝန်းနှင့် ချိတ်ဆက်နိုင်သည့် လူငယ်များသည် မိမိဘေးနားက လူတစ်ဦး၏ အခွင့်အရေးကိုလည်း လေးစားတတ်ကြပါသလား။

အမှန်တော့ လူတစ်ယောက်၏ ကျင့်ဝတ်သည် ကြီးမားသည့်အရာတစ်ခုမှ စတင်သည်မဟုတ်ပါ။ ခဲတံတစ်ချောင်းကို ခွင့်တောင်းပြီး ယူသုံးခြင်းကဲ့သို့သော **သေးငယ်သည့်အလေ့အကျင့်ကောင်းလေးများမှ စတင်သည်။**

ထိုသို့ဆိုလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သော လူမှုတန်ဖိုးများထဲမှ ယနေ့လူငယ်များအတွက် မဖြစ်မနေထိန်းသိမ်းသင့်သည့် စံတန်ဖိုးများမှာ အဘယ်နည်း။ ထိုတန်ဖိုးများကို ခေတ်သစ်လူနေမှုဘဝနှင့် မည်သို့ပေါင်းစပ်နိုင်မည်နည်း။ အရေးအကြီးဆုံးမှာ—**ထိုကျင့်ဝတ်များက မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာကြောင့် အရေးကြီးသနည်း။**

**ခွင့်တောင်းတတ်ခြင်းက လူတစ်ယောက်၏ တန်ဖိုးကို ပြသည်**

သူငယ်ချင်း၏ ခဲတံကိုလိုချင်ပါက “ခဏယူသုံးလို့ရမလား” ဟု မေးနိုင်သည်။ စာအုပ်တစ်အုပ်ကို ကြည့်ချင်ပါက “ခဏကြည့်လို့ရမလား” ဟု ခွင့်တောင်းနိုင်သည်။ သူတစ်ပါး၏နေရာကို အသုံးပြုလိုပါကလည်း မေးမြန်းနိုင်သည်။ ထိုစကားလေးများသည် ရိုးရှင်းသော်လည်း **သူတစ်ပါး၏အခွင့်အရေးကို အသိအမှတ်ပြုခြင်း**ဖြစ်သည်။

ခွင့်တောင်းတတ်ခြင်းသည် မိမိကိုယ်ကို နှိမ့်ချခြင်းမဟုတ်ပါ။ မိမိလိုချင်သည့်အရာကို အတင်းအကျပ်ယူမည့်အစား အခြားသူ၏ သဘောထားကို ထည့်သွင်းစဉ်းစားတတ်ခြင်းဖြစ်သည်။ ထိုအလေ့အကျင့်သည် နောင်တွင် အလုပ်ခွင်၌လည်းကောင်း၊ လူမှုဆက်ဆံရေး၌လည်းကောင်း၊ အများပြည်သူနှင့် ဆက်ဆံရာ၌လည်းကောင်း အသုံးဝင်လာမည်ဖြစ်သည်။

လူငယ်တစ်ဦး၏ ယဉ်ကျေးမှုသည် သူဝတ်ဆင်ထားသည့် အဝတ်အစား၊ အသုံးပြုနေသည့် ဖုန်း သို့မဟုတ် ပညာအရည်အချင်းဖြင့်သာ မဆုံးဖြတ်နိုင်ပါ။ **သူတစ်ပါးကို မည်မျှလေးစားသနည်း** ဆိုသည့်အချက်ကလည်း ထိုလူငယ်၏တန်ဖိုးကို ဖော်ပြနေသည်။

**“ငါဟာ” ထက် “ငါတို့ဟာ” ဆိုသည့်စိတ်**

လူတိုင်း၏ မိသားစုအခြေအနေ၊ စီးပွားရေးအခြေအနေနှင့် အခွင့်အရေးများသည် တူညီကြမည်မဟုတ်ပါ။ အတန်းထဲတွင် စာရေးကိရိယာ အပြည့်အစုံရှိသည့် ကလေးလည်းရှိမည်။ ခဲတံတစ်ချောင်း၊ ခဲဖျက်တစ်ခုကိုပင် အခက်အခဲဖြင့် ရရှိသည့်ကလေးလည်း ရှိနိုင်သည်။

ထိုသို့သော အခြေအနေတွင် “ဘာကြောင့် မယူလာတာလဲ” ဟု အပြစ်တင်ခြင်းထက် “ ငါ့မှာရှိတာထဲက ဘာမျှဝေပေးနိုင်မလဲ” ဟု စဉ်းစားတတ်ခြင်းက ပိုရိုလုပ်သော လူငယ်စိတ်ဓာတ်ဖြစ်သည်။ ထမင်းဘူးထဲမှ ဟင်းအနည်းငယ်မျှဝေခြင်း၊ မိမိတွင်ရှိသည့် ခဲတံတစ်ချောင်းကို ခဏငှားပေးခြင်း၊ စာမရသေးသည့် သူငယ်ချင်းကို ပြန်ရှင်းပြပေးခြင်းတို့သည် ကြီးမားသောအရာများ မဟုတ်ပါ။

သို့သော် ထိုအသေးအဖွဲလုပ်ရပ်များက **ကိုယ်ချင်းစာတရား၊ ရက်ရောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု**တို့ကို တဖြည်းဖြည်းတည်ဆောက်ပေးသည်။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တွင်လည်း “ငါ” တစ်ဦးတည်း အတွက်မဟုတ်ဘဲ “ငါတို့” အားလုံးအတွက် စဉ်းစားတတ်သော လူငယ်များ ပိုမိုလိုအပ်သည်။

**အပင်တစ်ပင်ကို မချိုးခြင်းကလည်း လူကောင်းဖြစ်ခြင်းပင်**

လမ်းသွားရင်း အပင်၏ အညွှန့်ကို ချိုးလိုက်သည်။ ပန်းတစ်ပွင့်ကို ခူးလိုက်သည်။ အပင်ငယ်တစ်ပင်ကို တုတ်ဖြင့် ရိုက်လိုက်သည်။ “ဒါလေးပဲ၊ ဘာဖြစ်မှာလဲ” ဟု တွေးမိနိုင်သည်။

သို့သော် ကျင့်ဝတ်ဆိုသည်မှာ အခြားသူများကြည့်နေသည့်အချိန်တွင်သာ ကောင်းမွန်စွာပြုမူခြင်းမဟုတ်ပါ။ **ဘယ်သူမှမမြင်သည့်အချိန်တွင်ပင် မှန်ကန်သောအရာကို ရွေးချယ်တတ်ခြင်း**ဖြစ်သည်။

အပင်တစ်ပင်ကို မချိုးခြင်းသည် သဘာဝကို တန်ဖိုးထားခြင်းဖြစ်သည်။ အများပိုင်နေရာကို မည်စပတ်စေခြင်းသည် အခြားသူများကို လေးစားခြင်းဖြစ်သည်။ အမှိုက်ကို အမှိုက်ပုံးထဲထည့်ခြင်းသည် မိမိ၏ တာဝန်ကို သိခြင်းဖြစ်သည်။

ယနေ့ခေတ် လူငယ်များအနေဖြင့် သဘာဝဝတ္ထုဝန်းကျင်ထိန်းသိမ်းရေးကို ကမ္ဘာ့အရေးကြီးကိစ္စတစ်ခုအဖြစ် လေ့လာနေကြသည်။ ထိုအကြောင်းအရာများ၏ အခြေခံမှာ အလွန်ရိုးရှင်းပါသည်။ **“မိမိကြောင့်အခြားအရာတစ်ခုမထိခိုက်စေရ”** ဆိုသည့်စိတ်ဓာတ်ပင်ဖြစ်သည်။

**“မြန်မာနိုင်ငံ၏အနာဂတ်ကို တည်ဆောက်မည့် လူငယ်တို့—ခေတ်မီပညာကို သင်ယူကြပါ။ ကမ္ဘာကို ရင်ဆိုင်နိုင်သည့် ကျွမ်းကျင်မှုများကိုရယူကြပါ။ ထိုအရာများနှင့်အတူ မိမိတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သော လူမှုကျင့်ဝတ်တန်ဖိုးများကိုလည်း မမေ့ကြပါနှင့်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် လူငယ်တို့၏လက်ထဲတွင်သာမက လူငယ်တို့၏ စိတ်နှလုံးထဲတွင်လည်း ရှိနေပါသည်။ ပညာ၊ ကျွမ်းကျင်မှု၊ နည်းပညာတို့သည် လူ့အဖွဲ့အစည်းကို ပိုမိုကောင်းမွန်စေသော်လည်း ထိုအရာများ၏ အဓိပ္ပာယ်ကို ပေးသူမှာ လူသားတို့ပင်ဖြစ်သည်။ ထို့ကြောင့် ခေတ်မီပညာရပ်များကို လေ့လာသင်ယူသည့်အခါ ကိုယ်ချင်းစာတရား၊ ရက်ရောမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို မမေ့ကြပါနှင့်။ ဤအရာများသည် ကမ္ဘာ့ကြီးထွားတိုးတက်မှုအတွက် အရေးပါဆုံးသော အုတ်မြစ်များဖြစ်ကြောင်း ယုံကြည်ပါသည်။”**

**စကားပြောတတ်သလို နားထောင်တတ်ဖို့လည်းလိုသည်**

လူငယ်များသည် မေးခွန်းမေးတတ်ရမည်။ မိမိ၏အမြင်ကိုလည်း ရဲရဲပြောတတ်ရမည်။ သို့သော် မိမိပြောချင်သည့်အချိန်တိုင်းပြောခြင်းသည် လွတ်လပ်စွာပြောဆိုခြင်းနှင့်မတူပါ။

ဆရာတစ်ဦးက ကျောင်းသားတစ်ဦးကို ရှုင်းပြနေချိန်တွင် အခြားကျောင်းသားက ကြားဝင်မေးမြန်းခြင်း၊ လူကြီးများ စကားပြောနေချိန်တွင် မစောင့်ဘဲဝင်ပြောခြင်း၊ တစ်စုံတစ်ဦး အလုပ်လုပ်နေချိန်တွင် မလိုအပ်ဘဲ အနှောင့်အယှက်ပေးခြင်းတို့သည် အချိန်အခါကို မသိခြင်းဖြစ်နိုင်သည်။

ထို့ကြောင့် လူငယ်များအနေဖြင့် **ဘယ်အချိန်မှာ ပြောရမလဲ၊ ဘယ်အချိန်မှာ နားထောင်ရမလဲ၊ ဘယ်အချိန်မှာ ခွင့်တောင်းရမလဲ** ဆိုသည်ကိုလည်း သိရှိရန်လိုသည်။ လူတစ်ဦးသည် စကားပြောကောင်း သူဖြစ်ရုံဖြင့် ဆက်ဆံရေးကောင်းသူ ဖြစ်မလာနိုင်ပါ။ နားထောင်တတ်သူ၊ အခြားသူ၏အခြင်ကို လေးစားတတ်သူနှင့်မတူညီသော အခြင်များကို သည်းခံတတ်သူ ဖြစ်လာရန်လည်း လိုအပ်သည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သော လူမှုတန်ဖိုးများကို ခေတ်သစ်ဘဝထဲသို့ ယူဆောင်ကြပါစို့**

“လူကြီးသူမကို ရိုသေပါ”၊ “ခွင့်တောင်းပါ”၊ “ကျေးဇူးတင်ပါ”၊ “မှားလျှင် တောင်းပန်ပါ”၊ “သူတစ်ပါးပစ္စည်းကို မယူပါနှင့်”၊ “အများပိုင်အရာကို မဖျက်ဆီးပါနှင့်” စသည့် ဆုံးမစကားများသည် ရှေးခေတ်တွင်သာ အသုံးဝင်ခဲ့သည့် စကားများမဟုတ်ပါ။

ယနေ့ ဆိုရှယ်မီဒီယာတွင်လည်း ထိုကျင့်ဝတ်များ လိုအပ်သည်။ သူတစ်ပါး၏ ဓာတ်ပုံကို ခွင့်မတောင်းဘဲအသုံးမပြုခြင်း၊ အခြားသူ၏ အကြောင်းအရာကို မိမိရေးသကဲ့သို့ မဖော်ပြခြင်း၊ မမှန်ကန်သော သတင်းကို မမျှဝေမီ စစ်ဆေးခြင်း၊ အွန်လိုင်းတွင် အခြားသူကို မထိခိုက်အောင် ပြောဆိုခြင်းတို့သည်လည်း ယနေ့ခေတ်၏ “ခွင့်တောင်းခြင်း၊ ရှိသေခြင်းနှင့် တာဝန်ယူခြင်း” များပင် ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သောလူမှု တန်ဖိုးများကို ခေတ်နှင့်မကိုက်ညီတော့သည့်အရာဟု မမြင်သင့်ပါ။ **တန်ဖိုးကို ထိန်းသိမ်းပြီး အသုံးချသည့် ပုံစံကို ခေတ်နှင့်အညီ ပြောင်းလဲရန်သာလိုသည်။**

**မိသားစုကစပြီး ကျောင်းက ဆက်ပေးရမည့် သင်ခန်းစာ**

ကလေးတစ်ဦး၏ အကျင့်စာရိတ္တကို တစ်ရက်တည်းဖြင့် တည်ဆောက်၍မရပါ။ မိသားစု၏ နေ့စဉ်အပြုအမူများက အခြေခံပေးပြီး ကျောင်းက ဆက်လက်ပို့ဆောင်ပေးရသည်။

မိဘက “ခွင့်တောင်းပါ” ဟု ပြောပြီး ကိုယ်တိုင်သူတစ်ပါး၏ အခွင့်အရေးကို မလေးစားပါက ကလေးအတွက် သင်ခန်းစာမပြည့်စုံနိုင်ပါ။ ဆရာက “သူငယ်ချင်းကို လေးစားပါ” ဟု ပြောပြီး စာသင်ခန်းထဲတွင် ကျောင်းသား၏အမြင်ကို မနားထောင်ပါ ကလည်း ထိရောက်မှုနည်းနိုင်သည်။ ထို့ကြောင့် ကျင့်ဝတ်ပညာသည် စကားဖြင့်သင်ကြားရုံမဟုတ်ဘဲ **လက်တွေ့အပြုအမူဖြင့် ပြသရသော ပညာရေးဖြစ်သည်။**

မိသားစုနှင့် ကျောင်းက တစ်သံတည်းဖြင့် ကလေးများကို လမ်းညွှန်ပေးနိုင်ပါက ကလေးများသည် ခွင့်တောင်းတတ်ခြင်း၊ မျှဝေတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ အခြားသူကို လေးစားတတ်ခြင်းတို့ကို သဘာဝအလေ့အကျင့်တစ်ခုအဖြစ် တဖြည်းဖြည်း ရရှိလာမည်ဖြစ်သည်။

**လူငယ်တို့အတွက် စကား**

လူငယ်တစ်ဦး၏ အောင်မြင်မှုကို စာမေးပွဲအမှတ်၊ ဘွဲ့ဒီဂရီသို့မဟုတ် ရာထူးတစ်ခုတည်းဖြင့် မတိုင်းတာနိုင်ပါ။ **မည်သူမျှမကြည့်သည့်အချိန်တွင် မှန်ကန်သောအရာကို ရွေးချယ်နိုင်သလား၊ မိမိမပိုင်သည့်အရာကို လေးစားနိုင်သလား၊ လိုအပ်သူကို မျှဝေပေးနိုင်သလား၊ အမှားပြုမိလျှင် တာဝန်ယူနိုင်သလား**ဆိုသည့်အချက်များကလည်း လူငယ်တစ်ဦး၏ အရည်အသွေးကို ဖော်ပြနေသည်။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သော လူမှုတန်ဖိုးများကို စာအုပ်ထဲတွင်သာ မထားကြပါနှင့်။ မိမိ၏ စာသင်ခန်းထဲတွင် ကျင့်သုံးပါ။ သူငယ်ချင်းများနှင့် ဆက်ဆံရာတွင် ကျင့်သုံးပါ။ မိသားစုအတွင်း ကျင့်သုံးပါ။ အွန်လိုင်းလောကတွင်လည်း ကျင့်သုံးပါ။

**ခဲတံတစ်ချောင်းကို ခွင့်တောင်းပြီး ယူသုံးခြင်းက စတင်နိုင်သည်။**
**ထမင်းတစ်လုတ်ကို မျှဝေပေးခြင်းက ဆက်လက်နိုင်သည်။**
**အပင်တစ်ပင်ကို မချိုးခြင်းက ပိုမိုကျယ်ပြန့်လာနိုင်သည်။**
**လူကြီးတစ်ဦး၏ စကားကို စိတ်ရှည်စွာ နားထောင်ခြင်းက ပိုမိုနက်ရှိုင်းလာနိုင်သည်။**

ထိုအသေးအဖွဲကောင်းများ စုစည်းလာသောအခါ လူကောင်းများပေါ်ထွက်လာမည်။ လူကောင်းများစုစည်းလာသောအခါ လူမှုအသိုင်းအဝိုင်းကောင်းတစ်ရပ်ဖြစ်လာမည်။ လူမှုအသိုင်းအဝိုင်းကောင်းများ ပေါင်းစည်းလာသောအခါ နိုင်ငံ၏အနာဂတ်လည်း ပိုမိုခိုင်မာလာမည်။

မြန်မာနိုင်ငံ၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင်သာမက သူတို့၏ စိတ်နှလုံး၊ ဉာဏ်ရည်နှင့် တန်ဖိုးအမြင်များထဲတွင် တည်ရှိနေသည်။ ပြောင်းလဲမှုများ လျင်မြန်လာသောကမ္ဘာတွင် လူငယ်များသည် ခေတ်မီပညာရပ်များကို ခွဲလှဲ့လေ့ဖြင့် သင်ယူရမည်ဖြစ်သကဲ့သို့ ဒီဂျစ်တယ်နည်းပညာ၊ စာတတ်မြောက်မှု၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများကိုလည်း ပိုင်ဆိုင်ထားရန် လိုအပ်သည်။ ဤကျွမ်းကျင်မှုများသည် လူငယ်များအား ကမ္ဘာ့စိန်ခေါ်မှုများကို ယုံကြည်မှုရှိရှိရင်ဆိုင်နိုင်စေရန်၊ အခွင့်အလမ်းသစ်များ ဖန်တီးနိုင်စေရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် တက်ကြွစွာပါဝင်နိုင်စေရန် လမ်းဖွင့်ပေးလိမ့်မည်။

သို့သော်ခေတ်မီပညာတိုးတက်မှုသည်မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သော လူမှုတန်ဖိုးများနှင့် ကွာဟနေပါက အဓိပ္ပာယ်မရှိတော့ပါ။ ထို့ကြောင့် လူငယ်များသည် မိမိတို့၏ ကျင့်ဝတ်နှင့် တန်ဖိုးများဖြစ်သော သစ္စာ၊ ဂုဏ်သိက္ခာ၊ သည်းခံမှု၊ စာနာထောက်ထားမှု၊ တာဝန်သိမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မမေ့မလျော့ထိန်းသိမ်းကြရမည်။ ခေတ်မီအသိပညာနှင့် ကောင်းမွန်သောကျင့်ဝတ်တန်ဖိုးများ ပေါင်းစပ်မှသာလျှင် လူငယ်တစ်ဦးကို အသိဉာဏ်ရှိသည်၊ တာဝန်သိသည်၊ လူ့အဖွဲ့အစည်းအတွက်အကျိုးပြုသည့် နိုင်ငံသားတစ်ဦး အဖြစ် မှတ်ကျောက်တင်ခံရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အနာဂတ်ကို တည်ဆောက်မည့် လူငယ်တို့—ခေတ်မီပညာကို သင်ယူကြပါ။ ကမ္ဘာကို ရင်ဆိုင်နိုင်သည့် ကျွမ်းကျင်မှုများကိုရယူကြပါ။ ထိုအရာများနှင့်အတူ မိမိတို့၏မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကောင်းမြတ်သောလူမှုကျင့်ဝတ် တန်ဖိုးများကိုလည်း မမေ့ကြပါနှင့်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် လူငယ်တို့၏လက်ထဲတွင်သာမက လူငယ်တို့၏ စိတ်နှလုံးထဲတွင်လည်းရှိနေပါသည်။ ပညာ၊ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်တို့ ပေါင်းစည်းလာသောအခါ လူငယ်များသည် မိမိတို့ဘဝကိုသာမက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံတစ်ခုလုံး၏ ရေရှည်တိုးတက်မှုကိုပါ အောင်မြင်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။ ။

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မည်သူနှင့်မျှမတူ မည်သူ့ကိုမျှမတု ဇမ္ဗူမှာ ရှားတဲ့သူ




မြေလတ်ထင်ကျော်မိုး ရေးသားသည့် မည်သူနှင့်မျှမတူ မည်သူ့ကိုမျှမတု ဇမ္ဗူမှာရှားတဲ့သူ စာအုပ်ထွက်ရှိလာသည်။

တရားလွှတ်တော် ရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)၏ အတ္တုပ္ပတ္တိကိုမြေလတ်ထင်ကျော်မိုးက မည်သူနှင့်မျှမတူ မည်သူ့ကိုမျှမတု ဇမ္ဗူမှာရှားတဲ့သူ အမည်ဖြင့် မှတ်တမ်းတင် ရေးသားထားခြင်းဖြစ်သည်။

အမျိုးသားစာပေဆုရှင် အမျိုးသားစာပေတစ်သက်တာစာပေဆုရှင် စည်သူဘွဲ့ရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်က မုဒိတာအမှာစာတွင် ဦးခင်ဇော် (မရမ်းကုန်း)သည် လှုပ်ရှားမှုဟန်မှာ သွက်လက်တက်ကြွသည်။ ထက်မြက်စွာခေါင်းဆောင်နိုင်သည်။ အားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ ပျော်ပျော်ရွှင်ရွှင် ဆက်ဆံတတ်သည်။ အလုပ်ကြိုးစားသည်။ မိမိကိုယ်ကို ယုံကြည်မှု ပြည့်ဝသူဖြစ်သည်။ ရည်ရွယ်ချက်များ ရရှိအောင်မြင်စေရန် အစဉ်တစိုက် ကြိုးစားအားထုတ်သူလည်းဖြစ်သည်ဟု ဆိုထားသည်။

ဦးခင်ဇော် (မရမ်းကုန်း)သည် စာအုပ်ပေါင်း ၄၀ ကျော်ထုတ်ဝေခဲ့ပြီး ဆောင်းပါးပုဒ်ရေပေါင်း ၃၀၀၀ ကျော်ရေးသားခဲ့ပြီးဖြစ်သည်။ ဥပဒေ (ပညာဒါန) လက်တွေ့အမှုလိုက်ဥပဒေပညာသင်တန်းကို စနေနေ့တိုင်း အခမဲ့သင်ကြားပေးလျက်ရှိသည်။

**စာအုပ်ကို ဦးခင်ဇော် (မရမ်းကုန်း)စာပေ အမှတ် (၂၈၂/ခ)၊ ဒုတိယထပ်၊ ရေကူးရွာမလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ထုတ်ဝေသည်။**

## ရိုးမအလင်္ကာစာပေဝိုင်း

### ဝတ္ထုတိုစုစည်းမှု (၁၀)




ကလောင်စုံရေးသားထားသည့် ရိုးမအလင်္ကာစာပေဝိုင်း ဝတ္ထုတိုစုစည်းမှု (၁၀) (အထူးထုတ်) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကျွန်းစဉ် မြေစောခက်၏ မုဒိတာနှလုံးသား၊ ဘိုးလေးသုမိတ္တာ၏ စာပေကောင်းကင်ယံမှ ရိုးမအလင်္ကာလမ်းပြကြယ်၊ ကိုထွန်းရင် (အဏ္ဍဝါ)၏ ရွာလိုက်ပါမိုး၊ မောင်နေပူ(တောင်ကုတ်)၏ ပင်လယ်သေတစ်စင်း၏ ခြေနင်းသံ၊ ညိုဘန်း(လေးဝတီ)၏ ရွှေနန်းဥကင်မော်ကွန်းတင်သည်၊ ချိုးငှက်(သံတွဲ)၏ သောင်ပြင်အောက်က ရွာကလေး၊ စံလှမောင်(တောင်ကုတ်)၏ တော်မှဝတ် တတ်မှဆင်၊ အောက်ဆီဂျင်(ခေတ္တလုပြည်)၏ ရွက်လွှင့်ခြင်း၊ ဘိုးလေးသုမိတ္တာ၏ ကောင်းကင်မြစ်တစ်စင်း၏ တစ်ခြမ်းပဲ့ လကွယ်ည၊ မောင်ငယ်သစ်(သံတွဲ)၏ တစ်ခါတုန်းက ဒီနေရာ၊ မောင်ကျော်ဖိုး(လေးတောင်)၏ ဒေါက်တာကျော့မီခိုင်၊ မြင့်သုမိုး၏ တန်ဖိုး၊ ဇော်သစ်(စကုကျွန်း)၏ မုန်တိုင်းသင့်ပင်လယ်ရဲ့ စီးဆင်းရာ၊ ပန်းနီနီ၏ ငယ်ပေါင်းကြီးဖော်၊ မောင်နွေဝေး(သောင်ပြာကျွန်း)၏ မှိုင်းပျပျဝေး၊ ရက္ခ၏ ကျောက်ဆစ်မျက်ရည်၊ မြောင်းမြမောင်ကို၏ ကွမ်းချောင်းကျားနှင့် နတ်ထားအားတို့ ပါဝင်သည်။

**စာအုပ်ကို ဘဝပင်လယ်စာပေ ဖုန်း ၀၉-၂၆၁၄၄၅၁၆၈၊ ၀၉-၇၉၉၅၉၇၉၉၄၊ အမှတ် ၄၃၉/က၊ တကောင်းလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဆာကူရာအိပ်မက်



အဲမွန်ချို ရေးသားသည့် ဆာကူရာအိပ်မက် ကဗျာစာအုပ် ထွက်ရှိလာသည်။

ကဗျာစာအုပ်တွင် ဆာကူရာအိပ်မက် ၁ မှ ၈ ထိ၊ သည်နှစ်များ ၁ မှ ၆ ထိ၊ ဆန္ဒ ၁ မှ ၅ ထိ၊ ငါ ၁ မှ ၄ ထိ၊ ငါတို့ခေတ်၊ အသက်ဆက်ဆေး ၁ မှ ၅ ထိ၊ ရည်းစားစာ ၁ မှ ၃ ထိ၊ စိမ့်နွေးအေး၊ ရုပ်ရှင် ၁ မှ ၅ ထိ၊ ရေစက် ၁ မှ ၅ ထိ၊ ပြောစမ်းပါဦး၊ ချူရိုးဆစ်၊ တိုကျို၊ မြို့ပြ၊ အဝါရောင်စိတ်ကူး၊ စိတ်လိုလက်ရ ကောင်းကင်၊ ကျေအေးခြင်း၊ ပြဇာတ်၊ လွတ်မြောက်ခြင်း၊ နားလည်ခြင်း၊ သက်တမ်း၊ ကဗျာတစ်ပုဒ်ရချင်တယ်၊ ဖြူလွှလွှ၊ ကုန်ဆုံးခြင်း၊ ကြောက်စိတ်က ငါ့ကို ဝါးမြိုတဲ့နေ့တွေ၊ ချိတ်၊ ညနေခင်း၊ အိမ်လွမ်းငှက်၊ နှင်းဆီ၊ သမုဒယသက်တံ၊ သည်မိုး၊ အင်စတန့်ကော်ဖီ၊ Silence၊ သတိရခြင်းပန်းပွင့်၊ ချစ်သောပင်လယ်၊ မိုနေးသို့၊ လွှင့် စသည့် ကဗျာပုဒ်ရေ (၇၀ ) ပါရှိသည်။

ကဗျာသည် စိတ်၊ ဘာသာစကား၊ ဥာဏ်ပညာ၊ အသံ၊ လင်္ကာ၊ ရစ်သမ်များဖြင့် တွဲဖက်ဆက်စပ်နေသည့် အနုပညာဖြစ်သည်။ ကဗျာဆရာက သူဖြတ်သန်းခဲ့ရသော ခေတ်၊ ဘဝအတွေ့အကြုံ၊ သဘာဝအလှတရား၊ မတရားမှု၊ တရားမှုများကို ခံစားတွေးခေါ်ပေါင်းစပ်ပြီး ကဗျာတစ်ပုဒ်ကို ဖန်တီးထားခြင်းဖြစ်သည်။

**စာအုပ်ကို ကိုလတ်စာပေ၊ ဖုန်း ၀၉-၅၀၂၀၀၆၈၊ အမှတ် (၂၂၀)၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် ဒုတိယနေ့တွင် မြန်မာအသင်း တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၅**

အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၆ ဖီဖာ ယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် အုပ်စုဒုတိယနေ့ကို အောက်တိုဘာ ၂၅ ရက်က ဆက်လက်ပြုလုပ်ရာ မြန်မာအသင်း နှစ်ပွဲကစားရာ တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထား**

မြန်မာအသင်းသည် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီက ကစားသည့်ပွဲတွင် ဂါနာအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီး မြန်မာစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်က ကစားသည့်ပွဲတွင် ဘဟားမားစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲကစားထားရာတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။



မြန်မာအသင်းနှင့် ဘဟားမားစ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မြန်မာ အသင်းသည် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် အုပ်စုတတိယနေ့တွင် နှစ်ပွဲ ထပ်မံကစားရမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကာဇက်စတန်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MFF**


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၀-၂၀၂၆ တနလာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌ ဆရာတော်အမှုဒုပြုသော နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များကပရိတ်တရားတော် ဖွတ်ဖတ်ရုပ်ထွင်ခြင်း
- ၀၆:၃၅ ပိုဌာကတ်သုံးနှင့်ဘိပိုဌာကရေးတိပိုဌာကကေးဒီးဘွဲ့
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ 'အတိမှာသိကျင့်ပါပညာကိန်းရှိလွတ်ပြိုင်းမည်' တရားတော်
- ၀၈:၄၀ ၂၀၂၆ခုနှစ် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် (ပူမနေ့)
- ၀၉:၁၀ နဝင်္ဂဝပါသထသီလပေးတရားတော်
- ၀၉:၃၅ ရိုးရာအလှနှင့်မှုန်းကာခြယ်မြတ်နိုးစဖွယ် မြို့ရွှေဆည်
- ၁၀:၀၀ သတင်ထဲကသတင်း
- ၁၀:၄၀ ခွဲစိုတူပျော်ရိုးရာမီးထွန်းပွဲတော်
- ၁၁:၃၀ ဘဝနှင့်အနုပညာ "တေးသံရွှင်ရွှင်ပြုနှင့် တွေ့ဆုံခြင်း" (အပိုင်း-၁)
- ၁၂:၃၅ 'အတိမှာသိကျင့်ပါပညာကိန်းရှိလွတ်ပြိုင်းမည်' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ The Sports Editor's Top Picks Of This Week
- ၁၆:၃၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ ရွှေရောင်လွှမ်းတဲ့ သီတင်းကျွတ်ည
- ၁၇:၂၅ သီတဂူဆရာတော်အရှင်ဥာဏိသာရဏ် "အတိမှာအခါတော်နေ့" တရားတော်
- ၁၈:၄၀ ဆုတောင်းမေတ္တာတေးသဝဏ်လွှာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'တော' (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဖိုးလေဝသအခြေအနေ
- ၂၁:၀၀ သီတင်းကျွတ်တေး
- ၂၁:၂၅ ၂၀၂၆ခုနှစ် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် (ဆဌမနေ့)
- ၂၁:၄၀ မြတ်ဂုဒ္ဓမရိုမ၏အနှိုင်းမဲ့ရတနာ

**mitv**

- 07:01 Evergreen Classic; Dhamma Settkyar (Nan Sandi)
- 07:11 Smiling Buddha
- 07:36 Palm Resort
- 07:45 Children's Delight: Twelve Seasonal Festivals in Myanmar (The Month of Thadingyut)
- 08:01 News
- 08:26 Asia Updates; A Secluded Island
- 08:33 Lantern Floating Festival in Kyauk Kyi Township
- 08:48 Crafting the Light
- 09:01 Luminaries of Buddha Sasana (Yesagyo Sayadaw) (Part-1)
- 09:27 Food Sufficiency for The People; The Benefits of Cultivating Napier Grass on a Trial Basis
- 09:36 Discovering Tribes: Taung Yoe (Their Life and Customs)
- 10:01 News
- 10:26 Topical Topics; Lighting Festival

**MRTV HD**

- ၀၆:၀၀ အဖွင့်၊ မမှုဇာတေးသီချင်းများ
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၀၀ မြန်မာဇာတ်လမ်းတွဲ 'ဝန်းဖျိုးသည်လက်' (အပိုင်း-၁၀)
- ၀၈:၀၀ 'သီတင်းကျွတ်ညရင်ခုန်သံ' တေးကိတထျော်ပြေပွဲ
- ၀၉:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၀၉:၃၅ မြန်မာရုပ်ရှင်(မြူမည်း) 'ချစ်သူရွေးပယ်ချစ်ဝဲလည်'

**MRTV NRC**

- ချင်း (ဂျိုင်ဖိုး) (၀၆:၀၀ မှ ၀၇:၀၀) ချင်း(ချိုး)ဝတ်စားဆင်ယင်မှုများ(အပိုင်း-၂)
- ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀) အမဲအုထန်းနှစ်ချက်
- မွန် (၀၈:၀၀ မှ ၁၀:၀၀) မွန်ဘာသာစကားပြောကြရအောင်(နေ့၊လ၊ရက် အခေါ်အဝေါ်)(အပိုင်း-၁၄)
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) ပျိုးဝုဏ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၁)
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ကလေးငယ်များကိုပြည့်စွက်စာကျွေးခြင်း
- ဝ (၁၄:၀၀ မှ ၁၆:၀၀) ဝက်သားချဉ်ပြုလုပ်နည်း
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ဖိုင်ပါးရိုးရာဝတ်စားဆင်ယင်ပုံ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားတိုင်းရင်းသားတို့ရဲစံပျော်ရာတောင်ပေါ်ဒေသ
- ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀) ရွှေကျင်သီတင်းကျွတ်မီးမျောပွဲတော်
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ရေတွင်းပြုရွာကလေးရဲ့သီတင်းကျွတ်လမ်းပြည်ည
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) အံသြဖွယ်ရာပဒုံဂူမြေမှာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားရုံးလင်းအရုပ်စိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၇:၄၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၈:၄၅ ရွှေရောင်လွှမ်းတဲ့သီတင်းကျွတ်ည
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူလွှတ်တော် တတိယပုံမှန်အစည်းအဝေး( Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း(၂၆.၁၀.၂၀၂၆)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၀ MSME ထုတ်ကုန်များမှသည်ကျန်းမာသော လူနေမှုဘဝဆီသို့
- ၀၇:၀၀ ကြည်ညိုမှုမြော်တပ်ကုန်းပြိုမှု ဦးအောင်ဇေယျစေတီတော်
- ၀၈:၀၀ အဖိုးတန်သယံဇာတမှရရှိသော တန်ဖိုးမြှင့် ထုတ်ကုန်(မှုစ်ခြောက်)
- ၀၉:၀၀ "သုတပဒေသာစိုက်ပျိုးနည်းပညာ"
- ၁၀:၃၀ သီမီးရောင်ပြာရွှေလသာ(အပိုင်း၁+၂)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြုကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ The Sports Editor's Top Picks Of This Week
- ၀၈:၀၀ (၃၃)ကြိမ်မြောက်အရွှေတောင်အရှုအားကစား ပြိုင်ပွဲ(စနူကပြိုင်ပွဲ)(ဖိုလ်လုပ်)(Replay)
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ရေးဦ (၂၄၈၀)(၉၀၀)ရာ ကန်ကြိုင်းရှင် (၄)ရာ (၆)ကြိမ်ရှုနှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။


အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# လူငယ်တွေဘဝ တိုးတက်အောင်မြင်ဖို့ စာဖတ်ကြပါစို့ ...

စောအောင်လင်း

**လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ရဲ့အကျိုးတွေကို ဖန်တီးဖော်ဆောင်ကြမယ့်အင်အားတွေဖြစ်ပါတယ်။ ဒီအင်အားတွေက အရည်အချင်း၊ အရည်အသွေးတွေပြည့်ဝမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွေက အဆင့်အတန်းမြင့်မြင့်နဲ့ တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုအောင်မြင်ဖို့အတွက် မျိုးဆက်သစ်လူငယ်တွေ စာများများဖတ်ကြဖို့က အခြေခံကျတဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။**

စာပေပညာရှင်ကြီး ဦးဗကျိုင်က **“စာဖတ်ခြင်းသည် အိမ်တံခါးများကိုဖွင့်သည်မည်၏။ စာမဖတ်ဘဲ နေခြင်းသည် အိမ်တံခါးများကို ပိတ်ထားသည်နှင့်တူ၏”**လို့ တိုက်တွန်းရေးသားခဲ့ပါတယ်။ စာတတ်ပြီး စာမဖတ်တဲ့သူတွေဟာ ရှည်လျားလှတဲ့ ဘဝခရီးလမ်းပေါ် လျှောက်လှမ်းရာမှာ နွေးကွေးနေလို့ ဘဝရည်မှန်းချက် ပန်းတိုင်ဆီကို နောက်ကျကျန်ခဲ့တတ်ပါတယ်။

စာဖတ်ကြရင် အတွေးအခေါ် အသိအမြင်တွေ ကျယ်ပြန့်လာမယ်။ မှန်ကန်တဲ့ အလုပ်တွေကို ရွေးချယ်လုပ်ကိုင်နိုင်မယ်။ မသိသေးတာတွေ ပိုပြီး သိလာရမယ်။ သိပြီးသား အကြောင်းအရာတွေထဲက အမှန်နဲ့အမှားကို ခွဲခြားနိုင်တဲ့ အသိဉာဏ်တွေ ရင့်သန်လာမယ်။ လုပ်သင့်တဲ့အလုပ်နဲ့ မလုပ်သင့်တဲ့ အလုပ်တွေကို ခွဲခြားလုပ်ကိုင်တတ်လာမယ်ဆိုတဲ့ ကောင်းကျိုးတွေကို ခံစားရပါမယ်။

လူတိုင်းမှာ အသိဉာဏ်တွေကိုယ်စီ ပိုင်ဆိုင်ကြပါတယ်။ ဒါပေမဲ့ သိထားတဲ့အသိတွေက တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ကြပါ။ မတူညီတဲ့ အသိတွေကြောင့် ဆင်းရဲချမ်းသာမှုတွေ၊ ပညာတတ်မှု ပညာမဲ့မှုတွေ၊ စဉ်းစားတွေးခေါ်နိုင်မှုတွေ ကွဲပြားနေကြပါတယ်။ ကွဲပြားမှုတွေကို တန်းညီမှုလို့မရနိုင်ပေမယ့် တစ်ဦးချင်းစီမှာရှိနေတဲ့ အသိဉာဏ်တွေ၊ အရည်အချင်းတွေ တိုးတက်လာဖို့ကိုတော့ စာဖတ်ခြင်းက အထောက်အကူပေးနိုင်ပါတယ်။ ကိုယ့်မှာရှိထားတဲ့ အသိဉာဏ်တွေနဲ့ တင်းတိမ်မနေဘဲ အသိဉာဏ်တွေ ပိုပြီးထက်မြက်ရှင်သန်နေအောင် စာဖတ်ခြင်းနဲ့ မြှင့်တင်နေကြရပါမယ်။

### စိတ်အတွက် စာဖတ်ခြင်းဖြင့် အသိဉာဏ်ဝမ်းစာကိုဖြည့်တင်း

ဆရာကြီး ဝိမိုးနင်းက **“စာပေသည် လူ၌ အစာထက်အရေးကြီး၏။ ကိုယ်ခန္ဓာအတွက် စားသောအစာကို အစာဟုခေါ်၏။ စိတ်အတွက်လည်း အစာလိုလေရာ ထိုအစာကို “ စာ ” ဟူ၍ ခေါ်ရလေသည်”** လို့ ရေးသားခဲ့တာ မှတ်သားဖူးပါတယ်။ လူတိုင်း ရုပ်ခန္ဓာနဲ့ စိတ်ဆိုတဲ့အရာနှစ်ခုနဲ့ ဖွဲ့စည်းရှင်သန်နေကြတာဖြစ်ပါတယ်။ **ရုပ်ခန္ဓာ** ရှင်သန်ရပ်တည်နိုင်ဖို့အစားအစာတွေကို နေ့စဉ်စားသောက်နေကြသလို **စိတ်**အတွက် စာဖတ်ခြင်းဖြင့် အသိဉာဏ်ဝမ်းစာကို ဖြည့်တင်းပေးနေကြရပါမယ်။

စာကို ဘယ်အရွယ်ကစပြီး ဘယ်အရွယ်အထိ ဖတ်သင့်ပါသလဲလို့ မေးတတ်ကြပါတယ်။ အဝိုင်းဆုံးနဲ့ လိုရင်းကိုဖြေရရင် စာဖတ်တတ်တဲ့အရွယ်ကစပြီး စာဖတ်နိုင်သေးတဲ့အရွယ်အထိ စာဖတ်သင့်ကြပါတယ်။ တချို့မိဘတွေက သူတို့ရင်သွေးတွေကို ကျောင်းစာတွေနောက်ကျမှာ စိုးရိမ်ဖြီး ပြင်ပစာပေတွေ ဖတ်ခြင်းကို အားမပေးကြပါ။ ဒါဟာ မှားယွင်းတဲ့ အယူအဆတစ်ခုသာ ဖြစ်ပါတယ်။ သူ့အရွယ်နဲ့သူ လိုက်လျောညီထွေဖြစ်စေမယ့် ပြင်ပစာပေတွေကို ဖတ်ရှုကြရင် ပြင်ပဗဟုသုတတွေပါ တိုးပွားရရှိစေပါမယ်။ ထူးချွန်တဲ့လူငယ်တွေဟာ ကျောင်းကသင်ခန်းစာတွေသာမကဘဲ ပြင်ပဗဟုသုတတွေကိုလည်း လေ့လာဖတ်ရှုကြသူတွေ ဖြစ်ကြပါတယ်။

တစ်ရက်က စာရေးသူရဲ့ တူမတစ်ယောက်က မူလတန်းပညာသင်ယူနေတဲ့ သူ့သားကို စာဖတ်တဲ့အလေ့အကျင့် အစပျိုးနိုင်အောင် ဘယ်လိုစာအုပ်တွေကို ပေးဖတ်သင့်လဲလို့ မေးလာပါတယ်။ သူ့သားရဲ့ ရှေ့ရေးကို ကြိုတင်မြော်တွေးပြီး မေးတာဖြစ်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါကြောင့် ကလေးကို စာဖတ်တဲ့အလေ့အကျင့် စပြီးပျိုးထောင်နိုင်အောင်၊ အရွယ်နဲ့လိုက်လျောညီထွေဖြစ်ပြီး စိတ်ဝင်စားမယ့် စာအုပ်စာစောင်မျိုးတွေကို ဖတ်နိုင်အောင် စီစဉ်ပေးသင့်ကြောင်း၊ ဥပမာ - ရွှေသွေး၊ တေဇရုပ်စုံ၊ မိုးသောက်ပန်းတိုလို ရုပ်ပြစာအုပ်မျိုးတွေကို အရင်ဆုံးဖတ်ဖို့ စီစဉ်ပေးသင့်ကြောင်း၊ စာဖတ်တဲ့အလေ့အကျင့်ရလာပြီဆိုရင် တစ်ဆင့်တက်ပြီး ပုံပြင်စာအုပ်တွေ၊ စာစီစာကုံးစာအုပ်တွေကို ဖတ်စေသင့်ကြောင်း အကြံပေးလိုက်ပါတယ်။

အားလပ်ချိန်မှာ လက်ကိုင်ဖုန်းတွေနဲ့ အချိန်ကုန်နေကြတဲ့ လူငယ်တွေကိုလည်း ရပ်ကွက်စာကြည့်တိုက်ကိုသွားပြီး စာဖတ်တဲ့အလေ့အကျင့်ရအောင် လုပ်ပေးရပါမယ်။ ကျောင်းစာကြည့်တိုက်တွေမှာ ကျောင်းသားတွေ စာဖတ်တဲ့ အလေ့အကျင့်တွေရှိလာအောင် စနစ်တကျပျိုးထောင်ပေးကြရပါမယ်။

မြို့နယ်တိုင်းမှာ ဖွင့်လှစ်ထားတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွေမှာ စာအုပ်စာစောင်တွေ ကျယ်ကျယ်ပြန့်ပြန့် (အခမဲ့) ဖတ်ရှုလေ့လာနိုင်ပါတယ်။ စာကြည့်တိုက်ကိုသွားရင် ဝါသနာတူတဲ့သူငယ်ချင်းအပေါင်းအသင်းတွေရပါမယ်။ စာကြည့်တိုက်က ကျင်းပတဲ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး စာဖတ်ပိုင်း၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲတွေကိုလည်း တက်ရောက်လေ့လာနိုင်ပါတယ်။

စာရေးသူငယ်စဉ်က ရပ်ကွက်ထဲက နေသင်တော်ကြီးတွေက သူတို့ရဲ့စာအုပ်တွေစုပြီး စာကြည့်တိုက်တစ်ခု ထူထောင်ကြပါတယ်။ စာကြည့်တိုက်ကို ကျဆင်းသွားနိုင်တာကိုလည်း သတိထားကြရပါမယ်။

“တန်ဆေး၊ လွန်ဆေး”ဆိုတဲ့စကားလို နည်းပညာအသုံးချမှုတွေကို မိဘအုပ်ထိန်းသူ၊ ဆရာ ဆရာမများက မှန်ကန်စွာအသုံးချတတ်အောင် ထိန်းကျောင်းပေးကြဖို့လိုပါတယ်။ စာဖတ်ကြရာမှာ စာတစ်ကြောင်း၊ စာတစ်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကိုသိနိုင်ကြဖို့အေအိုင်နည်းပညာကိုချည်း အားမကိုးဘဲ အေအိုင်ကို တစ်ဖက်၊ အဘိဓာန်ကို တစ်ဖက်ကထားပြီး လေ့လာသင်ယူသင့်ကြပါတယ်။

### စာဖတ်ဖြစ်ဖို့သာ အဓိကကျ

တချို့က ဘယ်လိုစာအုပ်စာစောင်မျိုးတွေကို ဖတ်သင့်ပါသလဲလို့ မေးကြပါတယ်။ အကြမ်းဖျင်း ပြောရရင် ဘယ်လိုစာအုပ်စာစောင်ဖြစ်ဖြစ် စာအမျိုးမျိုးကို ဖတ်သင့်ပါတယ်။ စာဖတ်ဖြစ်ဖို့သာ အဓိက ကျတယ်လို့ ဆိုပါရစေ။ စာဖတ်အားကောင်းလာရင် ဘယ်စာအုပ်က ဖတ်သင့်တယ်၊ မဖတ်သင့်ဘူးဆိုတဲ့ ခွဲခြားနိုင်တဲ့ အသိဉာဏ်ရှိလာပြီဆို့ အကျိုးရှိမယ့် စာအုပ်တွေကို ရွေးချယ်ဖတ်ရှုလာနိုင်ပါမယ်။

စာအုပ်စာစောင်တွေဟာ စာပြဿုတ္တေက နည်းအမျိုးမျိုးအဖုံဖုံနဲ့ ပြုစုထားတဲ့ စာပေတွေ ဖြစ်ပါတယ်။ အမျိုးအစားအနေနဲ့ ရသစာပေနဲ့ သုတစာပေ

**“အခုကာလမှာ စာဖတ်ဖို့အတွက် စာအုပ်စာစောင်တွေအပြင် လက်ကိုင်ဖုန်းတွေ၊ နည်းပညာသုံးကိရိယာတွေနဲ့ပါ အလွယ်တကူ စာဖတ်နိုင်ကြပါပြီ။ စာဖတ်လိုစိတ်ရှိဖို့သာလိုပါတယ်။ စာဖတ်ရင် ကောင်းကျိုးတွေခံစားကြရမယ်၊ အသိဉာဏ်စွမ်းအားတွေနဲ့ အတွေးအခေါ်တွေ တိုးတက်လာမယ်။ အခက်အခဲတွေကို စာဖတ်လို့ရတဲ့ အသိပညာတွေနဲ့ ရင်ဆိုင်ဖြေရှင်းနိုင်မယ်။ အတွေ့အကြုံသစ်တွေ ရရှိလာမယ်။ မသိသေးတာတွေ သိလာရမယ်။ သိပြီးသားအသိတွေထဲက အမှန်နဲ့အမှားတွေကို ခွဲခြားသိမြင်လာမယ်။ ကိုယ်ပိုင်အသိဉာဏ်နဲ့ တိုးတက်အောင်မြင်တဲ့ဘဝကို တည်ဆောက်လာနိုင်မယ်ဆိုတာ ကေနအမှန်ဖြစ်ပါတယ်။”**

သွားပြီး စာဖတ်ရင်း စာအုပ်ငှားပေးတဲ့အလုပ်ကို ကူညီပေးဖြစ်သလို စာကြည့်တိုက်က ကျင်းပတဲ့ ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပွဲတွေမှာ ယှဉ်ပြိုင်ဖြစ်ပါတယ်။ ယှဉ်ပြိုင်ရင်အနိုင်ရဖို့ စာတွေပိုပြီး ဖတ်ဖြစ်လာပါတယ်။ စာကြည့်တိုက်က တစ်ဆင့် ရပ်ကွက်ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေမှာ ပါဝင်လှုပ်ရှားရင်း စာလည်းဖတ်ဖြစ်၊ ပရဟိတလုပ်ငန်းတွေမှာလည်း ပါဝင်လှုပ်ရှားဖြစ်ခဲ့ပါတယ်။ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုနဲ့ စည်းလုံးညီညွတ်မှုတွေ တည်ဆောက်နိုင်ခဲ့ကြပါတယ်။ အချိန်ကို အလဟဿမဖြုန်းတီးတော့ဘဲ ကိုယ်လည်း အကျိုးရှိ၊ အများအကျိုးကိုလည်း ဆောင်ရွက်နိုင်ခဲ့တာကတော့ စာကြည့်တိုက်က အခြေခံခဲ့တာဖြစ်ပါတယ်။

မျက်မှောက်ကာလမှာ လူငယ်အများစုက စာအုပ်စာစောင်တွေ ဖတ်ဖို့ထက် လက်ကိုင်ဖုန်းတွေကို ပိုပြီး အားပြုနေကြတာကို တွေ့နိုင်ပါတယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ်က အကြောင်းအရာတွေဟာ ကောင်းကျိုးနဲ့ဆိုးကျိုး ဒွန်တွဲနေသလို ဆိုးကျိုးဖြစ်စေမယ့်အကြောင်းအရာတွေက ပိုပြီး ထိုးဖောက်လာနေပါတယ်။ အခုအချိန်မှာ တိုးတက်ပြောင်းလဲလာမှုတွေနဲ့ အတူ AI (Artificial Intelligence) ဉာဏ်ရည်တုနည်းပညာဆိုတာက အရှိန်အဟုန်နဲ့ တိုးတက်လာပြီး လူငယ်တွေအသုံးပြုမှုများပြားလာပါတယ်။ အေအိုင်နည်းပညာအကူအညီနဲ့ စာဖတ်ခြင်းကိုး တိုးတက်စေနိုင်သလို ဆုတ်ယုတ်နိုင်စေတဲ့အကြောင်းတွေလည်း ဖြစ်လာနိုင်ပါတယ်။ အေအိုင်နည်းပညာကို အသုံးချမှုလွန်ကဲသွားရင် လူငယ်တွေရဲ့ ပင်ကိုအရည်အချင်းတွေ ဆိုပြီး နှစ်မျိုးရှိပါတယ်။ ရသစာပေနဲ့ သုတစာပေကို ညီမျှအောင် ဖတ်ရှုသင့်ကြပါတယ်။

ရသစာပေက ပရိသတ်ရဲ့စိတ်ကို တစ်နည်း တစ်ဖုံလှုပ်ရှားအောင် ဖန်တီးပေးတဲ့ စာပေအမျိုး အစား ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စိတ်ကူးနဲ့ ဖွဲ့ဆိုထားပြီး စကားပြေနဲ့ရေးသားထားတဲ့ စာပေတွေ၊ ကာရန်တွေကို အသုံးပြုပြီး လှပတင့်တယ် သာယာနာပျော်ဖွယ်ရှိအောင် ရေးဖွဲ့ထားတဲ့ ပျို့၊ ကဗျာ၊ လင်္ကာတွေ ဖြစ်ပါတယ်။ ရသစာပေဖတ်ရှုခြင်း ကြောင့် စာဖတ်သူရဲ့ အတွင်းစိတ်ဓာတ်ကို ဂယက်ရိုက်ခတ်စေပြီး ချစ်ခင်ခြင်း၊ ရယ်ရွှင်ခြင်း၊ သနားကြင်နာခြင်း၊ ကြမ်းကြုတ်ခက်ထန်ခြင်း၊ ရဲရင့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စက်ဆုပ်ခြင်း၊ အံ့သြခြင်း၊ ငြီမဲ့အေးခြင်းဆိုတာတွေကို ရသမြောက်အောင် ရေးသား ပြုစုထားတဲ့ စာပေအမျိုးအစား ဖြစ်ပါတယ်။

သုတစာပေ ဆိုတာက စာဖတ်ပရိသတ်မသိသေးတဲ့ အချက်အလက်တွေကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားတဲ့ စာပေအမျိုးအစားဖြစ်ပါတယ်။ စိတ်ကူးစိတ်သန်းနဲ့ ရေးဖွဲ့ဖန်တီးထားတာမျိုး မဟုတ်ဘဲ တကယ်ဖြစ်ပျက်တဲ့ အကြောင်းအရပ်ရပ်ကို ရေးသားထားခြင်းဖြစ်ပါတယ်။ စာရေးသူက အကြောင်းအရာတစ်ခုခုကို စာဖတ်သူတွေ သိရှိအောင် အကြောင်းကြားထားတဲ့ မှတ်တမ်းတင်တဲ့ စာပေအမျိုးအစားဖြစ်ပါတယ်။ မှတ်တမ်းစာပေ၊ အသိပေးစာပေလို့လည်း ဆိုကြပါတယ်။ ဥပမာ- သမိုင်း၊ သိပ္ပံ၊ လူမှုရေး၊ ခရီးသွားဆိုင်ရာ စာအုပ်၊ ဆောင်းပါးတွေ ဖြစ်ပါတယ်။

စာဖတ်ကြဖို့အတွက် “အလိမ္မာ စာမှာရှိ” ဆိုစကားကို လူတိုင်းကြားဖူးကြမှာပါ။ ဒီဆိုရိုးစကားနဲ့ပတ်သက်ပြီး ဆရာကြီး တက်တိုးက **“အလိမ္မာ စာမှာရှိဆိုတဲ့ စကားက လိမ္မာအောင် အကျိုးပြုတဲ့ စာပေတွေကို ဆိုလိုတာ”**လို့ ရေးသားခဲ့တာမှတ်သားရပါတယ်။ ဆိုလိုတာကတော့ လိမ္မာယဉ်ကျေးစေမယ့် စာပေတွေကို ဖတ်ရှုဖို့လိုတယ်ဆိုတာ ညွှန်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ကမ္ဘာပေါ်က ဖွံ့ဖြိုးတိုးတက်နေကြတဲ့နိုင်ငံတွေက ပြည်သူတွေဟာ စာဖတ်အားကောင်းသူတွေဖြစ်ကြပါတယ်။ စာဖတ်တော့ အသိပညာတွေတိုးလာတယ်။ စာတွေဖတ်ရင်း အသိပညာတွေ ပိုပြီးတိုးတက်လာကြတယ်။ တိုးတက်လာတဲ့အသိပညာတွေနဲ့ လူနေမှုဘဝတွေလည်း တိုးတက်လာပါတယ်။ အဲဒီနိုင်ငံတွေမှာ ပြည်သူတွေစာဖတ်တဲ့ အလေ့အထကောင်းတွေရှိလာအောင်၊ စာအုပ်စာပေတွေ အလွယ်တကူဖတ်ရှုနိုင်အောင် စီမံဆောင်ရွက်ပေးထားပါတယ်။ စက်ရုံအလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းတွေရှိတဲ့ဒေသတွေ၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ကိုင်တဲ့ ကျေးလက်ဒေသတွေမှာ ဒေသန့်ကိုက်ညီတဲ့ စာကြည့်တိုက်အမျိုးအစားတွေကို ဦးစားပေးဖွင့်လှစ်ပေးထားတာကြောင့် စာဖတ်သူတွေများပြားသလို စာကြည့်တိုက်ရဲ့ အကျိုးတွေကိုလည်း ခံစားကြရပါတယ်။

**စာဖတ်ကြဖို့ပြောရင် တချို့က ပညာအရည်အချင်းနည်းလို့ စာဖတ်ရမှာ ဝန်လေးနေတတ်ကြပါတယ်။ တချို့ကလည်း ပညာတွေ တတ်မြောက်ထားပေမယ့် စာဖတ်တဲ့အလုပ်ကို မလုပ်ချင်ကြတဲ့အတွက် အသိဉာဏ်တွေနည်းပါးပြီး အတွေးအခေါ်၊ အပြောအဆို၊ အလုပ်အကိုင်တွေ မှားနေတတ်ကြပါတယ်။ စာတတ်ထားပေမယ့် စာမဖတ်ရင် အသိပညာတွေနဲ့ အကောင်းအဆိုးတွေကို ခွဲခြားအသုံးချနိုင်မှာမဟုတ်လို့ စာတတ်သူတိုင်း စာဖတ်ကြဖို့လိုပါတယ်။**

လူတိုင်းဘဝတစ်ခုကို တည်ဆောက်ကြရာမှာ အသိပညာတွေပြည့်စုံနေမှသာ အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်။ အသိပညာတွေပြည့်စုံအောင် လူငယ်တွေအပါအဝင် လူတိုင်းက စာပေဖတ်ရှုကြဖို့ တိုက်တွန်းလိုပါတယ်။

**စာဖတ်သူနဲ့ စာမဖတ်သူတွေရဲ့ ဘဝတွေကို နှိုင်းယှဉ်ကြည့်ရင် ဘဝရပ်တည်ရှင်သန်မှု အရည်အသွေးတွေက ကွာခြားနေပါတယ်။ ယှဉ်ကြည့်လိုက်ရင် စာဖတ်သူက စာမဖတ်သူထက် ခေါင်းတစ်လုံး ပိုမြင့်တယ်လို့ ဆိုကြပါတယ်။ စာဖတ်တဲ့သူတွေက အသိမွှမ်းရည်တိုးတက်နေတာကြောင့် အတွေးအခေါ်၊ အပြောအဆို၊ အနေအထိုင်၊ အလုပ်အကိုင်တွေလည်း တိုးတက်အောင်မြင်ကြပါတယ်။**

စာမဖတ်သူတွေကတော့ အသိပညာဗဟုသုတတွေနည်းပြီး အရည်အသွေးတွေ နိမ့်ကျနေတယ်။ သူတစ်ပါးကို အားကိုးရတယ်။ အမှန်နဲ့အမှား ပေဖန်ခွဲခြားနိုင်မှု အားနည်းကြတယ်။ အကျိုးတစ်ခုခု အတွက် လုပ်လိုက်ရင် မှန်သလား၊ မှားသလား မခွဲခြားနိုင်ဘဲ တစ်ဇွတ်ထိုးလုပ်ကြရင်း မလုပ်သင့်တာတွေကိုလုပ်ကြ၊ လုပ်သင့်တာတွေကို မလုပ်ကြနဲ့ တိုးတက်အောင်မြင်မှုကို မရနိုင်ပါ။

**အခုကာလမှာ စာဖတ်ဖို့အတွက် စာအုပ်စာစောင်တွေအပြင် လက်ကိုင်ဖုန်းတွေ၊ နည်းပညာသုံးကိရိယာတွေနဲ့ပါ အလွယ်တကူစာဖတ်နိုင်ကြပါပြီ။ စာဖတ်လိုစိတ်ရှိဖို့သာ လိုပါတယ်။ စာဖတ်ရင် ကောင်းကျိုးတွေ ခံစားကြရမယ်၊ အသိဉာဏ်စွမ်းအားတွေနဲ့ အတွေးအခေါ်တွေ တိုးတက်လာမယ်။ အခက်အခဲတွေကို စာဖတ်လို့ရတဲ့ အသိပညာတွေနဲ့ ရင်ဆိုင်ဖြေရှင်းနိုင်မယ်။ အတွေ့အကြုံသစ်တွေ ရရှိလာမယ်။ မသိသေးတာတွေ သိလာရမယ်။ သိပြီးသားအသိတွေထဲက အမှန်နဲ့အမှားတွေကို ခွဲခြားသိမြင်လာမယ်။ ကိုယ်ပိုင်အသိဉာဏ်နဲ့ တိုးတက်အောင်မြင်တဲ့ဘဝကို တည်ဆောက်လာနိုင်မယ်ဆိုတာ ကေနအမှန်ဖြစ်ပါတယ်။** ဒါကြောင့် လူငယ်တွေ ဘဝတိုးတက်အောင်မြင်ကြဖို့ စာဖတ်ကြပါလို့ တိုက်တွန်းလိုက်ပါရစေ။ ။

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တောဓောတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၇-၉-၂၀၂၆ ရက်နေ့မှအဆက်)

**အရက်မူးမိန်းမများကို ဆုံးမချေချွတ်ခြင်း**

အမျိုးကောင်းသား ငါးရာတို့သည် သာဝတ္ထိပြည်၌ ၎င်းတို့၏မယားများကို လိမ္မာယဉ်ကျေးစေရန် ဝိသာခါ၏ အခြံအရံအဖြစ် အပ်နှံကြကုန်သည်။ တစ်နေ့သောအခါ၌ ခုနစ်ရက်လုံးလုံး သေရည်သောက်ပွဲကျင်းပကြသည်။ ၎င်းမိန်းမများသည် သူတို့၏ ခင်ပွန်းများအတွက် သေရည်အရက်ကို စီစဉ်ပေးကြသည်။ သူတို့ခင်ပွန်းများ သောက်၍ ကျန်သောအရက်များကို သောက်ကြပါသည်။

ထို့နောက် ဝိသာခါအား ဥယျာဉ်သို့ခေါ်၍ မဖွယ်မရာများပြုလုပ်ကြသည်။ ထိုအကြောင်းကို ခင်ပွန်းယောကျ်ားများ သိသောအခါ ထောင်းထုရိုက်နှက်ကြသည်။

ထို့နောက် နောက်တစ်ကြိမ် သေရည်သောက်ပွဲကျင်းပသောအခါ ယခင်နည်းတူ ခင်ပွန်းယောကျ်ားများ ကျန်သောအရက်ကို သောက်လိုကြသဖြင့် ဝိသာခါကိုလှည့်စားပြီး တရားနာသွားလိုကြောင်း ပြောသည်။ သေရည်အရက်များကို သူတို့ကိုယ်ရံထဲတွင်ထည့်ဝှက်၍ ဝိသာခါနှင့်အတူ ဘုရားကျောင်းတော်သို့ တရားနာသွားကြလေသည်။

၎င်းမိန်းမများသည် ကျောင်းတော်သို့ရောက်လျှင် သေရည်အရက်ကို သောက်ကြပြီး ဘူးခွံများကို လွှင့်ပစ်ကြလေသည်။ ၎င်းတို့သည် ဘုရားရှင်ရှေ့မှောက်သို့ရောက်သောအခါ ဝိသာခါက ဘုရားရှင်အား “ဤမိန်းမတို့သည် ဘုရားရှင်၏တရားကို နာလို၍ တရားဟောပေးရန် လျှောက်ထားလေသည်။ ထိုမိန်းမတို့သည် အရက်အရှိန်ကြောင့် ကိုယ်များတုန်လှုပ်ပြီး ကခုန်သီဆိုချင်စိတ်များ ပေါက်လာ၍ ကခုန်မြူးထူးပျော်ပါးကြကုန်၏။ ဤအခွင့်ကောင်းကိုယူ၍ မာရ်နတ်သည် ဝင်ပူးပြီး တချို့က လက်ခုပ်တီးပျော်ကြသည်။ တချို့က ကခုန်ရန် အားထုတ်ကြလေသည်။

ဘုရားရှင်သည် ဆင်ခြင်တော်မူသောအခါ မာရ်နတ်နောင့်ယှက်ဝင်ပူးသည်ကို သိတော်မူသည်။ မာရ်နတ်အား ဝင်မပူးစေလိုသောကြောင့် ဘုရားရှင်သည် ထိုမိန်းမများထိတ်လန့်စေရန် ညိုသောရောင်ခြည်တော်ကို လွှတ်တော်မူသည်။ ယင်းသို့ဖြင့် ခဏချင်းပင် မှောင်အတိဖြစ်လေသည်။ သေဘေးမှကြောက်လန့်သဖြင့် ၎င်းမိန်းမများ သောက်ထားသည့် အရက်ပင်ပြယ်သွားလေသည်။ ဘုရားရှင်သည် ပလ္လင်မှကွယ်ပျောက်၍ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူလျက် ဖြူသောရောင်ခြည်တော်တို့ကို လွှတ်ပြန်လေသည်။ လမင်းတစ်ထောင် လာဘိသကဲ့သို့ ဖြစ်လေ၏။

ဘုရားရှင်သည် ဤမိန်းမများအား ခေါ်၍ “သင်တို့သည် မှေလျော့နေခြင်းကြောင့် ငါဘုရားထံသို့ မလာသင့်။ သင်တို့ဤမှေမှေလျော့လျော့ဖြစ်ခြင်းကြောင့် မာရ်နတ်သည် အခွင့်ကောင်းကိုယူ၍ သင်တို့အား ရယ်ခြင်းကိုပြုစေဘိသည်။ ယခု သင်တို့သည် ရဟန်းငြိမ်းစေရန် အားထုတ်သင့်၏”ဟု မိန့်တော်မူလေသည်။ ဆက်လက်၍ “အခါခပ်သိမ်း ကိလေသာမီး တောက်လောင်နေကြသောသူတို့သည် အဘယ်ကြောင့် ပျော်မြူးရွှင်ပျော်နေခြင်းဖြစ်ဘိသနည်း။ အဘယ်ကြောင့်နှစ်လိုဝမ်းသာဘိသနည်း။ အဝိဇ္ဇာအမိုက်မှောင်ဖြင့် ပိတ်ဆီးထားသူများဖြစ်ပါလျက် အဘယ်ကြောင့် ပညာဆီမီးကို မရှာကြကုန်သနည်း”ဟု ဂါထာဖြင့်ဟောတော်မူသည်။

ဤတရားတော်များကို ထိုမိန်းမတို့ ကြားနာရခြင်းကြောင့် သောတာပန်များ ဖြစ်လေသည်။ ဘုရားရှင်သည် မြင်းမိုရ်တောင်ထိပ်မှသက်ဆင်း၍ ကြွတော်မူလာပြီး သူနေရာတွင် ထိုင်တော်မူလျက် ဝိသာခါနှင့် ထိုမိန်းမတို့အား သေရည်ပထမဆုံးဖြစ်ပေါ်လာပုံနှင့်တကွ သေရည်သည် လူတို့အား အကျိုးမဲ့ပျက်စီးစေကြောင်းပါရှိသော “ကုမ္ဘဇာတ်” ကိုလည်း ဟောကြားလေသည်။

**အနာထပိဏ်သူဌေးကြီး၏သား “ကာလ” မည်သော သတို့သားအကြောင်း**

အနာထပိဏ်သူဌေးကြီး၌ သားတစ်ဦးရှိသည်။ ၎င်းအမည်မှာ “ကာလ” ဖြစ်သည်။ ၎င်းသတို့သားသည် အိမ်သို့ကြွတော်မူသော ဘုရားရှင်အား ဖူးမြင်ရန်၊ တရားတော်ကိုနာရန်၊ သံဃာတော်များအား လုပ်ကျွေးရန်အလုပ်တို့တွင် လုပ်ကိုင်လိုသော ဆန္ဒအနည်းငယ်မျှ မရှိပေ။ ဤသို့နေသည်ကို မကြိုက်ပါ။ သားကို အကြိမ်ကြိမ်ဆုံးမသော်လည်း မရပါ။

ထိုအခါ သားသမီးကို ချစ်သည်ဖြစ်၍ အပါယ်ငရဲသို့ ကျရောက်မည်ကို စိုးရိမ်ကြောင့်ကြနေသည်။ ထို့ကြောင့် သားအားလိမ္မာလာစေရန်နှင့် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အပေါ် လုပ်ကျွေးပြုစုရန်အတွက် ဥစ္စာဖြင့် သားကိုစည်းရုံးအံ့ကြံ၍ သားကိုခေါ်ပြီး သူဌေးကြီးက “ချစ်သား ဥပုသ်စောင့်၍ ကျောင်းသို့သွားရန်၊ တရားနာပြီးမှ အိမ်သို့ပြန်လာရန် ဤသို့ပြုလျှင် ငွေတစ်ရာပေးအံ့”ဟု ဆိုလေသည်။ “ကာလ”သတို့သားသည် ဖခင်၏ဆုံးမစကားကို နားထောင်ချင်၍ လုပ်သည်မဟုတ်။ ငွေလိုချင်၍ ဥပုသ်ဆောက်တည်ရန် ကျောင်းသို့သွားသည်။ သို့သော် တရားကိုကားမနာဘဲ တစ်နေရာ၌အိပ်၍ အိမ်သို့ပြန်လာလေသည်။

သူဌေးကြီးသည် “ဥပုသ်ဆောက်တည်သည့် ငါ့သားအတွက် ယာဂု စသည်တို့ကို ယူခဲ့လော့”ဟု ခိုင်းစေ၍ပေးသည်။ သားသည်ယာဂုကိုမသုံးဆောင်ဘဲ ငွေတစ်ရာကိုသာ အတင်းတောင်းနေသည်။ သူဌေးကြီးက ငွေတစ်ရာပေးသည့်အခါမှ ယာဂုကို စားသောက်လေသည်။

နောက်တစ်နေ့နံနက်၌ သူဌေးကြီးသည် သားအား “ချစ်သား ဘုရားရှင်ရှေ့၌ နေထိုင်လျက် တရားတစ်ပိုဒ်ကို သင်ကြားမှတ်ယူလာပြီး ပြန်လာလျှင် သင့်အား ငွေတစ်ထောင်ပေးမည်”ဟု ဆိုလေသည်။ ကာလသတို့သားသည် ငွေကိုသာလိုချင်၍ ကျောင်းသို့သွားပြီး ဘုရားရှင်ရှေ့၌ တည်တည်နေလျက် တရားတစ်ပိုဒ်ကို မြန်မြန်သင်ယူပြီး ပြန်လာခဲ့နေသည်။ ဘုရားရှင်ကလည်း တရားတစ်ပိုဒ်ကို ကာလသတို့သားအား မမှတ်မိအောင်ပြုဆောင်ထားလေသည်။ ကာလသတို့သားသည် ထိုတရားတစ်ပိုဒ်ကိုပင် ထပ်ကာထပ်ကာမှတ်သားနာယူနေစဉ်မှာပင် သောတာပန်ဖြစ်သွားလေသည်။

နောက်တစ်နေ့နံနက်၌ ကာလသတို့သားသည် ဘုရားအမှူးရှိသော သံဃာတော်တို့နှင့်တကွ ဖြို့သို့ ဝင်လာခဲ့ပါသည်။ အိမ်ရောက်သော် သူသည် ဖခင်က သူ့အား ဘုရားရှင်ရှေ့တွင် ငွေကိုမပေးလျှင် ကောင်းလေစွပဟု စဉ်းစားသည်။ ငွေအတွက်ကြောင့် ငါဥပုသ်ဆောက်တည်သည်ကို မသိအောင် ဖခင်က ဖုံးကွယ်ထားလျှင် ကောင်းလေစွဟု ကြံလေပြန်သည်။ သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအား ယာဂုဆွမ်းတို့ကို ကပ်လှူပြီး သားအား လည်း ပေးလေသည်။ ကာလသတို့သားသည် ယာဂုကိုသောက်၍ ဆိတ်ဆိတ်နေလေသည်။

သူဌေးကြီးသည် ဘုရားရှင်ဆွမ်းဘုဉ်းပေးပြီးသောအခါ သားရှေ့၌ ငွေတစ်ထောင်ထုပ်ကို ချထားပြီး “သား ဥပုသ်ဆောက်တည်၍ ကျောင်းသို့သွားပြီး တရားနာသောကြောင့် ဤငွေတစ်ထောင်ထုပ်ကိုယူလော့”ဟု ဆိုလေသည်။

ထိုအခါ ကာလသတို့သားသည် “ဤငွေအား အလိုမရှိပါ”ဟု ဆိုလေသည်။ သူဌေးကြီးသည် သားအား ဆက်၍ ယူသာယူပါဟု ပေးလေသည်။ ကာလသတို့သားသည် မယူတဲ့နေလေသည်။

ထိုအချိန်တွင် သူဌေးကြီးက ဘုရားရှင်အား “မြတ်စွာဘုရား တပည့်တော်၏သားသည် ရှေ့က နှင့်မတူ ထူးခြားနေသည်။ ၎င်း၏အမူအရာကို တပည့်တော် နှစ်သက်လှပါဘိ”ဟု လျှောက်ထားသည်။ ထို့အပြင် သူ့သားအား ငွေတစ်ထောင်ပေး၍ ဥပုသ်စောင့် တရားနာခိုင်းကြောင်း အလုံးစုံကို လျှောက်ထားလေသည်။

ဘုရားရှင်က သူဌေးကြီးအား “သင်၏သားသည် သူသန္တာန်၌ ယနေ့တွင် စကြဝတေးမင်း စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ထက် သာလွန်သော သောတာပတ္တိဖိုလ်ဟူသော ဥစ္စာမြတ်ကို ရရှိတည်ရှိလေပြီ”ဟူ၍ မိန့်တော်မူသည်။ ဆက်၍ ဘုရားရှင်က “ဧကရာဇ် စကြဝတေးမင်းဖြစ်ရခြင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ရောက်ခြင်း၊ တစ်လောကလုံးကို အစိုးရခြင်း စသည်တို့ထက်သာလွန်ဖြင့်မြတ်သော သောတာပတ္တိဖိုလ်ရခြင်းကြောင့် အပါယ်တံခါးပိတ်သည်ဖြစ်သဖြင့် ကောင်းမြတ်လှပါပေ၏”ဟူ၍ ဂါထာဖြင့် ဟောကြားလေသည်။

**ဇရပ်ဆောက်လုပ်လှူဒါန်းသော ပုဏ္ဏားတစ်ဦးအကြောင်း**

သာဝတ္ထိပြည်၌ ပုဏ္ဏားတစ်ဦးသည် နံနက်စောစော၌ အိမ်မှထွက်၍ ရဟန်းများသင်္ကန်းရုံရာအရပ်သို့ သွားရောက်ကြည့်ရှုလေ့ရှိသည်။ ရဟန်းတစ်ပါး သင်္ကန်းရုံနေရာတွင် နှင်းများ စိုရွှဲနေသော မြက်ပင်များနှင့် သင်္ကန်းထိ၍ စိုသည်ကိုတွေ့ရသည်။ ထိုအခါ ပုဏ္ဏားသည် မြက်ပင်များကို ပေါက်တူးဖြင့် ရှင်းလင်းလေသည်။ နောက်တစ်နေ့၌လည်း ဤနေရာသို့သွား၍ ကြည့်ရှုသည်ရှိသော် သင်္ကန်းရုံနေသော ရဟန်းတစ်ပါး၏ သင်္ကန်းအစွန်းသည် မြေမှုန့်များဖြင့် ပေကျံသွားသည်ကို မြင်ရသည်။ ပုဏ္ဏားသည် ထိုနေရာကို သဲများဖြန့်ကြလေသည်။

နောက်တစ်နေ့၌လည်း နေပူကျဲကျဲတွင် ရဟန်းတစ်ပါးသည် ချွေးဒီးဒီးကျသည်ကို မြင်ရ၍ ကျယ်ပြန့်သောမဏ္ဍပ်ကို ဆောက်လုပ်ပေးပြန်သည်။ နောက်နေ့၌ တစ်ဖန်လာကြည့်ပြန်သော် မိုးများရွာ၍ ရဟန်းတို့၏ သင်္ကန်းများ စိုးစိုနေကြသည်ကို မြင်ရပြန်သည်။ ၎င်းသည် ထိုအရပ်တွင် ရဟန်းများနေထိုင်သင်္ကန်းဝတ်ရန် ဇရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းလေသည်။

ဇရပ်ဆောက်လုပ်ပြီးသည့်အခါ ဘုရားနှင့် တကွသော ရဟန်းများကိုပင့်ဖိတ်၍ ဆွမ်းများ ဆက်ကပ်လှူဒါန်းလေသည်။ ဆွမ်းကပ်လှူဒါန်း၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ ပုဏ္ဏားသည် “မြတ်စွာဘုရား တပည့်တော်သည် ရဟန်းများသင်္ကန်းရုံရန် အတွက် ဤအရပ်၌ ဤသို့အလုပ်များပြုလုပ်၍ ဤအမှုကို ပြုခဲ့ပါ၏”ဟု အစမှအဆုံးအထိ အလုံးစုံကို လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ပုဏ္ဏားအား “ပညာရှိသောသူတို့မည်သည် ကုသိုလ်ကောင်းမှုကို ခဏခဏပြုလေ့ရှိသည်။ ဤသို့ဖြင့် မိမိအပေါ်ဖြစ်လာမည့် အကုသိုလ်တို့ကို ပယ်ထုတ်ပစ်တတ်ကြကုန်၏”ဟူ၍ မိန့်တော်မူသည်။

ဘုရားရှင်သည် ဆက်လက်၍ **“ပန်းထိမ်သည်သည် ရွှေတွင်ကပ်လျက်ရှိသော အညစ်အကြေးများကို တဖြည်းဖြည်းထုတ်ပြန်သုတ်သင်ပြုလုပ်သကဲ့သို့ ပညာရှိတို့သည် မိမိတို့ငြိတွယ်ကပ်နေသည့် အကုသိုလ်တို့ကို အခွင့်အခါရတိုင်း တဖြည်းဖြည်းပစ်ပယ်ထုတ်တတ်ကြသည်”**ဟူ၍ ဂါထာဖြင့် ဟောတော်မူလေသည်။

ဤသို့ဖြင့် ဘုရားရှင်ဟောကြားသည့်တရားကို နာကြားရသောပုဏ္ဏားသည် သောတာပန်ဖြစ်သွားလေသည်။ **(ဆက်လက်ဖော်ပြပါမည်)**



**ဘုရားရှင်သည် ဆက်လက်၍ “ပန်းထိမ်သည် သည် ရွှေတွင်ကပ်လျက်ရှိသော အညစ်အကြေးများကို တဖြည်းဖြည်းထုတ်ပြန်သုတ်သင်ပြုလုပ်သကဲ့သို့ ပညာရှိတို့သည် မိမိတို့ငြိတွယ်ကပ်နေသည့် အကုသိုလ်တို့ကို အခွင့်အခါရတိုင်း တဖြည်းဖြည်းပစ်ပယ်ထုတ်တတ်ကြသည်” ဟူ၍ ဂါထာဖြင့်ဟောတော်မူလေသည်။ ဤသို့ဖြင့် ဘုရားရှင်ဟောကြားသည့်တရားကို နာကြားရသောပုဏ္ဏားသည် သောတာပန်ဖြစ်သွားလေသည်။**

# စူပါအယ်လ်နီညို့ကို နည်းပညာဖြင့် စောင့်ကြည့်ခြင်း

နိဇော်သစ်




ယခုတစ်ပတ်တွင် အယ်လ်နီညိုဖြစ်စဉ်ကို နည်းပညာဖြင့် ဘယ်လိုစောင့်ကြည့်နေခဲ့၍ စူပါအယ်လ်နီညိုဖြစ်စဉ်ကို ခန့်မှန်းနိုင်ခဲ့သလဲ မေးသည့် အနာဂတ်တွင် မည်သို့သော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်လာနိုင်သလဲဆိုသည်ကို ဘယ်လို ကြိုတင်ခန့်မှန်းထားလဲဆိုသည့်အကြောင်း တင်ပြပါမည်။

အယ်လ်နီညိုဆိုသည်မှာ အီကွေတာတစ်ဝိုက်ရှိ ပစိဖိတ်သမုဒ္ဒရာ ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက်မြင့်တက်လာပြီး သမုဒ္ဒရာနှင့် လေထုအကြား အပြန်အလှန်သက်ရောက်မှုများ ပြောင်းလဲသွားသည့် သဘာဝရာသီဥတုဖြစ်စဉ်။ ယင်းကြောင့် ကမ္ဘာ့ဒေသအသီးသီးတွင် မိုးရွာသွန်းမှုပုံစံ၊ အပူချိန်နှင့် လေထုလည်ပတ်မှုပုံစံများ ပြောင်းလဲနိုင်သည်။ အချို့ဒေသများ၌ မိုးခေါင်မှုနှင့် အပူလှိုင်းများ ပိုမိုပြင်းထန်လာနိုင်သကဲ့သို့ အခြားဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးမှုအန္တရာယ်များလည်း မြင့်တက်လာနိုင်သည်။ လက်ရှိ အယ်လ်နီညိုကို စူပါအယ်လ်နီညိုဟု ပြောဆိုရေးသားနေကြသည်မှာ သမိုင်းတစ်လျှောက် အဖြင့်ဆုံးဝင်လယ်ရေမျက်နှာပြင်အပူချိန်ကို ရောက်ရှိခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များကဖြစ်စဉ်လောက် အားကောင်းသောနိုင်သော သို့မဟုတ် ပိုအားကောင်းသွားနိုင်သော ဖြစ်စဉ်တစ်ခုကို မြင်တွေ့နေရ၍ဖြစ်သည်။

ထိုကဲ့သို့ ကမ္ဘာ့ဒေသများအနှံ့ သက်ရောက်မှုရှိနိုင်သည့်ဖြစ်စဉ်တစ်ခုကို စောင့်ကြည့်ရာတွင် မြေပြင်မှရာသီဥတုတိုင်းတာရေးကိရိယာများကိုသာ အားကိုး၍မရ။ ပြိုဟ်တုများ၊ သမုဒ္ဒရာအတွင်းရှိ အလိုအလျောက် တိုင်းတာရေးကိရိယာများ၊ ကွန်ပျူတာရာသီဥတုမော်ဒယ်များနှင့် ဉာဏ်ရည်တု နည်းပညာ (AI) တို့ကို ပေါင်းစပ်အသုံးပြုရသည်။

**ဘာတွေကို တိုင်းတာလေ့လာနေလဲ**

အယ်လ်နီညိုဖြစ်စဉ်ကိုနားလည်ရန် အရေးကြီးဆုံးအချက်တစ်ခုမှာ ပစိဖိတ်သမုဒ္ဒရာအတွင်း အပူဓာတ် မည်သို့ရွှေ့လျားနေသည်ကို သိရှိရန်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အပူချိန်ကို တိုင်းတာရုံဖြင့်မလုံလောက်။ သမုဒ္ဒရာရေထုအောက် ပိုင်းတွင် သိုလှောင်ထားသည့် အပူပမာဏနှင့် အပူဓာတ် ရွှေ့လျားသည့်ပုံစံများကလည်း အရေးပါသည်။ သမုဒ္ဒရာရေပူနွေးလာသောအခါ ရေထုသည် တိုးလာသဖြင့် ပင်လယ်ရေမျက်နှာပြင် အနည်းငယ် မြင့်တက်လာတတ်သည်။ ထို့ကြောင့် ရေမျက်နှာပြင် အမြင့်ကို တိကျစွာတိုင်းတာခြင်းဖြင့် သမုဒ္ဒရာအတွင်း အပူဓာတ်စုဝေးနေသည့်နေရာများကို ခြေရာခံနိုင်သည်။

ထို့ပြင် ပြိုဟ်တုများမှရရှိသည့် ရေမျက်နှာပြင်အပူချိန်၊ အမြင့်နှင့် အရောင်ဆိုင်ရာအချက်အလက်များကို သမုဒ္ဒရာအတွင်းရှိ ရေပေါ်တိုင်းတာရေးကိရိယာများ၊ သင်္ဘောများမှ တိုင်းတာချက်များနှင့် ပေါင်းစပ်စစ်ဆေးကြသည်။ ထိုအချက်အလက်များကို ကွန်ပျူတာမော်ဒယ်များထဲသို့ ထည့်သွင်းပြီး သမုဒ္ဒရာအပူချိန် မည်သို့ပြောင်းလဲလာနိုင်သလဲ၊ လေထုလည်ပတ်မှု မည်သို့ပြောင်းလဲနိုင်သလဲ၊ အကျိုးဆက်အဖြစ် မည်သည့်ဒေသများတွင် မိုးရွာသွန်းမှုပုံစံပြောင်းလဲနိုင်သည်တို့ကို ခန့်မှန်းကြသည်။

**တစ်ပတ်အတွင်း အပူချိန်ကွာခြားချက်**

အမေရိကန် အာကာသအေဂျင်စီ (နာဆာ)က ပစိဖိတ်သမုဒ္ဒရာမျက်နှာပြင်အပူချိန်ကို ပြိုဟ်တု အမျိုးမျိုးသုံး၍ ထောက်လှမ်းစစ်ဆေးပြီး ထုတ်ပြန်လျက်ရှိသည်။ ထိုအချက်အလက်များအရ လက်ရှိအနေအထားနှင့် သမိုင်းတွင်ဖြစ်ခဲ့သည့်အနေအထားတို့ကို နှိုင်းယှဉ်လေ့လာနိုင်သည်။ ပစိဖိတ်သမုဒ္ဒရာရေမျက်နှာပြင်အပူချိန်နှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကို နှိုင်းယှဉ်လေ့လာရာတွင် သီတင်းပတ်အလိုက် အပူချိန်ကွာခြားချက်နှင့် သုံးလပတ် အပူချိန်ကွာခြားချက်ဟူ၍ နှစ်မျိုးနှစ်စား လေ့လာသည်။

သီတင်းပတ်အလိုက် အပူချိန်ကွာခြားချက်ကို လေ့လာရာတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အတွင်း ပျမ်းမျှအပူချိန်ကွာခြားချက် ၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့သည်။ ဆိုလိုသည်မှာ ပစိဖိတ်ရေမျက်နှာပြင်သည် တစ်ပတ်အတွင်းမှာပင် ရေရည်ပျမ်းမျှအပူချိန်ထက် ၃ ဒသမ ၃ ဒီဂရီ မြင့်တက်ခဲ့သည်။ ယင်းမှာ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်နှင့် တူညီနေသည်။ ဒေသအလိုက် တိုင်းတာမှုများကို အတိတ်နှင့်နှိုင်းယှဉ်ကြည့်လျှင် ပိုမိုစိတ်ဝင်စားဖို့ကောင်းသည့် မြင်ကွင်းတစ်ခုကို တွေ့မြင်လာရသည်။

နီညို(၁၀+၂)ဟု အမည်ပေးထားသည့် တောင်အမေရိက ကမ်းရိုးတန်းအနီး ပြီးခဲ့သည့် တစ်ပတ်အတွင်း အပူချိန်မြင့်တက်မှုမှာ ၅ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့သည်။ ယင်းမှာ သမိုင်း တစ်လျှောက် အမြင့်ဆုံးဖြစ်ခဲ့သည့် ၁၉၈၃ ခုနှစ် ဇွန်လအတွင်း ၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ထက် ပိုမြင့်နေသည်။ နီညို(၃)ဟု အမည်ပေးထားသည့် တောင်အမေရိက ကမ်းလွန်ဒေသတွင် တစ်ပတ်အတွင်း အပူချိန်မြင့်တက်မှု ၄ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်ရှိခဲ့ပြီး အမြင့်ဆုံးဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ် နိုဝင်ဘာလအတွင်း ၃ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်ထက် ပိုမြင့်နေသည်။ အရှေ့ဘက်ပိုက္ခသည့် နီညို (၃.၄) ဒေသ၊ နီညို (၃)နှင့် (၄)တို့၏ ကြားဒေသဖြစ်ပြီး အယ်လ်နီညိုတွက်ချက်မှုများတွင် အသုံးအများဆုံးဒေသ၌လည်း တစ်ပတ်အတွင်း အပူချိန်မြင့်တက်မှု ၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ပြီး အမြင့်ဆုံးဖြစ်သည့် ၂၀၁၅ နိုဝင်ဘာအတွင်း ၃ ဒီဂရီဆဲလ်စီးယပ်ထက် ပိုမြင့်နေသည်။

**သုံးလပတ် အပူချိန်ကွာခြားချက်**

ပြီးခဲ့သည့် သုံးလပတ်အတွင်း ပစိဖိတ်သမုဒ္ဒရာ ပျမ်းမျှရေမျက်နှာပြင် အပူချိန်မြင့်တက်မှုမှာ ၁ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့သည်။ ယင်းမှာ အမြင့်ဆုံးဖြစ်ခဲ့ဖူးသည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီအထိ သုံးလပတ် အပူချိန်မြင့်တက်မှု ၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်အောက် လျော့နည်းနေဆဲဖြစ်သည်။ အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုအဖွဲ့ NOAA က လာမည့် အောက်တိုဘာ–ဒီဇင်ဘာ သုံးလပတ်တွင် ထိုစံချိန်ကို ကျော်လွန်သွားရန် ၈၃ ရာခိုင်နှုန်းသေချာကြောင်း ခန့်မှန်းထားသည်။

ဆိုလိုသည်မှာ သုံးလပတ်အပူချိန်မြင့်တက်မှုတွင် စံချိန်မတင်သေး။ သို့သော် စံချိန်တင်ထားသည့် သုံးလပတ်မှာ နိုဝင်ဘာ–ဇန်နဝါရီ သုံးလပတ်ဖြစ်နေသည်။ NOAA ၏ ခန့်မှန်းချက်အရဆိုလျှင် ယခုအကြိမ်၌ ထိုသုံးလပတ်ထက်စောသည့် ကာလအတွင်း စံချိန်ချိုးတော့မည်။

ထိုအချက်များကြောင့် ယခုနှစ် အယ်လ်နီညိုကို သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဖြစ်လာနိုင်သည့် စူပါအယ်လ်နီညိုဟု အမည်တပ်ထားခြင်းဖြစ်သည်။ ရှေ့ဆက် ဘာတွေဖြစ်လာနိုင်သလဲဆိုလျှင်တော့ ရာသီဥတုအဖွဲ့များ၏ ကြိုတင်ခန့်မှန်းချက်များကို ကြည့်ပါ။ ကုလသမဂ္ဂကမ္ဘာမြေလေဝသဌာန၏ ခန့်မှန်းချက်အရ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း အရှေ့အာဖရိက၊ အထူးသဖြင့်ဆိုမာလီယာ၊ကင်ညာနှင့် အီသီယိုးပီးယား တောင်ပိုင်းတို့တွင် ရေကြီးရေလျှံမှုများဖြစ်လာနိုင်သည်။ ယင်းမှာ မိုးခေါင်ရေရှားမှုထက် အသေအပျောက်၊ အပျက်အစီး ပိုများနိုင်သည့် အလားအလာတစ်ခုဖြစ်သည်။ အရှေ့တောင်အာရှတွင်မူ ထိုသုံးလပတ်အတွင်း တောမီးလောင်မှုနှင့် မြူမီးခိုးများ၏အန္တရာယ်ကို သတိထားကြရန် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သည့် မက္ကဆီကို၊ စပိန်၊ အီကွေဒေါ၊ ပြင်သစ်နှင့် မလေးရှားတို့မှ ရေကြီးရေလျှံမှုများမှာ စူပါအယ်လ်နီညိုဖြစ်စဉ်တစ်ခုတည်းကြောင့်ဟု ကောက်ချက်ချ၍မရနိုင် သော်လည်း သက်ရောက်မှုများပါဝင်နေသည်ကတော့ သေချာပါသည်။ ယခုတစ်ပတ်တွင် နည်းပညာအကြောင်းနည်းသွားသည်။ နောက်တစ်ပတ်တွင် ထိုသို့ကြိုတင်ခန့်မှန်းနိုင်ရန် မည်သည့်နည်းပညာများ သုံးထားသလဲဆိုသည်ကို တင်ပြသွားပါမည်။

# ကမ္ဘာ့သက်တမ်းအရင့်ဆုံး သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိ



တူကီယဲနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် တွေ့ရှိခဲ့သည့် သင်္ဘောပျက်တစ်စင်းသည် ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိဖူးသမျှ သက်တမ်းအရင့်ဆုံး သင်္ဘောပျက်ဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ယူဆထားကြသည်။ အဆိုပါသင်္ဘောပျက်တွင် ပါဝင်သည့် အိုးခွက် စသည့်ကုန်ပစ္စည်းအထောက်အထားများအရ ဘီစီ ၂၇၀၀ မှ ၂၄၀၀ ကြား (လွန်ခဲ့သော နှစ်ပေါင်း ၄၅၀၀ ခန့်)ကဖြစ်ကြောင်း ခန့်မှန်းထားသည်။

ထိုခန့်မှန်းချက်သာ မှန်ကန်ပါက လက်ရှိ သက်တမ်းအရင့်ဆုံး သင်္ဘောပျက်တွေ့ရှိမှု စံချိန်တင်ထားသည့် ဂရိနိုင်ငံ ဒိုကော့စ်ကမ်းလွန်၌ တွေ့ရှိခဲ့သော နှစ်ပေါင်း ၄၂၀ သက်တမ်းရှိ သင်္ဘောပျက်ထက်ပင် ပိုပိုရှေးကျနေသည်။ ထို့ပြင် ကြေးဝါခေတ်အစောပိုင်းကာလအတွင်း မြေထဲပင်လယ်ဒေသ၏ သမိုင်းဝင် ကုန်သွယ်ရေးနှင့် ဆက်ကြောင်းများကို အသစ်တစ်ဖန် ပြန်လည်ဆန်းစစ်စေနိုင် မည်ဖြစ်သည်။

တူကီယဲနိုင်ငံ အာခဲဒဲနစ်တက္ကသိုလ်မှ ဒုတိယပါမောက္ခ ဟာကန် အွန်နစ်သည် ၂၀၂၄ ခုနှစ်တွင် တူကီယဲနိုင်ငံ အနံတာလျာမြို့အနောက်ဘက်ကိုက်ဗာကမ်းလွန် ရေတိမ်ပိုင်း၌ ဒေသခံရေလုပ်သားများ၏ သဲလွန်စပေးချက်အရ ဤသင်္ဘောပျက်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရေအောက်တိုက်စားမှုများကြောင့် သင်္ဘော၏ သစ်သားကိုယ်ထည်မှာ ပျက်စီးပျောက်ကွယ်သွားပြီ ဖြစ်သော်လည်း ကျောက်ဆောင်တောင်စောင်းများတွင် ကပ်ကျန်ရစ်ခဲ့သည့် အိုးခွက်များမှ တစ်ဆင့် သင်္ဘော၏သက်တမ်းကို ခန့်မှန်းနိုင်ခဲ့ကြသည်။

ကျောက်ခဲက်များ၊ ရေမှော်များ ကပ်ငြိနေသည့် အဆိုပါမြေထည်အိုးများကို ရေလုပ်သမားများက လပေါင်းများစွာ ကြိုးပမ်းထုတ်ယူခဲ့ကြသည်။ အိုးများ၏ ပုံသဏ္ဌာန်နှင့် ပြုလုပ်ပုံနည်းစနစ်များသည် သင်္ဘောနှင့်ပါလာသည့် ကုန်ပစ္စည်းများ၏ သက်တမ်းကို သက်သေပြနေသည်။ ထို့အပြင် အိုးများအတွင်း သာမန်မျက်စိဖြင့်ပင် မြင်နိုင်သည့် ကုန်ပစ္စည်းအကြွင်းအကျန်များကိုလည်း တွေ့ရှိရသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၄၅၀၀ ခန့်က မြေထဲပင်လယ် ကုန်သည်များ သယ်ယူပို့ဆောင်ခဲ့သည့် ပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်မည့် အခွင့်အရေးရရှိလာခဲ့သည်။ အဆိုပါ ပါဝင်ပစ္စည်းများသည် အီဂျစ်ရှေးဟောင်း စာပေများတွင်ပါရှိသည့် သံလွင်ဆီ၊ ဝိုင် သို့မဟုတ် သစ်စက္ကူ/သစ်စက္ကူဆီများ ဖြစ်နိုင်ကြောင်း ယူဆရသည်။

လက်ရှိတွင် သုတေသနအဖွဲ့သည် အသေးစိတ် ဓာတ်ခွဲဆန်းစစ်မှုများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ပညာရှင်အချင်းချင်း စိစစ်သုံးသပ်သည့် စာတမ်းများကိုလည်း ထုတ်ဝေရန်ပြင်ဆင်နေကြသည်။ တူကီယဲတောင်ဘက် ကမ်းရိုးတန်းသည် ရှေးဟောင်းသင်္ဘော ပျက်များစွာ ကိန်းဝပ်ရာနေရာတစ်ခု ဖြစ်ရာ ဤတွေ့ရှိချက်သည် သမိုင်း မတင်မီခေတ် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးသမိုင်းအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။

Ref:scitechdaily

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြွရွင်လှုပ်မှု၊ စည်းကမ်းရှိမှု၊ ဇွဲလုံ့လနှင့် အသင်းအဖွဲ့ စိတ်ဓာတ်များ တိုးတက်လာစေရေးတို့ အတွက် ရည်ရွယ်ကျင်းပသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ဘောလုံးကွင်း၌ ကျင်းပသည်။



**ပြေးကြား**

ဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မျိုးသိန်းကျော်က တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသည် ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့်ကိုယ်ကာယဖွံ့ဖြိုးမှုတို့ ဟန်ချက်ညီစေရေး၊ စိတ်ဓာတ်ကြွရွင်လှုပ်မှု၊ စည်းကမ်းရှိမှု၊ ဇွဲလုံ့လနှင့် အသင်းအဖွဲ့ စိတ်ဓာတ်များ တိုးတက်လာစေရေးတို့ အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် ရှမ်းဇုန်နှင့် ရန်ကုန်ဇုန်တို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးရာ ရှမ်းဇုန်အသင်းက ရန်ကုန်ဇုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**ကျင်းပ**

အားကစားပြိုင်ပွဲ များတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ မွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန်ရှစ်ခု ခွဲကာ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ဘော်လီဘော၊ ဘောလုံးဟူ၍ အားကစားနည်း ခြောက်မျိုးဖြင့် အားကစားသမား ၃၉၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အားကစားနည်းအလိုက် Naypyitaw State Polytechnic University ရွှေကြာပင်အားကစားကွင်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (GTI) တို့တွင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကာ အောက်တိုဘာ ၂၅ ရက်မှ နိဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆-ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



မုံရွာ အောက်တိုဘာ ၂၅

၂၀၂၆-ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် မုံရွာခရိုင် အသင်းနှင့် ကောလင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ မုံရွာခရိုင် အသင်းက ကောလင်းခရိုင်အသင်းအား ၄ ဂိုး-၃ ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲတို့ကို ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရအားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်တို့က ပူးတွဲတတိယဆုရရှိသည့် ကလေး ခရိုင်အသင်းနှင့် ကသာခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီ ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဒုတိယဆုရရှိသည့် ကောလင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသည့် မုံရွာခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းနှင့် တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၂၀၂၆-ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို အောက်တိုဘာ(၂၁)ရက်မှ(၂၅) ရက်အထိ ယှဉ်ပြိုင်ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၁၄) ခရိုင်မှ ပြိုင်ပွဲဝင် အားကစားသမားစုစုပေါင်း ၁၈၂ ဦး ဝင်ရောက်ယှဉ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပင်းတယမြို့နယ်၌ ဓနုအမျိုးသားနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြို့မအားကစားကွင်းတွင် ယမန်နေ့မွန်းလွဲပိုင်း က ၂၀၂၆ ခုနှစ် (၉)ကြိမ်မြောက် ဓနုအမျိုးသားနေ့အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံနှင့် ဓနုအမျိုးသားအလံတော်အား အလေးပြုကြသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်(၁)(စီးပွားဘဏ္ဍာ) ဦးဟိန်းထက်ဇော်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲအား အောက်တိုဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၅၂ သင်းရှိကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ကမ္ဘာ့ထိပ်တန်း တက်ဂ်ဘောအသင်းများ ပါဝင်ယှဉ်ပြိုင်မည့် Teqball Tour Si Racha 2026 တွင် မြန်မာ့ Teqball လက်ရွေးစင်အားကစားသမား ခင်နှင်းဝေ(အာနိုး) Mixed Doubles ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ချန်ဘူရီခရိုင် စီရာချာမြို့ရှိ Pacific Hall, Pacific Park Si Racha တွင် ကျင်းပသည့် Teqball Tour Si Racha 2026 ပြိုင်ပွဲ၌ မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အသင်းသည် Men's Singles၊ Women's Singles၊ Mixed Doubles ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာအသင်းအပါအဝင် တက်ဂ်ဘောအားကစားနည်းကို စတင် တီထွင်ခဲ့သည့် ဟန်ဂေရီနိုင်ငံ ကမ္ဘာ့တက်ဂ်ဘော အားကစားတွင် ထိပ်သီးနိုင်ငံများဖြစ်သည့် ရိုမေးနီးယား၊ ပိုလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့အပြင် အာရှဒေသ ၏ ကမ္ဘာ့ထိပ်သီး ထိုင်း၊ အီရက်၊ ကူဝိတ်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယတို့အပါအဝင် နိုင်ငံအသီးသီးမှ ထိပ်တန်းကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယနေ့ Mixed Doubles ပထမပြိုင်ပွဲ ပွဲစဉ်အဖြစ် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေ(အာနိုး)သည် မလေးရှားအားကစားသမား Hameed နှင့် တွဲဖက်၍ လက်ရှိ ကမ္ဘာ့အဆင့် နံပါတ်(၇)တွင်ရှိသည့် အီရတ်အားကစားသမား များနှင့် ပထမပြိုင်ပွဲအား စတင်ယှဉ်ပြိုင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လက်ရှိကမ္ဘာ့အဆင့်နံပါတ်(၁) တွင်ရှိသည့် ဟန်ဂေရီ အားကစားသမားနှင့် ရိုမေးနီးယား အားကစားသမားအတွဲတို့နှင့် ဒုတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လက်ရှိကမ္ဘာ့အဆင့်နံပါတ်(၃)တွင်ရှိသည့် ပိုလန်အသင်းမှ အားကစားသမားများနှင့် တတိယပြိုင်ပွဲ ပွဲစဉ်ကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။



Teqball Tour Si Racha 2026 ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြှင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့်ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် မြန်မာ့တက်ဂ်ဘော လက်ရွေးစင်အားကစားသမား ခင်နှင်းဝေ (အာနိုး)သည် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗြိတိန်လက်ဝှေ့ကျော် ဒယ်လ်တန်စမစ် ဒဗလျူဘီစီ လိုက်ဝယ်တာဝိတ်ကမ္ဘာချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့



ဗြိတိန်လက်ဝှေ့ကျော် ဒယ်လ်တန်စမစ်ဟာ အောက်တိုဘာ ၂၅ ရက်နံနက်ပိုင်းက ရုက်ဖိုးလ်မြို့၌ ဒိုမီနီကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား အယ်လ်ဘာတိုပူလိုနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ဒဗလျူဘီစီ လိုက်ဝယ်တာဝိတ် ကမ္ဘာချန်ပီယံခါးပတ်လုပွဲမှာ အယ်လ်ဘာတိုပူလိုကို အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ပါတယ်။

အသက် ၂၉ နှစ်အရွယ် ဒယ်လ်တန်စမစ်ဟာ အယ်လ်ဘာတိုပူလိုကို အနိုင်ရရှိခဲ့တာကြောင့် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ ပွဲစဉ် (၂၀) အထိ ရှုံးပွဲမရှိစံချိန်တင်ခဲ့ပါတယ်။ ဒယ်လ်တန်စမစ်ဟာ အယ်လ်ဘာတိုပူလိုကို ဒိုင်ပေးအမှတ် ၁၁၅-၁၁၃၊ ၁၁၆-၁၁၂ ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အယ်လ်ဘာတိုပူလိုဟာ သူ့ရဲ့ လက်ဝှေ့သမား ဘဝ ပရော်ဖက်ရှင်နယ် ပွဲစဉ် ၂၇ ပွဲမှာ နှစ်ပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ရတာလည်းဖြစ်ပါတယ်။

# ဘန်လေအသင်းက နစ်ကီဟာယန်းအား နည်းပြအဖြစ်မှ ထုတ်ပယ်



ချန်ပီယံရစ်ကလပ် ဘန်လေအသင်းဟာ နစ်ကီဟာယန်းအား အသင်း နည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

ဘန်လေအသင်းအနေနဲ့ နည်းပြနစ်ကီဟာယန်းကို ပွဲစဉ်စုစုပေါင်း ၁၄ ပွဲ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် ရလဒ်ပိုင်းဆိုးရွားမှုတွေကြောင့် အသင်း နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

နည်းပြနစ်ကီဟာယန်းရဲ့ ဘန်လေအသင်းနဲ့ နောက်ဆုံးပွဲစဉ်ဟာ အောက်တိုဘာ ၂၄ ရက်က လင်ကွန်းစီးတီးအသင်းနဲ့ပွဲစဉ်ဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဘန်လေအသင်းက လင်ကွန်းစီးတီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာ ဘန်လေအသင်းအနေနဲ့ ချန်ပီယံရှစ်အမှတ်ပေးဇယားမှာ အဆင့်(၂၂)နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

နစ်ကီဟာယန်းဟာ ၂၀၂၄ ခုနှစ်က ကလပ်ဘရဂ်ျအသင်းနဲ့အတူ ဘယ်လ်ဂျီယံပြည်တွင်းဆဖလားကိုလည်း ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဘန်လေအသင်းဟာ ချန်ပီယံရှစ်အဖွင့်ပွဲစဉ် ၁၂ ပွဲမှာ ပေးဂိုး ၂၅ ဂိုးအထိ ပေးခဲ့ရကာ ရလဒ်ပိုင်းလည်း ဆိုးရွားမှုဖြစ်ပေါ်ခဲ့တာကြောင့် နစ်ကီဟာယန်းကို အသင်းနည်းပြအဖြစ်ကနေထုတ်ပယ်ဖို့ ဆုံးဖြတ်ခဲ့တာလည်းဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ စပါးအသင်းမှ ဘရိုက်တန် အသင်းသို့ ပြောင်းရွှေ့သွားတဲ့ ခရိုအေးရှား နောက်တန်းကစားသမား လူကာဗူစကိုဗစ်အား နွေရာသီ ဈေးကွက်အတွင်း ခေါ်ယူရန်စီစဉ်လျက်ရှိပါတယ်။
- ရိုးမားအသင်းဟာ စပိန်ဘယ်နောက်ခံ ကစားသမား ဘယ်လ်ဒေးအား ခေါ်ယူရန်စိတ်ဝင်စားနေပြီး ဘယ်လ်ဒေးဟာ ပွဲထွက်ကစားချိန် တိုးမြှင့်မပေးပါက ဘာစီလိုနာအသင်း ကနေ ထွက်ခွာဖို့စီစဉ်နေတာဖြစ်ပါတယ်။
- အေစီမီလန်အသင်းဟာ မန်ယူနောက်တန်း ကစားသမား လီနိုင်းယိုရိုအား နွေရာသီ ဈေးကွက်အတွင်းခေါ်ယူရန် ပစ်မှတ်ထား လျက်ရှိပါတယ်။

# စတမ်းဖို့ဒ်ဘရစ်ခ်ျ၌ ၃၆ နှစ်အတွင်း ချယ်လ်ဆီးအသင်းကို စပါးအသင်း ဒုတိယအကြိမ်နိုင်ပွဲရရှိ

ငွေကြေးရေးသားသည်



စပါးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၈)အဖြစ် ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ခ်ျ၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၇၇မိနစ်အထိ ဘယ်အသင်းကမှ ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ စပါးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၇မိနစ်မှာ ချယ်လ်ဆီးကစားသမား ပန်ဒါရဲ့ ကိုယ့်ဂိုးကိုပြန်သွင်းမိသလို ဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ၈၇ မိနစ်မှာ မက်သီတဲလဲရဲ့သွင်းဂိုးတို့ ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အိမ်ရှင်ချယ်လ်ဆီး အသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်းရင်း ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၈၀ မှာ ပယ်လ်မာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

တိုက်စစ်မှူး ပယ်လ်မာဟာ ယခုဘောလုံးရာသီ ပထမဆုံးအနိုင်ကတ် ပြသခံရပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြ အလွန်ဆိုအနေနဲ့ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ကာရာဘောင်ဇလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ ပယ်လ်မာမပါဘဲ ယှဉ်ပြိုင်ရတော့မှာဖြစ်ပါတယ်။

စပါးအသင်းဟာ ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ခ်ျ၌မှာ နိုင်ပွဲရရှိခဲ့ခြင်းဟာ နှစ်ပေါင်း ၃၆ နှစ်အတွင်း ဒုတိယအကြိမ် နိုင်ပွဲရရှိခဲ့တာလည်းဖြစ်ပါတယ်။

စပါးအသင်းဟာ လွန်ခဲ့တဲ့ ၃၆ နှစ်အတွင်း ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်းကို ပရီမီယာလိဂ်ပွဲစဉ် ၃၆ ပွဲသွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာမှာ ၁၁ ပွဲသရေ၊ ၂၄ ပွဲရှုံးပြီး တစ်ပွဲသာ အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။ အဲဒီနိုင်ပွဲကလည်း ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်က နည်းပြ ပိုချက်တီနိုလက်ထက်မှာ စပါးအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဒုတိယ စပါးအသင်းအနေနဲ့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဒုတိယမြောက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး ပထမနိုင်ပွဲကတော့ ပရီမီယာလိဂ် ပွဲစဉ်(၇)မှာ ကိုဗင်ထရီအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်ဖြစ်ပါတယ်။

စပါးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၁၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။



# အမေရိကန်နိုင်ငံက ၂၀၂၈ ခုနှစ် အမျိုးသမီးကလပ် ကမ္ဘာဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

အမေရိကန်နိုင်ငံဟာ ၂၀၂၈ ခုနှစ် ဧနှစ်ဝါရီလမှာ ကျင်းပမယ့် အမျိုးသမီးကလပ်ကမ္ဘာဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမှာဖြစ်တယ်လို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့ပါတယ်။

၂၀၂၈ ခုနှစ် အမျိုးသမီးကလပ်ကမ္ဘာဖလားပြိုင်ပွဲကို အသင်းပေါင်း ၁၉ သင်းဖြင့် ကျင်းပမှာဖြစ်ပြီး အဲဒီအသင်းတွေထဲမှာ အာဆင်နယ် အမျိုးသမီးအသင်းလည်း တစ်သင်းအပါအဝင်ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ ၂၀၂၅ ခုနှစ် အမျိုးသားကလပ်ကမ္ဘာဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သလို ၂၀၂၆ ခုနှစ် ကမ္ဘာဖလားပြိုင်ပွဲကိုလည်း မကြာဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံတို့နဲ့အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။

ဒုတိယ အမေရိကန်နိုင်ငံအနေနဲ့ ၂၀၃၁ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ကိုစတာရီကာနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့နဲ့အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာလည်း ဖြစ်ပါတယ်။

---

❍ UFC မှ

ဘရာဇီးဗိုက်တာ ပန်တိုဂျာကို အနိုင်ယူပြီး ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာကာ ၂၀၂၆ ခုနှစ်အတွင်း ချန်ပီယံကာကွယ်ပွဲ နှစ်ပွဲထိုးသတ်ရာ ခါးပတ်နှင့် ထိုက်တန်ကြောင်းပြသခဲ့ပြီး ပထမပွဲတွင် ဂျပန်ဖိုက်တာတက်ဆုရိုတိုင်ရာ၊ ဒုတိယပွဲတွင် ဘရာဇီးဗိုက်တာ ချန်ပီယံဟောင်း ပန်တိုဂျာကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ သတင်း - ရွှိုင်းထက်စော်၊ ဓာတ်ပုံ - UFC

နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။

ဂျိုရွှအာဗန်သည် ၂၀၂၆ ခုနှစ်အတွင်း ချန်ပီယံကာကွယ်ပွဲထိုးသတ်ရာ ပရိသတ်အကြိုက် စွမ်းဆောင်ရည်ကောင်းများပြသကာ ချန်ပီယံ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ကြေးမုံစာတည်းအဖွဲ့ ဖော်ပြပေးလျက်ရှိပါသည်။

# A Basic Spoken English Course

**ယခင်တစ်ပတ်က Lesson 10: Describing people (လူများကို ဖော်ပြခြင်း) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Describing people (လူများကို ဖော်ပြခြင်း) အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(ယခင်တစ်ပတ်မှအဆက်)**

**(4) Speaking Practice**

1. Who would you like to describe?
2. What is his or her name?
3. How old is he or she?
4. What does he or she look like?
5. What is he or she like?
6. What does he or she enjoy doing?
7. How does he or she help other people?
8. Why do you admire him or her?

**(5) Translate the following paragraphs into English.**

**Exercise 1: ကျွန်တော့်သူငယ်ချင်း**

ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း၏အမည်မှာ ကိုကိုဖြစ်သည်။ သူသည် အသက် ၁၃ နှစ်ရှိပြီး ကျွန်တော့်အတန်းဖော်ဖြစ်သည်။ သူသည် အရပ်အမောင်းအလယ်အလတ်ရှိပြီး ဆံပင်တိုတို၊ အနက်ရောင်ရှိသည်။ သူ့မျက်နှာသည် ဝိုင်းဝိုင်းလေးဖြစ်ပြီး အမြဲပြုံးနေတတ်သည်။ သူသည် ဖော်ရွေပြီး ရိုးသားကာ ကူညီတတ်သူဖြစ်သည်။ သူသည် ဘောလုံးကစားခြင်းနှင့် စာအုပ်ဖတ်ခြင်းကို နှစ်သက်သည်။ သူသည် စာသင်ရာတွင် အခက်အခဲရှိသော သူငယ်ချင်းများကိုလည်း ကူညီပေးတတ်သည်။ ကျွန်တော်တို့သည် ကျောင်းဆင်းပြီးနောက် အတူတူ ဘောလုံးကစားကြသည်။ သူသည် အမြဲကူညီတတ်သောကြောင့် ကျွန်တော် သူ့ကို လေးစားသည်။ သူကဲ့သို့သော သူငယ်ချင်းတစ်ယောက်ရှိသည့်အတွက် ကျွန်တော်ဝမ်းသာသည်။

**Glossary (ဝေါဟာရနှင့် အသုံးအနှုန်းများ)**

| No. | Myanmar | English |
|---|---|---|
| 1. | အချစ်ဆုံးသူငယ်ချင်း | best friend |
| 2. | အသက် ၁၃ နှစ်ရှိသော | thirteen years old |
| 3. | အတန်းဖော် | classmate |
| 4. | အရပ်အမောင်း အလယ်အလတ်ရှိသော | of medium height |
| 5. | ဆံပင်တိုတို | short hair |
| 6. | ဆံပင်အနက်ရောင် | black hair |
| 7. | မျက်နှာဝိုင်းဝိုင်း | a round face |
| 8. | အမြဲပြုံးနေတတ်သော | always smiling |
| 9. | ဖော်ရွေသော | friendly |
| 10. | ရိုးသားသော | honest |
| 11. | ကူညီတတ်သော | helpful |
| 12. | ဘောလုံးကစားခြင်း | playing football |
| 13. | စာအုပ်ဖတ်ခြင်း | reading books |
| 14. | နှစ်သက်သည် | enjoy / like |
| 15. | စာသင်ရာတွင် အခက်အခဲရှိသော | have difficulty with lessons |
| 16. | ကူညီပေးသည် | help |
| 17. | ကျောင်းဆင်းပြီးနောက် | after school |
| 18. | အတူတူ | together |
| 19. | လေးစားသည် | admire / respect |
| 20. | သောကြောင့် | because |
| 21. | သူကဲ့သို့သော သူငယ်ချင်း | a friend like him |
| 22. | ရှိသည့်အတွက် ဝမ်းသာသည် | be happy to have |

**Useful Sentence Patterns**

1. My best friend's name is + Name.
(အချစ်ဆုံးသူငယ်ချင်း၏အမည်မှာ … ဖြစ်သည်။)
2. He is + age + years old. (သူသည် အသက် … နှစ်ရှိသည်။)
3. He is of medium height.
(သူသည် အရပ်အမောင်း အလယ်အလတ်ရှိသည်။)
4. He has + adjective + hair. (သူ့တွင် … ဆံပင်ရှိသည်။)
5. He is + adjective + and + adjective. (သူသည် … ပြီး … သည်။)
6. He enjoys + V-ing. (သူသည် … ခြင်းကို နှစ်သက်သည်။)
7. We + verb + together after school.
(ကျွန်တော်တို့သည် ကျောင်းဆင်း ပြီးနောက် အတူတူ … ကြသည်။)
8. I admire him because + sentence.
(… သောကြောင့် ကျွန်တော် သူ့ကို လေးစားသည်။)
9. I am happy to have + noun.
(… ရှိသည့်အတွက် ကျွန်တော် ဝမ်းသာသည်။)

မှတ်ရန်။ ။ He is (အရပ်၊ အသက်၊ စိတ်နေစိတ်ထား)၊ He has (ဆံပင်၊ မျက်နှာပုံစံ) နှင့် He enjoys + V-ing တို့ကို ခွဲခြားအသုံးပြုတတ်ရန် အရေးကြီးသည်။

**My best friend**

_____
_____
_____
_____
_____

**Exercise 2: ကျွန်မ၏မိခင်**

ကျွန်မ၏မိခင်အမည်မှာ ဒေါ်ခင်ခင်ဖြစ်သည်။ သူမသည် အသက် ၃၈ နှစ်ရှိပြီဖြစ်သည်။ သူမသည် အရပ်အမောင်းအလယ်အလတ်ရှိပြီး ဆံပင်ရှည်ရှည်၊ အနက်ရောင်ရှိသည်။ သူမတွင် ဘဲဥပုံမျက်နှာနှင့် နွေးထွေးသောအပြုံးတစ်ခုရှိသည်။ သူမသည် ကြင်နာတတ်ပြီး စိတ်ရှည်ကာ အလုပ်ကြိုးစားသူဖြစ်သည်။ သူမသည် ဟင်းချက်ခြင်းနှင့် ပန်းပင်စိုက်ခြင်းကို နှစ်သက်သည်။ သူမသည် မိသားစုဝင်အားလုံးကို ဂရုစိုက်ပြီး ကျွန်မ၏စာများကိုလည်း ကူညီပေးတတ်သည်။ သူမသည် အလုပ်များသော်လည်း ကျွန်မအတွက် အချိန်ပေးတတ်သည်။ သူမသည် ကျွန်မကို အမြဲအားပေးသောကြောင့် ကျွန်မ သူမကို အလွန်ချစ်ပြီး လေးစားသည်။ သူမသည် ကျွန်မအတွက် အရေးအကြီးဆုံးပုဂ္ဂိုလ် တစ်ဦးဖြစ်သည်။

**Glossary (ဝေါဟာရနှင့် အသုံးအနှုန်းများ)**

| No. | Myanmar | English |
|---|---|---|
| 1. | ကျွန်မ၏မိခင် | my mother |
| 2. | အသက် ၃၈ နှစ်ရှိသော | thirty-eight years old |
| 3. | အရပ်အမောင်း အလယ်အလတ်ရှိသော | of medium height |
| 4. | ဆံပင်ရှည်ရှည် | long hair |
| 5. | ဆံပင်အနက်ရောင် | black hair |
| 6. | ဘဲဥပုံမျက်နှာ | an oval face |
| 7. | နွေးထွေးသောအပြုံး | a warm smile |
| 8. | ကြင်နာတတ်သော | kind |
| 9. | စိတ်ရှည်သော | patient |
| 10. | အလုပ်ကြိုးစားသော | hardworking |
| 11. | ဟင်းချက်ခြင်း | cooking |
| 12. | ပန်းပင်စိုက်ခြင်း | growing flowers |
| 13. | နှစ်သက်သည် | enjoy / like |
| 14. | မိသားစုဝင်အားလုံး | all family members |
| 15. | ဂရုစိုက်သည် | take care of |
| 16. | စာများကို ကူညီပေးသည် | help with lessons |
| 17. | အလုပ်များသော | busy |
| 18. | … သော်လည်း | although / even though |
| 19. | အချိန်ပေးသည် | make time for |
| 20. | အမြဲအားပေးသည် | always encourage |
| 21. | … သောကြောင့် | because |
| 22. | အလွန်ချစ်သည် | love very much |
| 23. | လေးစားသည် | admire / respect |
| 24. | အရေးအကြီးဆုံးပုဂ္ဂိုလ် | the most important person |
| 25. | ကျွန်မအတွက် | to me / for me |

**Useful Sentence Patterns**

1. My mother's name is + Name.
(ကျွန်မ၏မိခင်အမည်မှာ … ဖြစ်သည်။)
2. She is + age + years old. (သူမသည် အသက် … နှစ်ရှိသည်။)
3. She is of medium height.
(သူမသည် အရပ်အမောင်း အလယ်အလတ်ရှိသည်။)
3. She has + adjective + hair. (သူမတွင် … ဆံပင်ရှိသည်။)
4. She has an oval face and a warm smile.
(သူမတွင် ဘဲဥပုံမျက်နှာနှင့် နွေးထွေးသောအပြုံးရှိသည်။)
5. She is + adjective + and + adjective.
(သူမသည် … ပြီး … သည်။)
6. She enjoys + V-ing. (သူမသည် … ခြင်းကို နှစ်သက်သည်။)
7. She takes care of + noun. (သူမသည် … ကို ဂရုစိုက်သည်။)
8. Although she is + adjective, she + verb.
(သူမသည် … သော်လည်း … သည်။)
9. I love and admire her because + sentence.
(… သောကြောင့် ကျွန်မ သူမကို ချစ်ပြီး လေးစားသည်။)
10. She is the most important person to me.
(သူမသည် ကျွန်မအတွက် အရေးအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။)

မှတ်ရန်။ ။ She is ကို အသက်၊ အရပ်အမောင်းနှင့် စိတ်နေစိတ်ထား ဖော်ပြရာတွင် သုံးပါ။ She has ကို ဆံပင်နှင့် မျက်နှာပုံစံ ဖော်ပြရာတွင် သုံးပါ။ She enjoys + V-ing နှင့် Although + clause, main clause ပုံစံများကိုလည်း မှန်ကန်စွာ အသုံးပြုရန် လေ့ကျင့်ပါ။

**My mother**

_____
_____
_____
_____

**Exercise 3: ကျွန်တော်၏အင်္ဂလိပ်စာဆရာ**

ကျွန်တော်၏အင်္ဂလိပ်စာဆရာအမည်မှာ ဦးအောင်မင်းဖြစ်သည်။ သူသည် အသက် ၄၀ ခန့်ရှိပြီဖြစ်သည်။ သူသည် အရပ်ရှည်ပြီး ဆံပင်တိုတို၊ အနက်ရောင်ရှိသည်။ သူသည် မျက်မှန်တပ်လေ့ရှိသည်။ သူသည် စိတ်ရှည်ပြီး ဖော်ရွေကာ တာဝန်ကျေသူဖြစ်သည်။ သူသည် အင်္ဂလိပ်စာကို ရှင်းလင်းလွယ်ကူစွာ သင်ကြားပေးတတ်သည်။ ကျွန်တော်တို့ နားမလည်သောအခါ သူသည် ထပ်မံရှင်းပြပေးတတ်သည်။ သူသည် စာဖတ်ခြင်းကို နှစ်သက်ပြီး ကျွန်တော်တို့ကိုလည်း စာများများဖတ်ရန် အားပေးသည်။ သူ့ကြောင့် ကျွန်တော် အင်္ဂလိပ်စာကို ပိုမို စိတ်ဝင်စားလာသည်။ သူသည် ကျွန်တော် လေးစားအားကျရသော ဆရာတစ်ဦးဖြစ်သည်။

**Glossary (ဝေါဟာရနှင့် အသုံးအနှုန်းများ)**

| No. | Myanmar | English |
|---|---|---|
| 1. | ကျွန်တော်၏အင်္ဂလိပ်စာဆရာ | my English teacher |
| 2. | အသက် ၄၀ ခန့်ရှိသော | about forty years old |
| 3. | အရပ်ရှည်သော | tall |
| 4. | ဆံပင်တိုတို | short hair |
| 5. | ဆံပင်အနက်ရောင် | black hair |
| 6. | မျက်မှန်တပ်သည် | wear glasses |
| 7. | … လေ့ရှိသည် | usually / often |
| 8. | စိတ်ရှည်သော | patient |
| 9. | ဖော်ရွေသော | friendly |
| 10. | တာဝန်ကျေသော | responsible |
| 11. | ရှင်းလင်းလွယ်ကူစွာ | clearly and simply |
| 12. | သင်ကြားပေးသည် | teach |
| 13. | နားလည်သည် | understand |
| 14. | … သောအခါ | when |
| 15. | ထပ်မံရှင်းပြသည် | explain again |
| 16. | စာဖတ်ခြင်း | reading |
| 17. | နှစ်သက်သည် | enjoy / like |
| 18. | စာများများဖတ်ရန် | to read more books |
| 19. | အားပေးသည် | encourage |
| 20. | သူ့ကြောင့် | because of him |
| 21. | ပိုမိုစိတ်ဝင်စားလာသည် | become more interested in |
| 22. | အင်္ဂလိပ်စာ | English |
| 23. | လေးစားသည် | respect |
| 24. | အားကျသည် | admire |
